ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 6 May 2020 ၁၀၀၀၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မေ ၅

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

**ပြင်ဆင်ထား**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် ယခုလိုတွေ့ဆုံရသည်မှာ နယ်စပ်မှ ပြန်လည်ဝင်ရောက်လာမည့် အလုပ်သမားများ နေရပ်ပြန်လည်ဝင်ရောက်လာနိုင်ရေး ကိစ္စဖြစ်ပါကြောင်း၊ တချို့ခန့်မှန်းထားသည်မှာ အလုပ်သမားများ တစ်သိန်းခွဲခန့်ရှိမည်ဟု ခန့်မှန်းထားကြပြီး တချို့ကလည်း ၇၀၀၀၀၊ ၈၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြပါကြောင်း၊ မိမိတို့အနေဖြင့် အများဆုံးခန့်မှန်းထားသည့် တစ်သိန်းခွဲခန့်အတွက် ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် အများအပြား မဝင်သေးဟု သိရပါကြောင်း၊ အစုလိုက်အပြုံလိုက်ဝင်ရောက်လာခြင်းမရှိမှုသည်လည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးစဉ်။**



- **နေရပ် ပြန်လည်ဝင်ရောက်လာကြသူများ များပြားလာပါက ကရင်ပြည်နယ်အား မွန်ပြည်နယ်အနေဖြင့် ကူညီပေးရမည်**
- **ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးသည်မှာ နေရာအခက်အခဲကြောင့်ဖြစ်**
- **တစ်နေရာတည်းတွင် Quarantine လုပ်ဆောင်ရန်မှာ မဖြစ်နိုင်**
- **လက်တွေ့ကျကျဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်မည်ဆိုပါက ၎င်းတို့ မိသားစုများနှင့် နီးစပ်နိုင်မည်**


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ

# ရောဂါမပြန့်ပွားရေး တိတိကျကျလိုက်နာ

၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့တွင် ရောဂါပိုးတွေ့ရှိသူ လူနာအသစ် လေးဦးရှိသည်။ ဧပြီလ ၂၉ ရက်၊ ၃၀ ရက်နှင့် မေလ ၁ ရက်၊ ၂ ရက်နေ့အထိ လေးရက်တွင် ရောဂါပိုးတွေ့ရှိသူ တစ်ဦးသာရှိခဲ့သည်။ ရောဂါပိုးကူးစက်သူ မတွေ့ရှိခြင်းသည် ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေပြီး ပြည်သူ၊ ပြည်သားများ ဝမ်းမြောက်ပျော်ရွှင် စိတ်နှလုံးချမ်းမြေ့ကြမည်ဖြစ်သည်။

မေလ ၃ ရက်နေ့တွင် ဓာတ်ခွဲအတည်ပြု လူနာအသစ် လေးဦးတွေ့ရှိခဲ့ပြီး မေလ ၄ ရက်နေ့တွင် အတည်ပြုလူနာ ခြောက်ဦး ထပ်မံတွေ့ရှိခဲ့သည်။ ဧပြီလအတွင်း အသွားအလာကန့်သတ်ထိန်းချုပ်ထားမှု၊ ပြည်သူများ အသွားအလာ အနေအထိုင်ဆင်ခြင်မှု နောက်ဆက်တွဲအကျိုးဆက်အဖြစ် ရောဂါပိုးတွေ့ရှိသူလူနာအသစ် ပါးလျားခြားနားသွားပြီးနောက် ရောဂါရှိသူနှင့် ထိတွေ့မှုဖြစ်စဉ်အသစ်များကြောင့် အတည်ပြုလူနာအသစ်များ ပြန်လည်ပေါ်ထွက်လာသည်ဟု ယူဆမိပါသည်။

အထူးသဖြင့် ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် ဧပြီလအတွင်း ထိန်းထိန်းသိမ်းသိမ်း လိုက်နာနေထိုင်ခဲ့ကြသလောက် ဧပြီလကုန် မေလမှစ၍ မိမိတို့အရေးအရာကိစ္စများအတွက် ပြန်လည်လှုပ်ရှားသက်ဝင်လာသည်ကို မြင်တွေ့ရပါသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရောဂါပိုးတွေ့ရှိမှုအသစ် နည်းပါးခြင်းသည် ရောဂါကူးစက်မှု ပြီးပြတ်သွားခြင်းမဟုတ်ဘဲ ငုပ်လျှိုးနေခြင်းသာဖြစ်ပြီး စိတ်ချရသည့်အခြေအနေ အလှမ်းဝေးနေသေးသည်ကို ယခုလူနာအသစ်များ ထပ်မံတွေ့ခြင်းက သက်သေပြနေပြီဖြစ်သည်။

မြို့နေလူဦးရေနှင့် ရောဂါဖြစ်ပွားမှုဦးရေ အချိုးအစားမှာ နည်းပါးလှသဖြင့် ပေါ့ပေါ့ဆဆနေထိုင်လိုက်မည်ဆိုပါက အချိုးအစားတိုးကာ ကြောက်မက်ဖွယ်အခြေအနေသို့ ရောက်ရှိနိုင်သည့်အပြင် ယခုလက်ရှိ အနေအထိုင်ကျဉ်းကျပ်မှုထက် အဆပေါင်းများစွာ ခက်ခဲကျပ်တည်းသွားမည်ကို သတိချပ်ရမည်ဖြစ်သည်။ ရောဂါကာကွယ်ရေးအတွက် စောင့်ထိန်းရသည့်ကာလ မကြာလှသည်ကို အောင့်အည်းသည်းခံပြီး လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ မိမိတို့အကျိုးစီးပွားကို ဦးစားပေးမိပါက ဆင်းရဲဒုက္ခတာရှည်မည်ကို သိရှိထားရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးတွင် လောလောဆယ်၌ အထူးအလေးထားရမည့် ကိစ္စကြီးနှစ်ရပ်ရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးထားသည်။ ကျန်းမာရေးအရစစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပေးလိုက်သည့် စက်ရုံ၊ အလုပ်ရုံများ၏ အလုပ်သမားများအကြား ရောဂါမပြန့်ပွားရေးနှင့် နယ်စပ်ဒေသမှ ပြန်လာကြသည့် အလုပ်သမားများအကြား ရောဂါမပြန့်ပွားရေးတို့ဖြစ်သည်။ ရောဂါပိုးရှိသူသည် မည်သူမည်ဝါမှန်းမသိနိုင်သဖြင့် မဖြစ်မနေသွားလာလှုပ်ရှားရသော်လည်း ခပ်ခွာခွာနေရန်၊ ပါးစပ်နှင့်နှာခေါင်းကို ဖုံးအုပ်ထားရန်၊ လက်ကို ဆပ်ပြာနှင့်ဆေးကြောရန် အကြိမ်ကြိမ် အထပ်ထပ် မှာကြားနေကြခြင်း ဖြစ်သည်။

ထိန်းသိမ်းလိုက်နာရသည့် ကာလတစ်ခုကြာပြီးနောက်တွင် ပြည်သူများကြား၌ ပေါ့ပေါ့ဆဆ နေထိုင်လာကြသည်ကို တွေ့ရသည်။ လူစုလူဝေးကို ရှောင်ရှားခြင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်းတို့အား သတိမမူကြတော့သည်ကို တွေ့ရသည်။ ပြန်လည်ဖွင့်လှစ်ခွင့်ပေးလိုက်သည့် စက်ရုံ၊ အလုပ်ရုံများနှင့် နယ်စပ်မှ ပြန်လည်ဝင်ရောက်လာကြသူများသည် အထူးသတိထားလိုက်နာရမည့် ပတ်ဝန်းကျင်များဖြစ်သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်သူ၊ ပြည်သားများ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ စက်ရုံ၊ အလုပ်ရုံများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် ပြည်တော်ပြန်များနှင့်သက်ဆိုင်သည့် အစီအစဉ်များ၊ စည်းကမ်းများကို တိတိကျကျထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ရာ ရောဂါဘေးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို မလိုက်နာပါက ပြည်သူများပင် ဒုက္ခဆင်းရဲအခက်အခဲ သံသရာထဲတွင် ကြာရှည်စွာရောက်ရှိနိုင်ပြီး ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးအချက်များကို ပြည်သူအားလုံးက တိတိကျကျ လိုက်နာကြမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ပြီး ပြည်သူ၊ ပြည်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာကြမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၁၀,၀၀၀ | ၄,၁၀၀ | ၄၀,၅၀၂,၀၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၉,၁၄၂ | ၃၄,၇၉၀,၅၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၃,၀၀၀ | ၈၄၅ | ၁၉,၄၃၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄ | ၁၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၅

ရန်ကုန်(ရွှေဈေး) ၁၁၇၀၀၀၀ မန္တလေး(ရွှေဈေး) ၁၁၇၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၀/၄၅၅ ကျပ် | ၄၄၀/၄၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၂၀/၄၄၅ ကျပ် | ၄၈၅/၅၀၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၁၀ ကျပ် | ၃၃၀/၃၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀/၄၆၅ ကျပ် | ၄၅၅/၄၈၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၃၇၅/၃၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၃၈၅/၃၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၅/၃၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၆.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၃.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၇၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၀၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၂၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၁၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၆.၆၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၇.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၁၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးစဉ်။

- **COVID–19 နှင့်ပတ်သက်၍ အချိန်ကြာလာသည်နှင့်အမျှ ပေါ့ဆမည်ကို စိုးရိမ်**
- **ငြီးငွေ့ပြီး စည်းကမ်းမလိုက်နာမည်ကိုလည်း စိုးရိမ်**
- **Facilities Quarantine များသည် နိုင်ငံတော်အတွက် အကုန်အကျပိုများပြီး လူလည်းပင်ပန်း**
- **မိမိတို့၏မူမှာ တရားဝင်သွားသည်ဖြစ်စေ၊ တရားမဝင် သွားရောက်သည်ဖြစ်စေ ပြန်လည်လက်ခံမည်ဖြစ်**
- **သက်ဆိုင်ရာသို့ အသိပေးခြင်းမရှိဘဲ ပြန်လည်ဝင်ရောက်လာလျှင် အန္တရာယ်ရှိ**
- **တရားမဝင် အလုပ်သမားများအနေဖြင့်လည်း တရားဝင်အလုပ်သမားများကဲ့သို့ ယုံယုံကြည်ကြည်ဖြင့် ပြန်လည်ဝင်ရောက်နိုင်**

☆ ရှေ့ဖုံးမှ

မိမိတို့အတွက် သက်သာပါကြောင်း၊ ထိုင်းနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်မှာလည်း အဆင်ပြေသည်ဟု ထင်မြင်ပါကြောင်း၊ ကရင်ပြည်နယ်သည် အဓိကကျပါကြောင်း၊ ယခင်ဝင်ရောက်လာသည့် အများစုမှာ မြဝတီဘက်မှ တစ်ဆင့်ဝင်ရောက်ပြီး တခြားဒေသများသို့ သွားရောက်ကြပါကြောင်း၊ တချို့မှာ တနင်္သာရီတိုင်းဒေသကြီးဘက်မှ ဝင်ရောက်ကြပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပထမပိုင်းကာလက နေရပ်ပြန်လာသူ ၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့မှုအခြေအနေ၊ ဒုတိယပိုင်းကာလ နေရပ်ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် Quarantine Center များ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးဝန်ထမ်းများနှင့် အရေးပေါ်ကုသရေးလုပ်ငန်းများအတွက် ပြင်ဆင်ထားမှု၊ Quarantine ဝင်ရောက်နေသူများအတွက် INGO၊ NGO များနှင့် အလှူရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများနှင့် မော်တော်ယာဉ်များ စီမံထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက Facilities Quarantine များမှတစ်ဆင့် Complain တက်ပါက Hospital Quarantine ထားရှိရန် ဆောင်ရွက်ထားမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်နေမှု၊ မွန်ပြည်နယ်အတွင်း အသက်ရှူကူစက်များနှင့် ဆရာဝန်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့်အတွက် ထိရောက်မှုအခြေအနေ၊ ပထမကာလနေရပ်ပြန်လည်ဝင်ရောက်လာသူများ Quarantine ထားရှိခဲ့မှု၊ လက်ရှိတွင် နေရပ်ပြန်လည်ဝင်ရောက်လာသူများ Quarantine ဝင်ရောက်နေမှုနှင့် ပြည်နယ်အတွင်းလူဦးရေ ၇၈၀၀ ကျော်အား Quarantine ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ထပ်မံလိုအပ်လာပါက Quarantine Center ပြုလုပ်နိုင်ရန် လျာထားဆောင်ရွက်မှု၊ Quarantine Center များတွင် ရေနှင့် သန့်စင်ခန်းများ ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကျေးရွာများ၌ ၎င်းတို့ အစီအစဉ်ဖြင့် ကိုယ်တိုင်ချုပ် ပြန်လည်အသုံးပြုနိုင်သည့် Mask များ ဆောင်ရွက်နေမှုနှင့် ဖြန့်ဝေနေမှုအခြေအနေနှင့် COVID–19 ကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးသို့ ပထမပိုင်းကာလ နေရပ်ပြန်လည်ဝင်ရောက်လာသူ ၆၀၀၀ ကျော် ရောက်ရှိခဲ့မှုအခြေအနေ၊ ၎င်းတို့အား Facilities Quarantine ထားခဲ့ရှိမှုအခြေအနေ၊ သတ်မှတ်ရက်ကာလ ပြည့်မြောက်သည့်အတွက် နေအိမ်သို့ ပြန်သွားသည့်အခြေအနေ၊ မြဝတီမှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေစာရင်းရရှိမှု၊ ယင်းတို့အား သွားရောက်ကြိုဆိုရန် ပြင်ဆင်ထားရှိမှု၊ ပြန်လည်ဝင်ရောက်လာသူများထားရှိရန် Quarantine Center များ ပြင်ဆင်ထားရှိမှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နေထိုင်မည့်သူများအတွက် ဟိုတယ် Quarantine များ ပြင်ဆင်ထားရှိမှု၊ နွေရာသီကာလ ရေလိုအပ်ချက်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Facilities Quarantine များအား အလှူရှင်များနှင့် ပရဟိတအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှုနှင့် အများသုံးသန့်စင်ခန်း လိုအပ်မှုအတွက် ပူးပေါင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**စိတ်ဓာတ်အင်အားဖြစ်စေ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နေရပ်ပြန်လည်ဝင်ရောက်လာကြသူများ များပြားလာပါက ကရင်ပြည်နယ်အား မွန်ပြည်နယ်အနေဖြင့် ကူညီပေးရမည်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်တွင် Quarantine Center များရှိပါကြောင်း၊ အားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လုပ်ဆောင်နေကြပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့ဆောင်ပေးသည်မှာ နေရာအခက်အခဲကြောင့် ဖြစ်ပါကြောင်း၊ တစ်နေရာတည်းတွင် Quarantine လုပ်ဆောင်ရန်မှာမဖြစ်နိုင်ပါကြောင်း၊ လက်တွေ့ကျကျဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးနိုင်မည်ဆိုပါက ၎င်းတို့ မိသားစုများနှင့် နီးစပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းမှာလည်း စိတ်ဓာတ်အင်အား ဖြစ်စေပါကြောင်း၊ ကရင်ပြည်နယ်သို့ နေရပ်ပြန်လည်ဝင်ရောက်လာသူအရေအတွက် များလာပါက မွန်ပြည်နယ်သို့သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် Home Quarantine ထားသည်မှာ ခက်ခဲပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် Home Quarantine များ ဆောင်ရွက်ကြပါကြောင်း၊ Facilities Quarantine များစီစဉ်မပေးပါကြောင်း၊ သို့သော် မိမိတို့နိုင်ငံတွင် စတင်ဖြစ်ပွားချိန်မှစ၍ Home Quarantine ထားရှိခြင်းမှာ လက်တွေ့မကျပါကြောင်း၊ Facilities Quarantine ထားရှိခြင်းသည် နိုင်ငံတော်အတွက် အကုန်အကျ များပြားပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စေတနာရှင်များ၊ ပရဟိတများကို အားကိုးရခြင်းဖြစ်ပါကြောင်း။

**အသိပေးရန်လိုအပ်**

COVID–19 နှင့်ပတ်သက်၍ အချိန်ကြာလာသည်နှင့်အမျှ ပေါ့ဆမည်ကို စိုးရိမ်ပါကြောင်း၊ ထို့ပြင် ငြီးငွေ့ပြီး စည်းကမ်းမလိုက်နာမည်ကိုလည်း စိုးရိမ်ပါကြောင်း၊ Facilities Quarantine များသည် နိုင်ငံတော်အတွက် အကုန်အကျပိုများပြီး လူလည်းပင်ပန်းပါကြောင်း၊ မိမိတို့၏မူမှာတရားဝင်သွားသည်ဖြစ်စေ၊ တရားမဝင်သွားရောက်သည်ဖြစ်စေ ပြန်လည်လက်ခံမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးရန် လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာသို့ အသိပေးခြင်းမရှိဘဲ ပြန်လည်ဝင်ရောက်လာလျှင် အန္တရာယ်ရှိပါကြောင်း၊ တရားမဝင်အလုပ်သမားများအနေဖြင့်လည်း တရားဝင်အလုပ်သမားများကဲ့သို့ ယုံယုံကြည်ကြည်ဖြင့် ပြန်လည်ဝင်ရောက်နိုင်ပါကြောင်း၊ အားလုံးကို တန်းတူညီတူဆက်ဆံပါကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွက် မိုဘိုင်းသန့်စင်ခန်းများမျှဝေပေးရန် လိုအပ်ပါကြောင်း။

COVID–19 မှာ မည်သည့်အချိန်အထိ ကြာမြင့်မည်ကို မသိနိုင်ပါကြောင်း၊ မိမိတို့ပြည်သူများမှာ အင်မတန်စေတနာကောင်းမွန်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စေတနာကို အားကိုးဆောင်ရွက်နေရပါကြောင်း၊ Facilities Quarantine နေသူများကို ကူညီပေးနေသူများမှာ ပြည်သူများဖြစ်ပါကြောင်း၊ အလှူရှင်များအားလုံးမှာ ချမ်းသာသူများ မဟုတ်ပါကြောင်း၊ တချို့ပြည်သူများမှာလည်း တစ်ပိုင်တစ်နိုင် လှူဒါန်းပံ့ပိုးနေကြခြင်း ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံတော်ဘဏ္ဍာတစ်ခုတည်းကို အသုံးပြုရမည်ဆိုပါက လွယ်ကူနိုင်မည်မဟုတ်ပါကြောင်း၊ COVID–19 မှာ ကြာမြင့်နိုင်သည့်အတွက် တာဝေးပြေးအားကစားသမားများကဲ့သို့ စိတ်ကိုထားရမည်ဖြစ်ပြီး မိမိကိုယ်ကိုယ်လည်း ကျင့်ယူရမည်ဖြစ်ပါကြောင်း၊ Mask တပ်ခြင်းသည် ပြဿနာမဟုတ်ပါကြောင်း၊ အလေ့အကျင့်ဖြစ်သွားပါက အခက်အခဲမရှိတော့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အားလုံးအတွက် Mask များကို အလကားပေးနိုင်ရန်မှာ မဖြစ်နိုင်ပါကြောင်း၊ ကိုယ်တိုင်လုပ် Mask များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ချုပ်ပြီးတပ်ဆင်ခြင်းမှာ မိမိတို့နိုင်ငံနှင့် သင့်တော်သည်ဟုထင်မြင်ပါကြောင်း။

မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံမှုတွင် COVID–19 ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုတင်ပြင်ဆင်ထားရှိမှု အစီရင်ခံစာလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရောက်ရှိပြီထင်ပါကြောင်း၊ ယင်းအစီရင်ခံစာတွင် ဆောင်ရွက်ရမည်များ အသေးစိတ်ပါရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် COVID–19 နှင့်ပတ်သက်ပြီး စတင်ပြင်ဆင်ခဲ့သည်မှာ ဇန်နဝါရီလအစောပိုင်းကတည်းက ဖြစ်ပါကြောင်း၊ ယင်းဆောင်ရွက်မှုများမှာ အထောက်အကူဖြစ်စေပါကြောင်း၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

* စာမျက်နှာ ၃ မှ

ဇန်နဝါရီလမကုန်ခင်ကပင် ကျန်းမာရေးအတွက်သာမက စီးပွားရေးအတွက်ပါ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း၊ WHO က ကပ်ရောဂါအဖြစ် ကြေညာသည့်အခါ ယခင်အဖွဲ့ကို အခြေခံပြီး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း။

**လူဦးရေ သောင်းဂဏန်း**

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် ဆက်စပ်နေကြပါကြောင်း၊ ယခုအချိန်တွင် နယ်စပ်မှ ဝင်ရောက်လာမည့်သူများ များပြားပါကြောင်း၊ ပထမစိန်ခေါ်မှုလှိုင်းဖြစ်သည့် မတ်လအကုန်ပိုင်းက နေရပ်ပြန်လည်ဝင်ရောက်လာသူများ ပြန်လာသည့်အချိန်တွင် စိုးရိမ်ခဲ့ရပါကြောင်း၊ ၎င်းတို့အထဲမှ ရောဂါဖြစ်ပွားမည့်သူများ မည်မျှများပြားမည်ကို စိုးရိမ်ခဲ့ရပါကြောင်း၊ ရောဂါပါလာပါက ပြန့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကိုမည်သို့ ကိုင်တွယ်ရမည်ကို အကောင်းဆုံးပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သော်လည်း စိုးရိမ်ခဲ့ရပါကြောင်း၊ ယခုဒုတိယစိန်ခေါ်မှုတွင် လူဦးရေ သောင်းဂဏန်းနှင့်ချီ၍ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများမှာလည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေထိုင်ကြမည့်သူများမဟုတ်ဘဲ တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာ အရေးကြီးပါကြောင်း၊ ပြန်လည်လက်ခံရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်သို့ ပို့ဆောင်ရာတွင် ရောဂါပါလာသည့်သူများရှိပါက ရောဂါမပြန့်ပွားစေရန် ပထမဆုံး ကာကွယ်ရမည်မှာ ယခု ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း စီစဉ်ပေးမည်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှု မည်မျှပင်ကြီးမားပါစေ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူနှင့် အစိုးရကြားတွင်လည်း ပိုမိုယုံကြည်မှုရှိလာမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ပြည်သူများ၏ အကူအညီဖြင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ဘက်ကလည်း ပြည်သူများကို ပြန်လည်ကူညီရမည်ဖြစ်ပါကြောင်း၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရန် ပြည်သူများကို ထပ်တလဲလဲပြောရမည် ဖြစ်ပါကြောင်း၊ COVID-19 နှင့်စပ်လျဉ်း၍ အားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ထောင်စုဆိုသည်ကို မမေ့ကြစေလိုကြောင်း ပြောကြားသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ





**နေပြည်တော် မေ ၅**

ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၄/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ အစည်းအဝေး သုံးကြိမ်ကျင်းပခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်တာများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင်ပါရှိသည့် အကျုံးဝင်ရမည့် အချက်များနှင့်အညီစိစစ်၍ ကိုဗစ်-၁၉ ရောဂါရန်ပုံငွေမှ ချေးငွေ ထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း အခွန်ကောက်ခံမှုများ၊ လူမှုဖူလုံရေးထည့်ဝင်ကြေး ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ကြေး ကောက်ခံမှုများတွင် အချို့အားကင်းလွတ်ခွင့်ပြုခြင်း၊ နိုင်ငံပိုင်ဟိုတယ်ငှားရမ်းခများ ရွှေ့ဆိုင်းပေးခြင်း၊ ဗဟိုဘဏ်ကလည်း ဘဏ်တိုးနှုန်းများ ပြင်ဆင်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များနှင့် ချေးငွေထုတ်ပေးနိုင်ရေးဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးအတည်ပြုရန် ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါ ရန်ပုံငွေမှ ချေးငွေများ ဆောလျင်စွာ ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါကြောင့် အခက်အခဲဖြစ်ပေါ်နေသော အခြားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် အသင်းအဖွဲ့များက တင်ပြချက်များအပေါ် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ရောဂါ ရန်ပုံငွေမှ ချေးငွေတတိယအသုတ်အဖြစ် လုပ်ငန်း ၁၁၃ ခုကို တန်ဖိုးငွေကျပ် (၃ ဒသမ ၅၉၉၆) ဘီလီယံအား ထုတ်ပေးနိုင်ရေး ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်





**နေပြည်တော် မေ ၅**

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အဖွဲ့၏ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အဆိုပါ ဝန်ကြီးရုံး၌ ယနေ့မွန်းလွဲပိုင်းက Video Conference ဖြင့် ဆောင်ရွက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုကို အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အတွင်းရေးမှူးရုံးအဖွဲ့ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း Quarantine လုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ ပြည်သူတစ်ရပ်လုံး ပူးပေါင်းကူညီပါဝင်ဆောင်ရွက်နေကြသည်ကို အားလုံးအသိ ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံးဟုဆိုရာတွင် ပရဟိတသမားများ၊ စေတနာ့ဝန်ထမ်းများ၏ကဏ္ဍသည် အရေးကြီးပါကြောင်း၊ စေတနာ့ဝန်ထမ်းများကို လိုအပ်သောသင်တန်းများပေးခြင်း၊ တစ်ကိုယ်ရေအကာအကွယ်ပစ္စည်းများပံ့ပိုးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာနှင့် နားနေရန်များ လိုအပ်ပါကြောင်း၊ အစိုးရအနေဖြင့် စေတနာ့ဝန်ထမ်းများကို လိုအပ်ချက်အလိုက် ဖြည့်ဆည်းပေးရန် ကြိုးပမ်းလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက ဦးဆောင်၍ သတ်မှတ်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန် ဤညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုကြရန် လိုအပ်ပါကြောင်း၊ အဖွဲ့၏လုပ်ငန်းတာဝန်များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများဆိုင်ရာ သတင်းအချက်အလက်များနှင့် လိုအပ်ချက်များကို ဆန်းစစ်၍ ပံ့ပိုးကူညီပေးရန်အတွက် မြို့နယ် စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ကို သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွဲ့စည်းပေးရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေလိုအပ်ချက်များကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ကြိုးပမ်းပေးကြရန်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များကို ဗဟိုအဖွဲ့က ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် Quarantine လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရာ၌ ပိုမိုထိရောက်စေရန် လိုအပ်သောသင်တန်းများ ပေးခြင်းကိုလည်း စီစဉ်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့ပူးပေါင်း၍ စေတနာ့ဝန်ထမ်း လက်စွဲစာအုပ်ကို ပြုစုရေးသားပြီးဖြစ်ပါကြောင်း၊ Quarantine လုပ်ငန်းစဉ်များတွင် လက်ရှိဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများစာရင်း၊ ထပ်မံ၍ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူဆောင်ရွက်လိုသူများ၏စာရင်းနှင့် စေတနာ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးမည့် စေတနာ့ဝန်ထမ်းဆရာဝန်များစာရင်းကိုလည်း ကောက်ယူပြီးဖြစ်ကြောင်း၊ ယနေ့မှစ၍ စေတနာ့ဝန်ထမ်းဆရာဝန်များအား ဆရာဖြစ်သင်တန်း (Training of Trainer) ကို အွန်လိုင်းမှတစ်ဆင့် သက်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများက သင်ကြားပေးနေပြီ ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ နားနေရန် အသုံးပြုနိုင်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရိပ်သာ၊ အဆောက်အအုံများစာရင်းကိုလည်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရရှိထားပြီးဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများဦးရေနှင့် ရိပ်သာ အဆောက်အအုံများ လုံလောက်မှုရှိအောင် ဖြည့်ဆည်းပေးရန် ညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် သက်ဆိုင်ရာဒေသများအလိုက် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဝင် အတွင်းရေးမှူး (၁)၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် Quarantine နေရာများတွင် တာဝန်ထမ်းဆောင်ကြသည့် စေတနာ့ဝန်ထမ်းများအား သင်တန်းပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များက Quarantine နေရာများအပြင် အခြားကဏ္ဍများတွင် ဆောင်ရွက်ပေးနေသော Volunteer များအတွက်ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးကိစ္စများ၊ ကောက်ယူထားသည့် စေတနာ့ဝန်ထမ်းစာရင်းများကို စိစစ်ဆောင်ရွက်မည့်ကိစ္စများ၊ စေတနာ့ဝန်ထမ်းများ နားနေရန် လုံလောက်သည့် နေရာများရရှိနိုင်ရေးနှင့် မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့က ပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည့်ကိစ္စများကို အသီးသီးဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



# မိုးရာသီကာလတွင် အဖြစ်များသောရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၅**

မိုးရာသီကာလတွင် အဖြစ်များသောရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်ရေး Video Conferencing အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### အလေးထားဆောင်ရွက်

အစည်းအဝေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်စဉ်အတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်နေသော်လည်း အခြားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မိုးရာသီကာလကို ကျရောက်တော့မည်ဖြစ်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျား ရောဂါ၊ အသည်းရောင်အသားဝါအေနှင့် အီး၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ၊ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အပါအဝင် မိုးရာသီ၌ အဖြစ်များသော အခြားရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုများကို လျှော့ချနိုင်ရေး ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရရှိထားသော စာရင်းဇယားများအရ သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံ၌ ၂၀၁၇၊ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တို့တွင် စုစုပေါင်း ၈၀၀၀၀ ခန့် ဖြစ်ပွားပြီး၊ ၄၅၀ ခန့် သေဆုံးသည်ကို တွေ့ရပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် သီးခြားကုသရန် ဆေးမရှိဘဲ ရောဂါလက္ခဏာများ သက်သာရန်သာကုသပေးနိုင်သည့်ရောဂါဖြစ်ပြီး နှစ်စဉ်ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ ယခုလက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါထက်ပင်များပြားနေပါကြောင်း၊ အလားတူပင် အခြားကူးစက်ရောဂါများ၊ မကူးစက်နိုင်သောရောဂါများ၏ ဖြစ်ပွားမှုနှင့် သေဆုံးမှုများ လျှော့ချရန် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ သွေးလွန်တုပ်ကွေး ရောဂါသည် လူကြီးများတွင်လည်း ဖြစ်ပွားပြီး ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ပါကြောင်း။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ မည်မျှအတိုင်းအတာအထိ စနစ်ကျထိရောက်စွာဆောင်ရွက်နိုင်သည့် အတိုင်းအတာပေါ်တွင် ထင်ဟပ်နေပါကြောင်း၊ ထိုသို့အောင်မြင်မှုရရှိစေရေးအတွက် အဓိကအချက်ဖြစ်သော ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်လာရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ၌ ဆောင်ရွက်နေသော နည်းဗျူဟာများကဲ့သို့ပင် အသုံးပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သွေးလွန်တုပ်ကွေး ရောဂါကို သယ်ဆောင်သည့် ခြင်ကျားသည် နေအိမ်တွင်းနှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ရေကြည်ရေသန့်တွင် ပေါက်ဖွားခြင်းဖြစ်သည့်အတွက် လက်တွေ့ကျပြီး ထိရောက်သော နည်းဗျူဟာများကိုသုံး၍ ခြင်ပေါက်ပွားမှုနေရာများ လုံးဝမရှိအောင် ဆောင်ရွက်ပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်ရန် အကြောင်းမရှိပါကြောင်း၊ ခြင်ဥမှ လောက်လမ်းပေါက်ပွားခြင်းနှင့် သက်ကြီးခြင်ကျားကောင်အဖြစ်သို့ ရောက်ရှိခြင်း မရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနည်းဗျူဟာများအပြင် ပန်းအိုး၊ ရေအိုးစသည်တို့၏ အတွင်းနံရံများကို ပွတ်တိုက်ဆေးကြောခြင်း ပြုလုပ်မှသာ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်ပတ်ဝန်းကျင်တွင် ရေကြည်ရေသန့် ခိုအောင်းနိုင်သည့်နေရာများကို ဖယ်ရှားရှင်းလင်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာလျှင် ရောဂါဖြစ်ပွားမှုများ သိသာစွာကျဆင်းလာမည်ဖြစ်ပါကြောင်း။

### အမျိုးသားအဆင့် သတ်မှတ်ဆောင်ရွက်

ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားအဆင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် အူရောင်ငန်းဖျားရောဂါများအတွက် လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ကောင်းမွန်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် အစားအသောက်ကို စားသုံးခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းမှုကောင်းခြင်းတို့ဖြင့် ကာကွယ်နိုင်ပါကြောင်း၊ ယခုအခါ ပြည်သူများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ရေးအတွက် အသိပညာဗဟုသုတများ ယခင်ကထက် ပိုမိုကြွယ်ဝလာပြီဖြစ်သည့်အတွက် ရာသီတုပ်ကွေးရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ ပြည်သူ့ကျန်းမာရေးစီမံချက် (၆၈) ခုမှ တာဝန်ခံမန်နေဂျာများအနေဖြင့် ယခု ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နေရသည့်အချိန်ကာလ၌ မိမိတို့စီမံချက်ဆိုင်ရာ စာရင်းဇယားနှင့် သတင်းအချက်အလက် စနစ်ပြည့်စုံမှန်ကန် ကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်မွမ်းမံခြင်း၊ လုပ်ငန်းနည်းဗျူဟာများ ပြန်လည်ဆန်းစစ်မွမ်းမံခြင်းတို့ကို ဆောင်ရွက်ထားရှိစေလိုပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့်လည်း ဦးစီးဌာနမှ ဆောင်ရွက်နေသော သုတေသနများသည် ဝန်ကြီးဌာနရှိ ကျန်းမာရေးစီမံချက်လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မှုအခြေအနေကို ပြန်လည်ဆန်းစစ်စေပြီး ယခုထက်ပိုမိုလုပ်ဆောင်စေလိုပါကြောင်း၊ ကျန်းမာရေးစီမံချက်လုပ်ငန်းများနှင့် ဆေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီကာလ၌ဖြစ်သော ရောဂါများဆိုင်ရာ အသုံးချသုတေသနများ ပိုမိုလုပ်ဆောင်စေလိုပါကြောင်း။

### ထပ်ဆင့်ဖြန့်ဝေအသိပေး

ယခုကဲ့သို့ အသွားအလာကန့်သတ်ထားသည့် အချိန်ကာလအတွင်း၌ ကျန်းမာရေးစီမံချက်လုပ်ငန်းအလိုက် လုပ်ငန်းအစီအစဉ်အသေးစိတ်များကို တိုင်းဒေသကြီး/ပြည်နယ်များမှ သက်ဆိုင်ရာစီမံချက်တာဝန်ခံများနှင့် Video Conferencing ဖြင့် ဆွေးနွေး၍ ကိုဗစ်-၁၉ နောက်ပိုင်းကာလ၌ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ချမှတ်စေလိုပါကြောင်း၊ ထို့အပြင် ကျန်းမာရေးစီမံချက်လုပ်ငန်းများအနေဖြင့် ၎င်းတို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် Video Conferencing ကို အသုံးပြု၍ ကိုဗစ်-၁၉ ပြီးဆုံးကာလ၌ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနမှ ဖြန့်ဝေထားသည့် Mobile Tablet များကို အထူးဦးစားပေးအသုံးပြု၍ မိုးရာသီတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းအချက်အလက် ပေးပို့ခြင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများပေးခြင်း စသည်တို့ကို ဆောင်ရွက်စေလိုပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထူးဦးစားပေး၍ ဆောင်ရွက်နေသော်လည်း ကာလကြာရှည်စွာဆေးသောက်ရသည့် တီဘီရောဂါ၊ ခုခံကျရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ လူနာများအတွက် ဆေးဝါးများ မပြတ်လပ်စေရေးကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိုးရာသီကာလတွင် အဖြစ်များသော ရောဂါများ အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ပီပြင်ထိရောက်စေရန်အတွက် မြို့နယ်ဆရာဝန်များနှင့် အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များ၏ တက်ကြွစွာဆောင်ရွက်မှုနှင့် ပြည်သူများ၏ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ အထူးလိုအပ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆွေးနွေးချက်များနှင့် အကြံပြုချက်များကို မြို့နယ်ဆရာဝန်များထံသို့လည်း ထပ်ဆင့်ဖြန့်ဝေအသိပေးသွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက အမျိုးသားအဆင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် (၂၀၂၀) ရေးဆွဲထားရှိမှု၊ လုပ်ငန်းနည်းဗျူဟာများ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များကို လည်းကောင်း။

### ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းက မိုးရာသီကာလတွင် ရာသီတုပ်ကွေးရောဂါ ဖြစ်ပွားကူးစက်မှုများရှိမည်ဖြစ်သဖြင့် ကျန်းမာရေးဝန်ထမ်းများ လူနာများအား ကုသစောင့်ရှောက်မှုပေးစဉ် ရောဂါကူးစက်ခံရမှုဖြစ်ပွားနိုင်ခြင်း၊ ရာသီတုပ်ကွေးရောဂါရှိသူ ကျန်းမာရေးဝန်ထမ်းများထံမှ လူနာများထံ ရောဂါထပ်ဆင့်ပြန့်ပွားနိုင်ခြင်းတို့ကို ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း။

ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာတိုးသီရိအောင်က မိုးရာသီကာလတွင် သဘာဝဘေး အန္တရာယ်များကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများ နေထိုင်မည့်နေရာများ၊ ဒုက္ခသည်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ပြန့်ပွားကူးစက်မှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်းကောင်း။

အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက် မန်နေဂျာ ဒုတိညွှန်ကြားရေးမှူး ဒေါက်တာခင်စန္ဒာအောင်က မိုးရာသီကာလတွင် အသည်းရောင်အသားဝါ-အေ၊ အသည်းရောင်အသားဝါ-အီးနှင့် ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သံပြားကောင်ရောဂါ (Schistosomiasis) တို့ ဖြစ်ပွားမှု များပြားလာမည်ဖြစ်သည့်အတွက် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးကိစ္စရပ်ကိုလည်းကောင်း တင်ပြသည်။

ဆက်လက်၍ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရန်အတွက် အစီအစဉ်များ၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကျန်းမာရေးနှင့်အညီ ညောင်ရေသွန်းကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

"ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုသည့် အတိုင်း ကဆုန်လ ရောက်ပြီဆိုလျှင် အပူချိန်သည် ပုံမှန်ထက် မြင့်တက်လေ့ ရှိသည်။ ဧပြီလကတည်းကပင် တချို့သောဒေသများ၌ အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ် အထိပင်ရှိနေပြီ ဖြစ်သည်။ မေလအတွင်း အပူချိန် ဆက်လက်မြင့်တက်ဖွယ်ရာလည်း ရှိနေသည်။ သို့သော် မေလဆန်းပိုင်းတွင် မိုးရွာသွန်း ခဲ့သဖြင့် အပူချိန်နည်းနည်းလျော့သွားသည်။ နွေရာသီ တွင် ပူပြင်းခြောက်သွေ့မှုကြောင့် တချို့သောဒေသများ တွင် သောက်သုံးရေ ရှားပါးလေ့ရှိသည်။ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှုများ ရှိနေသော်လည်း အလှူဒါန ရက်ရောကြသည့် မြန်မာလူမျိုးတို့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ရေကိုရနိုင်သည့်နေရာမှ ပင်ပန်းကြီးစွာ သွားရောက် ခပ်ယူကာ မဟာဗောဓိညောင်ပင်အား ကုသိုလ်ဖြစ် ရေလောင်းလှူကြပါသည်။ ရှေးယခင် ကတည်းက ကျေးရွာ၊ ရပ်ကွက်အလိုက် ဘုရား၊ ကျောင်းကန်များရှိ မဟာဗောဓိညောင်ပင်များကို စုပေါင်း ရေလောင်းလှူကြသည့်ဓလေ့သည် မြန်မာ လူမျိုးတို့၏ ကောင်းမွန်သော အလေ့အထတစ်ခုပင် ဖြစ်သည်။

### ကဆုန်လဆိုသည်မှာ

ကဆုန်လသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် ဒုတိယလဖြစ်၍ ပြိဿရာသီနှင့်တူညီသည်။ ကဆုန်လ ကို မြန်မာ့မူအရ ပြိဿရာသီခေါ်၍ ထိုလတွင် စန်းယှဉ် နက္ခတ်မှာ ဝိသာခါနက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာ ဖြစ်သည်။ ရာသီရုပ်မှာ နွားလားရုပ် ဖြစ် သည်။ ရာသီပန်းကား စံကားပန်းဖြစ်၍ ရာသီပွဲတော် ကား ညောင်ရေသွန်းပွဲတော် ဖြစ်သည်။ ကဆုန်ကို ပုဂံခေတ်ကျောက်စာများတွင် ကုဆုန်ဟု ရေးထိုး ထားသည်။ ထိုမှတစ်ဆင့် ကဆုန်ဟူ၍ ရေးသားလာခြင်း ဖြစ်သည်။ ကု၊ က၏ အနက်အဓိပ္ပာယ်သည် ရေ ဖြစ်သည်။ ဆုန်၏ အနက်အဓိပ္ပာယ်သည် သွန်းလောင်းခြင်း ဖြစ်သည်။ ထို့ကြောင့် ကဆုန်လကို ရေသွန်းလောင်းလ၊ ရေလောင်းလဟု အဓိပ္ပာယ် ကောက်ယူနိုင်ပေသည်။

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ် သည်။ မြစ်၊ ချောင်း၊ အင်းအိုင်များ ရေခန်းခြောက်ချိန် ဖြစ်သည်။ သို့ရာတွင် မုတ်သုံမိုး တစ်ပြိုက်၊ နှစ်ပြိုက် ရွာသွန်းတတ်သဖြင့် မိုးရေစွတ်စိုသော မြေပြင်သည် တစ်မူထူးခြားသော မြေသင်းနံ့သင်းပျံ့ပျံ့ကို ရှူရှိုက် ရသော လလည်းဖြစ်သည်။ ရှေးမြန်မာများက ကဆုန် အတွင်း မြေသင်းပျံ့ပျံ့ မိုးနံ့နံ့ဟု ဆိုရိုးပြုခဲ့ကြသည်။ ကဆုန်လတွင် နေအပူရှိန် အပြင်းထန်ဆုံးအချိန် ဖြစ်သောကြောင့် တချို့သောဒေသများတွင် ရေရှားပါး ပြတ်လပ်ခန်းခြောက်မှုများ ကြုံတွေ့ကြရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်ကိုရည်မှန်းကာ ဗောဓိပင်အပွားတော်များကို သဒ္ဓါတရား ထက်သန်စွာ ဖြင့် ရေစင်သွန်းလောင်းလေ့ရှိကြသည်။ ထို့အပြင် ကဆုန်လပြည့်နေ့ကို ကဆုန်ညောင်ရေသွန်း ပွဲတော်အခါ သမယနေ့ဟုလည်း ခေါ်လေ့ရှိကြသည်။



"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ နိဗ္ဗာန်ကြွတော်မူ" ဆိုသည့်အတိုင်း ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာ ဝင်များ အထွတ်အမြတ်ထားရာ နေ့တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ဗျာဒိတ်ခံယူရရှိခြင်း၊ မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန် လပြည့်နေ့(သောကြာနေ့)တွင် ဘုရားအလောင်းတော်အား ဖွားမြင်တော်မူခြင်း၊ ဘုရားအလောင်းတော်သည် မဟာ သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့) တွင် သစ္စာလေးပါးကို သိမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ (အင်္ဂါနေ့)တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းနှင့် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း စသည့် အကြောင်းတရားလေးပါးနှင့် ပြည့်စုံတော်မူသော နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။

### စွန့်လွှတ်မှုများစွာ

မြတ်စွာဘုရားအလောင်းတော်သည် ယခုလို ပူပြင်း လှသည့် နွေရာသီတွင် ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်တော် ခံယူပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီတော်ဖြည့်ကျင့်ခဲ့ရသည်။ ထိုကာလများတွင် မြတ်စွာဘုရားအလောင်းတော်သည် ဘဝပေါင်းများစွာကို ဖြတ်သန်းခဲ့ရပြီး အသက်၊ သွေး၊ ချွေးများစွာကို စွန့်လွှတ်ခဲ့ရ သည်။ အထူးသဖြင့် သာမန်ပုထုဇဉ်လူသားတို့ ပြုနိုင်ခဲသော ခန္တီပါရမီကို ဖြည့်ကျင့်နိုင်မှုပင် ဖြစ်သည်။ အလှူအတန်းနှင့် ပတ်သက်၍ ဇနီး၊ သား၊ သမီးများအပါအဝင် မိမိအသက် ကိုပင် ဘဝပေါင်းများစွာ၌ စွန့်လွှတ်လှူဒါန်းနိုင်ခဲ့ပေသည်။

မြတ်စွာဘုရား၏မိခင် သီရိမဟာ မာယာဒေဝီမိဖုရား ကြီးသည် ကိုယ်ဝန်နေ့စေ့လစေ့ ဖြစ်နေချိန်တွင် မွေးရပ်မြေ ဒေဝဒဟပြည်ရှိ ဆွေမျိုးများထံသို့ပြန်ပြီး ဘုရားလောင်းအား မီးဖွားသန့်စင်လိုသဖြင့် ကပိလဝတ်တိုင်းပြည်မှ ထွက်ခွာ ခဲ့ပါသည်။ ဘုရားလောင်း၏ဖခင် သုဒ္ဓေါဓနမင်းကြီးသည် မယ်တော်မာယာအား ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်နေသဖြင့် ထိုသို့ ခရီးရှည်မသွားရောက်ရန် အကြိမ်ကြိမ်တားဆီးခဲ့ပါ သည်။ သို့ရာတွင် မိဖုရားကြီး၏ဆန္ဒကို မလွန်ဆန်နိုင်သဖြင့် နောက်ဆုံးတွင် ဆွေမျိုးများထံသို့ သွားရောက်ရန် ခွင့်ပြု ပေးခဲ့ရသည်။ သုဒ္ဓေါဓနမင်းကြီး ထင်ထားသည့်အတိုင်းပင် ဘုရားအလောင်းတော်ကို လမ်းခုလတ်တွင် လုမ္ဗိနီ အမည်ရှိ အင်ကြင်းဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ ထို့ကြောင့် ဘုရားအလောင်းတော်ကို ယခုလိုပူပြင်းသည့် နွေရာသီ ကဆုန်လ၌ပင် ဖွားမြင်တော်မူခဲ့ခြင်း ဖြစ်သည်။

### သစ္စာလေးပါးကိုသိမြင်

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ၁၆ နှစ်အရွယ်တွင် ယသောဓရာမင်းသမီးနှင့် ထိမ်းမြား လက်ထပ်၍ မင်းစည်းစိမ်ကို နွေ၊ မိုး၊ ဆောင်း နန်းဆောင် သုံးခု၌ ၁၃ နှစ်ကြာ စံမြန်းတော်မူခဲ့သည်။ ထို့နောက် ဥယျာဉ်တော်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီး လေးပါးတို့ကို မြင်တွေ့ပြီးနောက် မအို၊ မနာ၊ မသေသော လမ်းစဉ်ကို ရှာဖွေရန်အတွက် တောထွက်တော်မူခဲ့သည်။ တောရပ်မြိုင်တွင် ခြောက်နှစ်ကြာ ဒုက္ကရစရိယာကျင့်ပြီး သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာ လေးပါးကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိ တော်မူခဲ့ခြင်း ဖြစ်သည်။ မလျှော့သောဇွဲလုံ့လဖြင့် စဉ်ဆက်မပြတ် အားထုတ်ကျင့်ကြံခဲ့ခြင်းကြောင့်သာ ချစ်ချစ်တောက်ပူပြင်းလှသည့် ကဆုန်လ၏ နေရောင် အောက်တွင် သစ္စာလေးပါးကို သိမြင်တော်မူ သော သုံးလောကထွတ်ထား မြတ်ဘုရားအဖြစ်သို့ ရောက်ရှိ တော်မူခဲ့ခြင်း ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်ရှိ တော်မူသည့်နေ့မှစပြီး သတ္တဝါများကိုကယ်တင်နိုင်ရန် အတွက် ညဥ့်အချိန်တွင် နှစ်နာရီခန့်သာ သတိတရားဖြင့် တရားမှတ် အနားယူခဲ့သည်မှလွဲ၍ လူ၊ နတ်၊ ဗြဟ္မာတို့အား ၄၅ ဝါတိုင်တိုင် အချိန်ပြည့်တရားတော်များ ဟောကြား သွန်သင်ဆုံးမခဲ့သည်။ ထိုသို့ ကရုဏာကြီးမားစွာဖြင့် သွန်သင်ဆုံးမ ဟောကြားနေရာမှ သက်တော် ၈၀ ပြည့်သည့်အချိန် သက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့ (အင်္ဂါနေ့)တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ မြတ်စွာ ဘုရားနှင့်ဆက်စပ်သော ထူးခြားသည့် ဖြစ်စဉ်များသည် ကဆုန်လပြည့်နေ့တွင် အများဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာများအတွက် အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။

ဆိုရလျှင် နှစ်စဉ် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓနေ့ပင် ဖြစ်သည်။ ထိုနေ့သည် ဗုဒ္ဓ ဘာသာဝင် မြန်မာလူမျိုးများ အတွက် ထူးခြားလေးနက်သော နေ့တစ်နေ့ဖြစ်သည်။ အကြောင်းမူကား ဘုရားအလောင်းတော်သည် လွန်ခဲ့ သော သက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာ လေးပါးကို သိမြင်တော်မူပြီး မြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ မြတ်စွာဘုရား အလောင်းတော် သည် ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီအပူချိန် အောက်တွင် သစ္စာလေးပါးတရားထူး တရားမြတ်ကို ထိုးထွင်းသိမြင်နိုင်အောင် ကျင့်ကြံအားထုတ်ခဲ့ရသည်။ ဘဝပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့ရသော ပါရမီ အဟုန်တို့ကြောင့် မာရ်နတ်နှောင့်ယှက်နေသည့် ကြားမှပင် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်ဝယ် သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်းသိမြင်နိုင်ခဲ့သည်။ ထိုအကြောင်း တရားများကြောင့် မြန်မာလူမျိုးတို့သည် ကဆုန်လပြည့် နေ့ကို အမြတ်ဆုံးနေ့အဖြစ် သတ်မှတ်ထားကြခြင်း ဖြစ်သည်။

### ကျန်းမာရေးနှင့်အညီ ညောင်ရေသွန်းကြပါစို့

အမှန်တော့ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်ခုနစ်ပါးတွင် မဟာဗောဓိညောင်ပင်လည်း ပါရှိသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မြတ်စွာ ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်ပိုင်း မဟာဗောဓိ ညောင်ပင်ကို မြတ်စွာဘုရားအဖြစ်ရည်မှန်းကာ နှစ်စဉ် ကဆုန်လပြည့်နေ့၌ အမွှေးနံ့သာရည်များဖြင့် ညောင်ရေ သွန်း ကုသိုလ်ပြုကြခြင်း ဖြစ်သည်။ ထိုသို့မြတ်စွာဘုရား အား ရည်မှန်း၍ ကုသိုလ်ပြုကြသောကြောင့် ယုံကြည်မှု သဒ္ဓါတရားအပေါ်မူတည်၍ အကျိုးပေးမှုများလည်း ကွာခြားလှပေသည်။

သို့သော် ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသဖြင့် လူစုလူဝေးဖြင့် ပြုလုပ်ရ သည့် အခမ်းအနားများ မပြုလုပ်ရန် နိုင်ငံတော် အစိုးရ က ပြည်သူသို့ ပန်ကြားထားရှိသည်။ ထို့ကြောင့် ယခုနှစ် တွင် ပြည်သူများအနေဖြင့် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ် နိုင်တော့မည် မဟုတ်ချေ။

မည်သို့ပင်ဆိုစေ ပြည်သူများအနေဖြင့် ကျန်းမာရေး နှင့်အညီ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ အပြင်မှ ပြန်ရောက်လျှင် လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်း၊ အဝတ်အစားများကို တစ်ခါတည်း လျှော်ဖွပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာပြီး ညောင်ရေသွန်းခြင်း၊ လူစုလူဝေးဖြင့် တစ်ပြိုင်တည်းမသွားဘဲ လူစုခွဲပြီး ညောင်ရေသွန်းခြင်းများ ပြုလုပ်သွားမည်ဆိုလျှင် ကုသိုလ်အထူး ရရှိနိုင်ပါသည်။ ထို့ကြောင့် ပြည်ထောင်စု ဖွား တိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် ဗုဒ္ဓ၏ ဖြစ်တော်စဉ်များ ပြည့်နှက်လွှမ်းခြုံလျက်ရှိသည့် ကဆုန် လပြည့်နေ့တွင် မြတ်စွာဘုရား ဟောကြားထားတော် မူခဲ့သည့် တရားတော်များနှင့်အညီ မြန်မာပီပီမေတ္တာ တရားကို အရင်းခံလျက် ဒါန၊ သီလ၊ ဘာဝနာများ ပွားများကာ ကောင်းမှုကုသိုလ်အစုစုကို ဆတက်ထမ်းပိုး ပြုလုပ်သွားနိုင်ကြပါစေ။ ။

ဘုရားလောင်းသိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော်ခုနစ်ပါးတွင် မဟာဗောဓိညောင်ပင် လည်း ပါရှိသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီး နောက်ပိုင်း မဟာဗောဓိညောင်ပင်ကို မြတ်စွာဘုရားအဖြစ် ရည်မှန်းကာ နှစ်စဉ် ကဆုန် လပြည့်နေ့၌ အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်း ကုသိုလ်ပြုကြခြင်းဖြစ်

## ကဆုန်လပြည့်ဗုဒ္ဓနေ့

❖ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့
ချမ်းမြေ့ပေစွ၊ မြတ်ဗုဒ္ဓ
ဓမ္မရေအေး၊ အမြိုက်ဆေး
တိုက်ကျွေးနာယူ၊ များပြည်သူ
ကြည်ဖြူသန့်ရှင်း၊ နှလုံးသွင်း
ရှင်းပဝေးကွာ၊ ဘေးဘယာ
ကင်းပါစေကြောင်း၊ ဆုခြွေတောင်း
ကောင်းကျိုးပြည့်စုံ၊ ဗုဒ္ဓဂုဏ်
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့။

❖ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့
ချမ်းမြေ့စေလို၊ ပင်ညောင်ညို
ရေချိုသွန်းလောင်း၊ အေးစေကြောင်း
ထောင်သောင်းပြည်သူ၊ ကုသိုလ်ယူ
ကြည်ဖြူမြေ့ချမ်း၊ ဘဝလမ်း
အေးချမ်းပါစေ၊ ဆုပန်ခြွေ
မသွေပြည့်ဝ၊ ကိုယ်စီရ
ဗုဒ္ဓမြတ်ဂုဏ်၊ လွှန်ပြည့်စုံ
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့။

❖ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့
ချမ်းမြေ့လွှန်းစွာ၊ ပြည့်မြန်မာ
သာယာစေကြောင်း၊ ဆုခြွေတောင်း
ထောင်သောင်းပိုလ်လူ၊ များပြည်သူ
ကြည်ဖြူဓိဋ္ဌာန်၊ စိတ်ရည်သန်
ကျောင်းကန်ဘုရား၊ ကိုယ်စီသွား
သုံးပါးရတနာ၊ ဆည်းကပ်ကာ
ဘယာခပ်သိမ်း၊ ရှောင်ခွာတိမ်း
အေးငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်
ဧကန်တောင့်တ၊ ရောက်လိုကြ
ဘဝဆက်ဆက်၊ လှူရေစက်
မပျက်ပြည့်စုံ၊ ရစေကုန်

❖ ကဆုန်လပြည့်ဗုဒ္ဓနေ့။
❖ ညောင်ရေသွန်းပွဲ နွဲပျော်မွေ့။
❖ မြန်ပြည်တစ်ဝန်းအေးချမ်းမြေ့။

မြင့်မိုရ်ဦး

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါ ကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးသန်းမြင့် | ကြည့်မြင်တိုင် | ၀၉-၂၅၀၃၅၅၃၉၆ |
| ၂။ | ဦးထွန်းဦး | စမ်းချောင်း | ၀၉-၇၉၉၆၅၇၁၄၃ |
| ၃။ | ဒေါ်နီလာယဉ် | အလုံ | ၀၉-၇၉၅၄၁၀၆၅၀ |
| ၄။ | ဦးသောင်းစိန် | ပန်းဘဲတန်း | ၀၉-၉၇၃၄၈၅၅၁၀ |
| ၅။ | ဦးစိုးအောင် | လသာ | ၀၉-၅၀၄၂၉၄၀ |
| ၆။ | ဦးဌေးဝင်း | လမ်းမတော် | ၀၉-၄၂၁၁၆၇၃၀၈ |
| ၇။ | ဦးကျော်ဝဏ္ဏစိုး | ဗိုလ်တထောင် | ၀၉-၅၀၅၀၇၈၇၉ |
| ၈။ | ဦးမြင့်ခိုင် | ပုဇွန်တောင် | ၀၉-၉၇၀၆၀၆၀၅၀ |
| ၉။ | ဒေါ်နွဲ့နွဲ့ရီ | ကျောက်တံတား | ၀၉-၅၀၈၈၉၂၅ |
| ၁၀။ | ဦးမောင်မူ | သာကေတ | ၀၉-၇၉၅၃၀၀၇၁၂ |
| ၁၁။ | ဒေါ်ကျင်သန်း | ဗဟန်း | ၀၁-၅၅၂၈၀၃ |
| ၁၂။ | မောင်ထိန်လင်း | ဗဟန်း | ၀၉-၂၅၀၁၈၉၁၃၆ |
| ၁၃။ | ဦးမျိုးလွင် | ဗဟန်း | ၀၉-၅၀၉၁၉၃၂ |
| ၁၄။ | ဦးမှတ်ကြီး | ဒဂုံ | ၀၉-၂၅၀၁၈၅၁၈၆ |
| ၁၅။ | ဦးဌေးမြင့် | ဆိပ်ကမ်း | ၀၉-၇၇၅၄၃၁၃၇၂ |
| ၁၆။ | ဦးမျိုးမောင်မောင်တင် | တာမွေ | ၀၉-၇၇၆၀၇၉၉၈၇ |
| ၁၇။ | ဦးမြင့်တင် | တာမွေ | ၀၉-၇၆၇၀၀၂၂၉၅ |
| ၁၈။ | ဒေါ်ကြူကြူဝင်း | ကမာရွတ် | ၀၉-၃၁၂၅၉၆၀၉ |
| ၁၉။ | ဦးသန်းလှိုင် | လှိုင် | ၀၉-၇၃၁၉၅၃၅၆ |
| ၂၀။ | ဦးဝင်းကိုကို | ရန်ကင်း | ၀၉-၃၃၄၄၇၈၈၀ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၃၂၉ | ၁၆၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၄၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၄၅၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၂၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၆၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၅-၅-၂၀၂၀ ရက်၊ ည(၁၁:၁၅)နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၂၁၅၄၄၅ | ၁၈၈၀၆၉ | ၇၀၁၂၉ |
| စပိန် | ၂၅၀၅၆၁ | ၁၅၄၇၁၈ | ၂၅၆၁၃ |
| အီတလီ | ၂၁၁၉၃၈ | ၈၂၈၇၉ | ၂၉၀၇၉ |
| ဗြိတိန် | ၁၉၀၅၈၄ | စိစစ်ဆဲ | ၂၈၇၃၄ |
| ပြင်သစ် | ၁၆၉၄၆၂ | ၅၁၃၇၁ | ၂၅၂၀၁ |
| ဂျာမနီ | ၁၆၆၃၀၄ | ၁၃၅၁၀၀ | ၆၉၉၃ |
| ရုရှား | ၁၅၅၃၇၀ | ၁၉၈၆၅ | ၁၄၅၁ |
| တူရကီ | ၁၂၇၆၅၉ | ၆၈၁၆၆ | ၃၄၆၁ |
| ဘရာဇီး | ၁၀၈၆၂၀ | ၄၅၈၁၅ | ၇၃၆၇ |
| အီရန် | ၉၉၉၇၀ | ၈၀၄၇၅ | ၆၃၄၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၉၁၄၀ | ၁၄၅၇ | ၁၈ |
| အင်ဒိုနီးရှား | ၁၂၀၇၁ | ၂၁၉၇ | ၈၇၂ |
| ဖိလစ်ပိုင် | ၉၆၈၄ | ၁၄၀၈ | ၆၃၇ |
| မလေးရှား | ၆၃၈၃ | ၄၅၆၇ | ၁၀၆ |
| ထိုင်း | ၂၉၈၈ | ၂၇၄၇ | ၅၄ |
| ဗီယက်နမ် | ၂၇၁ | ၂၃၂ | ၀ |
| မြန်မာ | ၁၆၁ | ၄၉ | ၆ |
| ဘရူနိုင်း | ၁၃၈ | ၁၃၁ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

COVID- 19
ရောဂါ
ကာကွယ်ဖို့
မိမိမှစ၍
စည်းကမ်းများကို
လိုက်နာစို့

facebook

အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# ကိုဗစ်–၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့ရဲ့ လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေဖို့ ဘာတွေဆောင်ရွက်နေသလဲ

တွေ့ဆုံမေးမြန်း
ရှင်မင်း
ဓာတ်ပုံ – ကျော်ဇင်ထိုက်

**ကိုဗစ်–၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အစိုးရအနေဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး လက်ရှိတွင် ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုရှိသည့် လုပ်ငန်းများကို ဦးစားပေးကဏ္ဍအလိုက် ချေးငွေထုတ်ချေးပေးသည့် အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ပြင် ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုများကို ကုစားသွားနိုင်ရန် Covid–19 Economic Relief Plan–CERP ကိုလည်း ထုတ်ပြန်ထားရှိပြီးဖြစ်သည်။**

**ထိုသို့ ကိုဗစ်–၁၉ ကြောင့် နိုင်ငံ့စီးပွား၊ ပြည်သူတို့၏ လူမှုစီးပွား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်–**

**မေး။ ။ ကိုဗစ်–၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ မထိခိုက်စေဖို့ ကုစားရေးကော်မတီတစ်ရပ်လည်း ဖွဲ့စည်းထားပါတယ်။ အမြဲတမ်းအတွင်းဝန်အနေနဲ့ ဒီကော်မတီမှာ ကော်မတီအတွင်းရေးမှူးအဖြစ် ထဲထဲဝင်ဝင် ဆောင်ရွက်နေတဲ့အတွက် ပထမဦးဆုံး ကော်မတီအနေနဲ့ လက်ရှိမှာ ရေတိုအဖြစ် အားစိုက်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်ကို သိပါရစေ။**

**ဖြေ။** ။ ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ အဲဒီကော်မတီမှာ စီးပွားရေးကဏ္ဍနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးတွေလည်း ပါဝင်ပါတယ်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီးတွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်လည်း ပါပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးနဲ့ ဖွဲ့စည်းလိုက်တာ ဖြစ်ပါတယ်။ ကော်မတီကို ပြီးခဲ့တဲ့ မတ်လ ၁၃ ရက်ကတည်းက ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒီလိုစဖွဲ့တဲ့ အချိန်မှာ ကော်မတီရဲ့ လုပ်ငန်းစဉ်က အဓိကကတော့ ကိုဗစ်–၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှုကို ကုစားပေးနိုင်ဖို့ပါ။

### ခွဲခြားပြီး အကောင်အထည်ဖော်

ဒီလို ကုစားပေးတဲ့အခါ ချက်ချင်းဆောင်ရွက်ရတာလည်းရှိတယ်။ လုပ်ငန်းတွေ ဆက်လည်ပတ်နိုင်အောင်၊ ဆက်လုပ်ကိုင်နိုင်အောင် လုပ်ပေးရတဲ့ ကိစ္စတွေရှိတယ်။ တချို့က ရေတိုလုပ်ဆောင်ရတယ်။ ရေရှည်လုပ်ဆောင်ပေးရမှာတွေလည်း ရှိတယ်။ ဒါကြောင့် ရေတိုရေရှည် ဆောင်ရွက်ရမှာတွေကို ခွဲခြားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါပြီ။



အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး

ကျွန်တော်တို့ဝန်ကြီးဌာနက ကော်မတီရဲ့ လုပ်ငန်းတွေမှာ အဓိကဆောင်ရွက်တဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီက ပုံမှန်အားဖြင့် နှစ်ပတ်တစ်ကြိမ်လောက် အစည်းအဝေးလုပ်ပါတယ်။ ဒီရက်မှာ ကိုဗစ်–၁၉ ကာကွယ်ဖို့အတွက် social distancing ရှိလာတော့ အစည်းအဝေးမလုပ်ဖြစ်ဘူး။ မေ ၅ ရက်နေ့မှ video conferencing နဲ့ အစည်းအဝေးလုပ်ဖို့ရှိတယ်။ ဒါက ကျွန်တော်တို့ ကော်မတီ ဖွဲ့စည်းမှုနဲ့ လုပ်ကိုင်ဆောင်ရွက်မှုပါ။ ကော်မတီက လတ်တလောမှာ လျာထားတဲ့ ချေးငွေ ဘီလီယံ ၁၀၀ ထဲက စီးပွားရေးလုပ်ငန်းတွေကို ဆက်လက်ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ချေးငွေထုတ်ပေးမယ့် ဦးစားပေး အစီအစဉ် အသေးစိတ်ကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ ချေးငွေ ထုတ်ချေးတာက ကော်မတီရဲ့ လုပ်ငန်းတစ်ခု၊ ကဏ္ဍတစ်ခုအနေနဲ့ ပါတာဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါ်တာကတော့ stimulus package လို့ ခေါ်တာပေါ့။ စီးပွားရေးကို ပြန်လည်လှုံ့ဆော်ဖို့ အစီအစဉ်တွေ ဆွဲတာဖြစ်ပါတယ်။ ဒီလိုအစီအစဉ်တွေ ဆွဲတဲ့အခါ အခွန်ပိုင်းဆိုင်ရာ ဖြေလျှော့မှုတွေ လုပ်ပေးတယ်။ တစ်ဖက်ကလည်း အားလုံးသိတဲ့အတိုင်း အတိုးနှုန်းတွေ ဖြေလျှော့ပေးတယ်။ ဘဏ်တွေ လုပ်ကိုင်လို့ အဆင်ပြေအောင် ဗဟိုဘဏ်က ဆောင်ရွက်ပေးတယ်။ လုပ်ငန်းရှင်တွေလည်း လုပ်လို့ ကိုင်လို့ အဆင်ပြေအောင်ပါ။ အတိုးနှုန်းဆိုရင်လည်း ချပေးတာ သုံးခါရှိပါပြီ။ ပထမ မတ် ၁၂ ရက်နေ့မှာ သုည ဒသမ ၅ ရာခိုင်နှုန်း ချပေးတယ်။ ပြီးတော့ တစ်ရာခိုင်နှုန်း ထပ်ချတယ်။ ထပ်ပြီးတော့ ၁ ဒသမ ၅ ရာခိုင်နှုန်း ထပ်ချပေးခဲ့ပါတယ်။

အတိုးနှုန်းတွေ ကျသွားခြင်းအားဖြင့် လုပ်ငန်းတွေ ပြန်လည်ပေးဆပ်ရမယ့်အပိုင်းမှာ သက်သောင့်သက်သာ ဖြစ်မှုတစ်ခုပါ။ ဒါတွေက ငွေကြေးပိုင်းဆိုင်ရာ မူဝါဒအရ ဗဟိုဘဏ်က ဆောင်ရွက်ပေးတာပါ။ နောက်တစ်ခုက လုပ်ငန်းတွေမှာ ငွေအခက်အခဲပေါ်သွားတာလည်း ရှိကြပါတယ်။ အလုပ်သမားတွေ လစာပေးဖို့ မရှိတဲ့ ကိစ္စမျိုးတွေ ဖြစ်တယ်။ လုပ်ငန်းဆက်လည်ပတ်ဖို့တောင် မရှိတော့တဲ့ လုပ်ငန်းတချို့လည်းရှိတယ်။ ဒါမျိုးတွေအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေထုတ်ပေးဖို့ဆိုပြီး အစိုးရက စီစဉ်ပေးတာရှိပါတယ်။ လုပ်ပေးလို့ရတဲ့ ကိစ္စတိုင်းကို အဆင်ပြေသွားအောင် လုပ်ပေးနေပါတယ်။ အတိုးနှုန်းချတာ၊ အခွန်လျှော့ပေးတာအပြင် ငွေကြေးအခက်အခဲပေါ် မူတည်ပြီးတော့ အလုပ်သမားတွေ လစာပေးဖို့ ခက်နေတဲ့ လုပ်ငန်းတွေ၊ ဆက်လည်ပတ်ဖို့ ခက်နေတဲ့ လုပ်ငန်းတွေအတွက်ကို နိုင်သလောက်အစိုးရက ဝင်ကူပေးတာပါ။

### ဦးစားပေး ချေးငွေထုတ်ချေးဖို့ စီစဉ်

ဝင်ကူပေးတဲ့အခါ ချေးငွေအတိုးနှုန်းက တော်တော်နည်းပါတယ်။ အတိုးနှုန်းက တစ်နှစ်ကိုမှ တစ်ရာကို တစ်ကျပ်၊ တစ်ရာခိုင်နှုန်းသာ ယူတာပါ။ ဒါကလည်း ဘဏ်စရိတ်ကျေရုံသာ အစိုးရက ယူတာပါ။ အပေါင်ပစ္စည်းလည်း မယူပါဘူး။ ဒီလို ထုတ်ချေးတဲ့အခါ ဘယ်လိုတွေ ဆောင်ရွက်ရသလဲဆိုတော့ ကော်မတီအနေနဲ့ ဘယ်ကဏ္ဍကို ဦးစားပေး ထုတ်ချေးရမလဲ စဉ်းစားရပါတယ်။ မတ်လအလယ်လောက်ကနေစပြီး အခက်အခဲတွေ ပေါ်တာက အထည်ချုပ်လုပ်ငန်းတွေ၊ ဖိနပ်ချုပ်လုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်းစသဖြင့် လုပ်ငန်းတွေမှာ အလုပ်သမားတွေအတွက် လစာပေးဖို့ အခက်အခဲတွေဖြစ်တယ်၊ ကုန်ကြမ်းအခက်အခဲဖြစ်တယ်၊ လုပ်ငန်းလည်ပတ်ဖို့ အခက်အခဲတွေ ဖြစ်လာတယ်။ ပြည်ပပို့ဖို့ အခက်အခဲတွေဖြစ်လာတယ်။ ဒီလိုစက်ရုံတွေမှာ အလုပ်သမားအင်အားကလည်း ၆၀၀၊ ၁၀၀၀ စသဖြင့် လုပ်သားအင်အား များပါတယ်။ ဒါကြောင့် အထည်ချုပ်လုပ်ငန်း၊ CMP လုပ်ငန်းတွေကို ဦးစားပေးမယ်။ တစ်ဆက်တည်းမှာပဲ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေကလည်း ပိတ်ရတာတွေရှိလာတယ်။ တချို့ ဟိုတယ်တွေမှာဆို ဝန်ထမ်းအင်အားလျှော့ရတာ ရှိလာတယ်။ ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေလည်း ထိခိုက်လာပါတယ်။ ဒီလုပ်ငန်းတွေနဲ့ ဆက်စပ်လုပ်ငန်းတွေလည်း ထိခိုက်လာတယ်။ ဒီလိုထိခိုက်မှုများတဲ့အတွက် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကို ဒုတိယဦးစားပေးသတ်မှတ်ခဲ့တယ်။ တတိယက အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဦးစားပေး ချေးငွေထုတ်ချေးဖို့ စီစဉ်ခဲ့ပါတယ်။

ဒီလိုသတ်မှတ်ပြီးတော့ ချေးငွေရယူမယ့်သူတွေ အကျုံးဝင်ရမယ့် အချက် ၁၀ ချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီဦးစားပေးကဏ္ဍ သုံးခုထဲမှာပါပြီးတော့ အချက် ၁၀ ချက်နဲ့ အကျုံးဝင်တဲ့သူတွေကို ချေးငွေထုတ်ပေးပါတယ်။ ဒီလို ထုတ်ပေးတဲ့အပိုင်းမှာ မတ်လ ၂၉ ရက်ကစပြီး ကြေညာချက်ထုတ်ကာ မတ် ၃၀ ရက်ကစပြီး လျှောက်လွှာတွေ စလက်ခံပါတယ်။ ဒီလို စလက်ခံပြီးတော့ ဧပြီ ၉ ရက်အထိ ရုံးပိတ်ရက်မထားဘဲ ၁၁ ရက်တိတိ လက်ခံခဲ့တယ်။ ရန်ကုန်မှာလည်း လက်ခံသလို တိုင်းဒေသကြီးနဲ့ ပြည်နယ် မြို့တော်တွေမှာလည်း လက်ခံခဲ့တာ ဖြစ်ပါတယ်။

**မေး။ ။ ချေးငွေ ဘီလီယံ ၁၀၀ ထုတ်ချေးပေးမှုအတွက် လျှောက်လွှာ ဘယ်လောက် လက်ခံရရှိပြီဆိုတာလည်း သိပါရစေ။**

**ဖြေ။** ။ လျှောက်လွှာက အွန်လိုင်းကပါ အပါအဝင် ၄၀၀၀ နီးနီးလောက် လက်ခံရရှိထားပါတယ်။ ထုတ်ချေးပေးတာကတော့ မများသေးပါဘူး။ ပထမအသုတ်မှာ ၈၅ စောင်၊ ဒုတိယအသုတ်မှာ ၁၁၃ စောင်ဆိုတော့ ၂၀၀ ပတ်ဝန်းကျင်ပဲ ရှိပါသေးတယ်။ ဒီအပတ်ထဲမှာလည်း ဆက်ပြီးထုတ်ပေးဖို့ ရှိပါတယ်။ ချေးထားတဲ့ငွေကလည်း အသုတ် နှစ်ခုအတွက် ၁၀ ဘီလီယံလောက်ပဲ ရှိပါသေးတယ်။ ကျွန်တော်တို့ ဘီလီယံ ၉၀ လောက် ထုတ်ချေးဖို့ ကျန်ပါသေးတယ်။ ဒါကို ဆက်ပြီး ထုတ်ပေးသွားပါမယ်။

**မေး။ ။ လျှောက်လွှာတွေကို ဘယ်လိုစိစစ်သလဲဆိုတာ သိပါရစေ။**

**ဖြေ။** ။ လျှောက်လွှာတွေကိုဘယ်လိုစိစစ်သလဲဆိုတော့ ပထမ လျှောက်လွှာဟာ သတ်မှတ်တဲ့ စာရွက်စာတမ်း ပြည့်စုံရဲ့လားဆိုတာ အရင်ဆုံးစိစစ်ပါတယ်။ ပြည့်စုံတယ်ဆိုရင် ဒုတိယအနေနဲ့ ဦးစားပေးကဏ္ဍ သုံးခုထဲမှာ ပါသလား၊ ပါရင်တော့ လက်ခံတယ်။ မပါရင်တော့ ပယ်ပါတယ်။ တတိယက သတ်မှတ်ချက် ၁၀ ချက်နဲ့ ကိုက်သလား ဆက်ပြီး စိစစ်ပါတယ်။ အားလုံးကိုက်ညီရင်တော့ လျှောက်လွှာလက်ခံပါတယ်။ ဒါက အပိုင်းတစ်ခုပါ။

ပြီးရင် ပဏာမ စိစစ်တဲ့အပိုင်းကို UMFCCI က ဦးဆောင်ပြီးလုပ်ပါတယ်။ အဲဒီမှာ သက်ဆိုင်ရာ လုပ်ငန်းတိုင်းရဲ့ အသင်းတွေ ရှိပါတယ်။ ဥပမာ ဟိုတယ်နဲ့ ပတ်သက်တာဆိုရင် ဟိုတယ်လုပ်ငန်းရှင်များအသင်းရှိတယ်။ ခရီးသွားဆိုရင်လည်း ခရီးသွားလုပ်ငန်းရှင်များအသင်းရှိတယ်။ အထည်ချုပ်ဆိုရင်လည်း သူ့ဆိုင်ရာအသင်းရှိတယ်။ UMFCCI ရဲ့ သက်ဆိုင်ရာ အသင်းအဖွဲ့တွေက တာဝန်ယူတယ်။ ပြီးတော့ ဌာနဆိုင်ရာတွေလည်း တွဲဖက်ပါဝင်ပါတယ်။ ပုဂ္ဂလိကရော၊ အစိုးရအပိုင်းကရော အားလုံးပါဝင်တဲ့ အဖွဲ့ကနေ စုပေါင်းပြီး စိစစ်ပါတယ်။ လျှောက်လွှာတွေ ပဏာမစိစစ်တဲ့အခါ လျှောက်လွှာနဲ့တွဲပါလာတဲ့ ဘဏ္ဍာရေးရှင်းတမ်းတို့၊ အလုပ်အကိုင်ခန့်ထားမှု အခြေအနေတို့၊ ဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်စသဖြင့် သူတို့တင်ပြလာတဲ့ စာရွက်စာတမ်းအပေါ် အခြေခံပြီးတော့ ပဏာမ စစ်လိုက်ပါတယ်။ စစ်ပြီးတဲ့အခါ သူတို့ကို ဘယ်လောက်ခွင့်ပြုသင့်တယ်ဆိုတာကို ပဏာမစစ်တဲ့အဖွဲ့က လျာထားပါတယ်။ သူတို့ တင်ပြသလောက်တော့ ရချင်မှ ရမှာပါ။ တချို့လည်း အများကြီးတင်ကြတယ်။ ဒီလိုတင်လာတဲ့အပေါ် အလုပ်သမား ဘယ်လောက်ခန့်ထားသလဲ၊ ဘဏ္ဍာရေးအခြေအနေဘယ်လိုရှိသလဲ။ လုပ်ငန်းလည်ပတ်မှုက ဘယ်လိုလဲ၊ ချေးငွေဖြစ်တဲ့အတွက် ကြောင့်ပါ။ တစ်နှစ်ပြည့်ရင် နိုင်ငံတော်ကို ပြန်လည်ဆပ်ရမှာပါ။ နိုင်ငံတော်က ဆုံးရှုံးသွားလို့ မရပါဘူး။

### အတိုးနှုန်းနည်း

နိုင်ငံတော်က ထုတ်ချေးပေးတဲ့အခါ အတိုးနှုန်းနည်းတဲ့အပြင် အပေါင်လည်း ယူမထားပါဘူး။ ယူမထားတဲ့အတွက် စိစစ်တဲ့အပိုင်းမှာ တင်သလောက်တော့ မပေးနိုင်ဘူး။ ပေးသင့်တဲ့ ပမာဏကို စိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ ထောက်ခံတင်ပြလာတဲ့ ပမာဏကို မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ကိုယ်စားလှယ်တွေပါတဲ့အဖွဲ့ကနေ ထပ်ပြီးစိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ စိစစ်ထားတဲ့ ပမာဏက သင့်၏၊ မသင့်၏ကို ထပ်ပြီး သုံးသပ်စိစစ်ပါတယ်။ ထပ်လျှော့တာမျိုးရှိသလို ထောက်ခံပေးတာလည်း ရှိပါတယ်။ နောက်ဆုံးမှာ မြန်မာနိုင်ငံ

စာမျက်နှာ ၉ သို့ ❖

**နိုင်ငံတော်က ထုတ်ချေးပေးတဲ့အခါ အတိုးနှုန်းနည်းတဲ့အပြင် အပေါင်လည်း ယူမထားပါဘူး။ ယူမထားတဲ့အတွက် စိစစ်တဲ့ အပိုင်းမှာ တင်သလောက်တော့ မပေးနိုင်ဘူး။ ပေးသင့်တဲ့ ပမာဏကို စိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ ထောက်ခံတင်ပြလာတဲ့ ပမာဏကို မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းက ကိုယ်စားလှယ်တွေပါတဲ့ အဖွဲ့ကနေ ထပ်ပြီးစိစစ်ပါတယ်။ ဒီလိုပဏာမ စိစစ်တဲ့အဖွဲ့ကနေ စိစစ်ထားတဲ့ ပမာဏက သင့်၏၊ မသင့်၏ကို ထပ်ပြီး သုံးသပ် စိစစ်ပါတယ်။ ထပ်လျှော့တာမျိုးရှိသလို ထောက်ခံပေးတာလည်း ရှိပါတယ်။**

**စိစစ်မှုလုပ်တဲ့အခါမှာ ဘာကို အခြေခံရသလဲဆိုတော့ လျှောက်ထားသူတွေ တင်ပြလာတဲ့ Financial Report၊ ဘဏ်ချေးငွေ ချေးထားသလားဆိုတာမျိုးကို စိစစ်ရတယ်။ တချို့က ထိခိုက်တာမှန်ပေမယ့် ဘဏ်မှာကလည်း အများကြီးချေးထားတယ်။ အခွန်ကလည်း သေချာမပေးဆောင်ထားဘူး။ လုပ်ငန်းလည်ပတ်မှု၊ ဝန်ထမ်းခန့်ထားမှု ဒါတွေကို ခြုံငုံစဉ်းစားတဲ့အခါ ချေးငွေချေးချင်သလောက် မဖြစ်နိုင်ဘူး။ လုပ်ငန်း လည်ပတ်နိုင်အောင်နဲ့ လုပ်သားလစာပေးနိုင်အောင် အဓိကစဉ်းစားပေးတယ်။ တကယ်လို့အားလုံး ကိုက်ညီရင်တော့ တင်ပြသလောက်ရတာတွေရှိပါတယ်။ ကိုယ့်အခြေအနေအရ ရကြတာဖြစ်ပါတယ်။**

❖ စာမျက်နှာ ၈ မှ

လက်မှတ်ရပြည်သူ့စာရင်းကိုင် များအသင်းက ဦးဆောင်တဲ့ အသေးစိတ်စိစစ်ရေးအဖွဲ့က ထောက်ခံတဲ့ ပမာဏအတိုင်း ကျွန်တော်တို့ ကော်မတီကနေ ထုတ်ချေးပေးပါတယ်။ ဒါတွေကတော့ စိစစ်တဲ့အပိုင်းပါ။ စိစစ်မှုက အပိုင်းသုံးပိုင်းလောက် ရှိပါတယ်။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက အဓိကဝန်ကြီးဌာနတစ်ခုအဖြစ် တာဝန်ယူထားတော့ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုပေါင်းစပ်ဆောင်ရွက်ပေးနေပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ဝန်ကြီးဌာနက ကော်မတီလုပ်ငန်းတစ်ခုလုံး လည်ပတ်ဖို့ တာဝန်ယူတယ်။ ဒါက နံပါတ်(၁) ပါ။ နံပါတ် (၂) အချက်ကတော့ အခုနကပြောတဲ့ ချေးငွေလုပ်ငန်းတွေအတွက် တာဝန်ယူအကောင်အထည်ဖော်ပေးတဲ့ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်အနေနဲ့ ကျွန်တော်က ဝန်ကြီးဌာနကိုယ်စားပြုပြီး ဆောင်ရွက်ပေးနေပါတယ်။ နောက်တစ်ခု ပြန်လည်ကုစားရေးအပိုင်းပါ။ ဒီအပိုင်းက ကျယ်ပြန့်ပါတယ်။ ကျယ်ပြန့်တော့ အစိုးရအစီအစဉ်နဲ့ ဆောင်ရွက်တဲ့အပြင် ပြည်ပမှာရှိတဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကနေ အကူအညီရအောင်လည်း ညှိနှိုင်းပေါင်းစပ်ပေးပါတယ်။ နောက်တစ်ခုက ကော်မတီလုပ်ငန်းစဉ်တွေမှာ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့အတွက် ကော်မတီကိုယ်စားပြုပြီး တာဝန်ယူဆောင်ရွက်နေပါတယ်။

**မေး။ ။ ဒါတွေက ရေတိုမှာ ပြေလည်သွားအောင် ကုစားဆောင်ရွက်တဲ့အပိုင်းလို့ ပြောလို့ရပါတယ်။ ရေရှည်အတွက် အဆင်ပြေအောင် ဘာတွေ ဆောင်ရွက်မယ်ဆိုတာလည်း သိပါရစေ။**

**ဖြေ။** ။ အားလုံးသိတဲ့အတိုင်းပဲ ဧပြီ ၂၈ ရက်နေ့က COVID-19 Economic Relief Plan-CERP ဆိုတာ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဒီအထဲမှာ ရေတိုလုပ်မယ့် လုပ်ငန်းစဉ်တွေ အကုန်လုံးပါပါတယ်။ ဒါက ၂၀၂၀ နှစ်ကုန်ပိုင်းအထိ ဘာတွေဆောင်ရွက်မယ်ဆိုတာကို အသေးစိတ်ရေးဆွဲထားတာပါ။ ရေတိုကုစားတဲ့အပိုင်းပါ။ ကာလလတ်၊ ကာလရှည်အတွက် လုပ်ရမှာတွေအတွက် DaNa Facility၊ UNCDF လို့ခေါ်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုနဲ့ International Trade Centre သုံးခုပေါင်းပြီး မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍမှာ ဘယ်ကဏ္ဍ ဘယ်လောက်ထိခိုက်သွားသလဲဆိုတာကို ထိခိုက်မှုဆန်းစစ်ခြင်း (Impact Assessment) စလုပ်နေပြီ။ Impact Assessment အပေါ်မူတည်ကာ ဘယ်ကဏ္ဍက ထိခိုက်ပြီး ပြန်လည်ကုစားဖို့အတွက်၊ ပြန်ထူထောင်ဖို့အတွက် ကုစားရေးအစီအစဉ်တွေကိုလည်း အသေးစိတ်ဆောင်ရွက်သွားမှာပါ။

အခုလုပ်နေတဲ့ Impact Assessment လုပ်ငန်းစဉ်ဆွဲတာက ၆ လပိုင်းလကုန်ဆိုရင် သာမန်အားဖြင့် ပြီးစီးအောင် ရေးဆွဲထားတော့ ပြီးသွားရင် ဆက်ထွက်လာမှာက ကုစားရေးအစီအစဉ် ဘာတွေလုပ်မယ်ဆိုတဲ့ အသေးစိတ်တွေပါ။ ဒီ Impact Assessment က ၆ လပိုင်းကုန်ဆိုရင် ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်။ အခု Survey ဆင်းနေတာတွေရှိပါတယ်။ အချက်အလက်တွေ ကောက်နေပါတယ်။ သုံးသပ်ချက်တွေ ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ဒီဟာတွေကနေ ဆက်ပြီးအကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေ ထွက်လာမှာပါ။

**မေး။ ။ ချေးငွေက လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းတွေ လည်ပတ်သွားနိုင်အောင်၊ လုပ်ခလစာတွေ ထုတ်ပေးနိုင်အောင် အဆင်ပြေဖို့ ထုတ်ချေးပေးတာဖြစ်တဲ့အတွက် အလုပ်သမားတွေဆီကို တိုက်ရိုက် အကူအညီရောက်ဖို့ အစီအစဉ်ဆွဲနေတာတွေ ရှိရင်လည်း သိပါရစေ။**

**ဖြေ။** ။ အပိုင်းနှစ်ပိုင်းပေါ့။ အခု ချေးငွေ ဘီလီယံ ၁၀၀ ထုတ်ချေးပေးတဲ့ ရည်ရွယ်ချက်က လုပ်ငန်းတွေမှာ လုပ်သားတွေ လစာငွေ ရရှိဖို့ပါ။ လုပ်ငန်းရှင်က လုပ်ငန်းမလည်ပတ်နိုင်လို့ စက်ရုံ၊ အလုပ်ရုံပိတ်ရတာမျိုးမဖြစ်ဘဲ လစာပေးနိုင်အောင်ပါ။ လစာပေးနိုင်ဖို့က ဦးစားပေး တစ်ဖြစ်ပါတယ်။ လုပ်သားကို တိုက်ရိုက်ပေးတာ မဟုတ်သော်ငြားလည်း သက်ဆိုင်ရာလုပ်ငန်းတွေကနေ လုပ်သားတွေ လုပ်ခရရှိအောင် တစ်ဆင့် စီစဉ်ထားတာပါ။

ဒုတိယအပိုင်းအနေနဲ့ အလုပ်သမားတွေအတွက် လူမှုဖူလုံရေးနဲ့ပတ်သက်တဲ့ ခံစားခွင့်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်တာရှိတယ်။ ဧပြီ ၁၉ ရက် ကြေညာချက်ထုတ်ပြီးနောက်ပိုင်းမှာ ယာယီအလုပ်ရပ်နားသွားတဲ့ လုပ်သားတွေအတွက် မူလလစာရဲ့ ၄၀ ရာခိုင်နှုန်းထုတ်ပေးဖို့ ဆောင်ရွက်နေတာလည်းရှိတယ်။

ရှေ့ဆက်ပြီးတော့လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေ စုပေါင်းပြီး ပြည်သူတွေအတွက် လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ အတွေ့အကြုံကနေ နိုင်ငံစီးပွားရေး ထိခိုက်မှု လျော့နည်းအောင် စီးပွားရေးနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေ ထပ်ပြီးဖြေလျှော့ရေး ဆောင်ရွက်ဖို့ ရှိပါသလား။**

**ဖြေ။** ။ အခု ကိုဗစ်-၁၉ ကြောင့် လတ်တလော အခြေအနေမှာ စီးပွားရေး ထိခိုက်မှု လျော့ပါးတဲ့ လုပ်ငန်းစဉ်တွေကို မြန်မြန်သွက်သွက် လုပ်ပေးဖို့ Covid-19 Economic Relief Plan -CERP မှာ ကြည့်ရင်တွေ့နိုင်ပါတယ်။ ဥပမာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ Proposal တွေဆိုရင် ချက်ချင်း မြန်မြန်ခွင့်ပြုပေးရမယ်။ သွင်းကုန်ထုတ်ကုန် လုပ်ထုံးလုပ်နည်းတွေ၊ FDA လုပ်ထုံးလုပ်နည်းတွေ ဖြေလျှော့ပေးဖို့ လုပ်နေပါတယ်။

**ပြန်လည်သုံးသပ် ပြင်ဆင်သင့်**

ရေရှည်စဉ်းစား ဆောင်ရွက်တဲ့အခါမှာတော့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ် ပြင်ဆင်သင့်တယ်လို့ ယူဆပါတယ်။ ဒီအချိန်မှာ နိုင်ငံအားလုံးကလည်း ကိုယ့်နိုင်ငံရဲ့ စီးပွားရေးပြန်လည်ထူထောင်ဖို့ အပြိုင်လုပ်ကြရမှာဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူကို ဖိတ်ခေါ်ဖို့ ပြင်ကြတော့မှာပါ။ ကျွန်တော်တို့ နိုင်ငံက လက်ရှိဥပဒေကတော့ ကောင်းတယ်။ သို့သော် ရင်းနှီးမြှုပ်နှံသူကို ပိုမိုဆွဲဆောင်နိုင်ဖို့ ထပ်ပြီး ဖြေလျှော့မှုပေးနိုင်ဖို့ လိုပါတယ်။ ဥပမာ ပုဒ်မ ၃၆ အရ MIC ကို မဖြစ်မနေ တင်ရမယ်ဆိုတဲ့အချက်မျိုး၊ ဥပဒေ အခန်း ၈ အရ ရင်းနှီးမြှုပ်နှံမှုစီးဝင်ဖို့ စိစစ်မှုတွေကို ဘယ်လောက်ထိ ဖြေလျှော့ပေးမလဲဆိုတာမျိုး၊ ဥပဒေ အခန်း ၁၂ အရ အခွန် ကင်းလွတ်ခွင့်တွေပါ။ ဒါတွေနဲ့ပတ်သက်ပြီး ပြန်လည်သုံးသပ်သင့်တယ်။ လက်ရှိ အခန်း ၁၂ အရ အခွန်ကင်းလွတ်ခွင့်ကို ဒေသသုံးခု ပိုင်းခြားထားတယ်။ မဖွံ့ဖြိုးသေးတဲ့ ဒေသဆိုရင် ခုနစ်နှစ်၊ အသင့်အတင့် ဖွံ့ဖြိုးမှုရှိရင် ငါးနှစ်၊ ဖွံ့ဖြိုးမှုရှိတဲ့ဒေသဆိုရင် သုံးနှစ် စသဖြင့် ပေးတယ်။ တချို့နိုင်ငံတွေမှာ ဒီထက်ပိုပြီး ပေးတာလည်းရှိပါတယ်။ သာမန်အချိန်မှာ ဒီအပိုင်းအခြားက အလုပ်ဖြစ်ပါတယ်။

သို့သော်လည်း တခြားနိုင်ငံတွေနဲ့ အပြိုင်အဆိုင်လုပ်ဖို့ လိုအပ်လာတဲ့အခါမှာ ရင်းနှီးမြှုပ်နှံသူက ဘယ်ဟာက ပိုသက်သာသလဲ စဉ်းစားမှာဖြစ်တဲ့အတွက် သူ့ကို ဆွဲဆောင်နိုင်ဖို့၊ ပြင်ဆင်သုံးသပ်ဖို့ လိုအပ်လာပါတယ်။ အလားတူပဲ အခွန်အကောက်နဲ့ ပတ်သက်တဲ့ ကင်းလွတ်ခွင့်၊ သက်သာခွင့်တွေကိုလည်း ပြန်သုံးသပ်ဖို့လိုတယ်။ အဓိကကတော့ ကိုယ့်နိုင်ငံ စီးပွားရေးအတွက် ကိုယ့်နိုင်ငံထဲကို ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာအောင် လုပ်ရမှာပါ။ ကျွန်တော့်အမြင်ပါ။ မြေနဲ့ပတ်သက်ပြီး ကျွန်တော်တို့က နှစ် ၅၀ ပေးတယ်။ ၁၀ နှစ် နှစ်ကြိမ် သက်တမ်းတိုးခွင့်ပေးထားတယ်။ တချို့နိုင်ငံမှာ နှစ် ၉၀၊ တချို့ကျတော့ ကန့်သတ်ချက်မရှိ ပေးတာမျိုးရှိနေတယ်။ ဒါတွေကလည်း စဉ်းစားရမှာပါ။ လတ်တလောကတော့ ဥပဒေပြင်တဲ့အပိုင်းကို မသွားသေးပါဘူး။ ကိုယ့်နိုင်ငံမှာ စီးပွားရေးထိခိုက်မှု လျော့ပါးစေဖို့ မြန်မြန်ထက်ထက် တုံ့ပြန်နိုင်အောင် အကောင်အထည်ဖော်နေပါတယ်။ ထိခိုက်မှုရှိတာတွေလည်း မြန်မြန်ပြန်ထူထောင်နိုင်အောင် သွားနေတာပါ။ ကာလလတ်၊ ကာလရှည်မှာတော့ ကိုယ့်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ဥပဒေဟာ တခြားနိုင်ငံနဲ့ ယှဉ်တဲ့အခါ ကိုယ့်နိုင်ငံမှာ လုပ်ချင်ကိုင်ချင်လာအောင် ပြင်ဖို့ လိုအပ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ နဲ့ ဆက်စပ်ပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ Agriculture 4.0 နဲ့ ပတ်သက်ပြီး အမြဲတမ်းအတွင်းဝန်အနေနဲ့ လူမှုမီဒီယာကနေတစ်ဆင့် အကြံပေးထားတာ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သိပါရစေ။**

**ဖြေ။** ။ ကျွန်တော်တို့ နိုင်ငံမှာက လယ်ယာကဏ္ဍကို ကြည့်လိုက်ရင် တချို့နိုင်ငံတွေလို လယ်သမားတစ်ဦးကို ဧက ရာနဲ့ ထောင်နဲ့ချီပြီး လုပ်နေတာမျိုး မရှိသလောက်ပါပဲ။ လယ်သမားတွေအတွက် ပြီးခဲ့တဲ့ ငါးနှစ်လောက်က စစ်တမ်းကိုကြည့်လိုက်ရင် တစ်ဧကလောက်ပဲ ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြတဲ့ လယ်သမားက ငါးရာခိုင်နှုန်းရှိတယ်။ တစ်ဧကနဲ့ ငါးဧကကြား ပိုင်ဆိုင်လုပ်ကိုင်နိုင်တာက ၄၉ ရာခိုင်နှုန်းရှိတယ်။ ငါးဧကနဲ့ ၁၀ ဧက ပိုင်တာက ၂၇ ရာခိုင်နှုန်းရှိတယ်။ အဲဒီတော့ ခြုံပြောရင် မြန်မာနိုင်ငံမှာ လယ်သမား ၁၀၀ ရှိရင် ၈၀ လောက်က ၁၀ ဧက အောက်ပဲ ပိုင်ကြတယ်။ small scale လို့ ပြောလို့ရပါတယ်။ ပြည့်စုံမှုမရှိတဲ့သူများတယ်။

လယ်ယာကဏ္ဍ တိုးတက်ဖို့လုပ်တဲ့အခါ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ သွားနေတဲ့အခါ small scale လုပ်နေတဲ့ လယ်သမားက လက်လှမ်းမမီနိုင်တာများတယ်။ မိရိုးဖလာအဆင့်ကနေ အဆင့်တက်ဖို့ စိန်ခေါ်မှုတွေ ရှိနေသေးတယ်။ ဒါပေမဲ့ နည်းပညာက ရှေ့တန်းရောက်လာတော့ Agriculture 4.0 က လယ်ယာကဏ္ဍမှာ ဖြစ်ပေါ်လာတဲ့အခါ နည်းပညာသုံးတဲ့အတွက် small scale တွေကလည်း အကျိုးရှိတယ်။ small scale တွေအတွက် ကောင်းတဲ့အချက်တွေ များတယ်။ လယ်စိုက်မယ်ဆိုရင် မိရိုးဖလာနည်းလမ်းနဲ့ မြေဩဇာကျွေးတာကအစ ကိုယ့်အတွေ့အကြုံနဲ့လုပ်တဲ့အတွက် ကုန်သင့်တာထက် ပိုကုန်ကျတာတွေ ရှိတယ်။

Agriculture 4.0 သုံးတဲ့အခါ sensor သုံးတာတွေ ရှိလာတော့ ရေသွင်းမယ်ဆိုရင် ရေကိုလိုသလောက် တွက်ချက်သွင်းပေးတယ်။ ပိုးသတ်ဆေးဖျန်းတယ်ဆိုရင်လည်း လိုသလောက်ပဲ တွက်ချက်ဖျန်းနိုင်တယ်။ မြေဩဇာဆိုရင်လည်း လယ်တစ်ကွက်လုံးမဟုတ်ဘဲ လိုအပ်တဲ့နေရာတင် ဘယ်လောက်ထည့်ရမယ်ဆိုတာ သိရတယ်။ လိုအပ်သလောက်ပဲ တွက်ချက်သုံးတယ်။

**နည်းပညာသုံး လယ်ယာစနစ် သွားဖို့လို**

Agriculture 4.0 မှာကျတော့ ဒရုန်းစနစ်ပါလာတယ်။ လိုအပ်တဲ့ နေရာကိုပဲ တွက်ချက်တယ်။ လယ်ယာမြေပေါ် ဒရုန်းနဲ့ ဖြတ်ပြီးတော့ လယ်ယာမြေအတွက် လိုအပ်တဲ့ အချက်အလက်ရတယ်။ ဒီအချက်အလက်အတိုင်းပဲ ဒီနှစ်စိုက်ပျိုးပြီးတော့ ဒီအချက်အလက်ကို သိမ်းထားလို့ရတယ်။ Agriculture 4.0 ကို တကယ်လုပ်နိုင်ရင် သွင်းအားစု လျော့လာပြီး ထွက်ကုန်များလာတယ်။ သွင်းအားစု လျော့လာတဲ့အတွက် small scale တွေအတွက် ပိုပြီး အဆင်ပြေတယ်။ ဒီနည်းပညာကလည်း မခက်ခဲပါဘူး။ နည်းပညာအတွက် လယ်သမား၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းလိုက်ရင် ကျော်လွှားနိုင်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ မဟုတ်တော့ဘဲ လက်မှုလယ်ယာကနေ နည်းပညာလယ်ယာတွေကို တန်းပြီးသွားလို့ရတယ်။ စက်မှုလယ်ယာသွားတဲ့အခါ small scale အတွက် သဟဇာတမဖြစ်တာတွေရှိတယ်။ နည်းပညာသုံးတာကတော့ လယ်ယာနည်းနည်း၊ များများအဆင်ပြေနိုင်တဲ့အတွက် အကျိုးရှိပါတယ်။ ဒါကြောင့် နည်းပညာသုံး လယ်ယာစနစ် သွားဖို့လိုအပ်တယ်လို့ ပြောတာဖြစ်ပါတယ်။

**မေး။ ။ နောက်ဆုံးအနေနဲ့ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးပါ။**

**ဖြေ။** ။ ပထမအချက်က ကိုဗစ်-၁၉ ချေးငွေနဲ့ ပတ်သက်ပြီး တချို့လည်း မရသေးတဲ့အတွက် ဖုန်းနဲ့ ဆက်သွယ်မေးမြန်းတာတွေရှိပါတယ်။ မရသေးဘူးလားပေါ့။ လျှောက်လွှာပေါင်း ၄၀၀၀ နီးပါးမှာ ပေးတာက ၂၀၀ လောက်ပဲ ရှိပါသေးတယ်။ အသုတ်လိုက် ပေးနေတာပါ။ ဆက်ပြီး ပေးသွားမှာဖြစ်ပါတယ်။ ဘီလီယံ ၉၀ ထုတ်ချေးဖို့ ကျန်ပါသေးတယ်။ မြန်မြန်ပေးနိုင်အောင်လည်း စိစစ်မှုတွေအတွက် အင်အားတိုးချဲ့ပြီး လုပ်ပေးနေပါတယ်။ ဒါက တစ်ချက်ပါ။

**ထိခိုက်တဲ့သူတွေအတွက်**

လူမှုမီဒီယာတွေမှာ ချေးငွေက ချေးသလောက် မရဘူးဆိုပြီး ပြောကြတာမျိုးရှိပါတယ်။ တကယ်က စိစစ်တဲ့အဖွဲ့က ချေးငွေတင်ပြလာတဲ့သူရဲ့ တင်ပြလာတဲ့ စာရွက်စာတမ်းအပေါ်မှာ အခြေခံပြီး စိစစ်ထုတ်ချေးပေးတာပါ။ တချို့ကလည်း မြေပြင်ကွင်းမဆင်းဘဲ ထုတ်ချေးတယ်လို့ ပြောတာလည်းရှိပါတယ်။ မြေပြင်ကိုတော့ ကွင်းဆင်းဖို့ အစီအစဉ် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘဏ်ချေးငွေ ပုံစံမျိုးမဟုတ်ပါဘူး။ ဘဏ်ချေးငွေကတော့ လုပ်ငန်းကွင်းဆင်းကြည့်ပြီး ခိုင်မာမှ ထုတ်ချေးတာပါ။ ကျွန်တော်တို့ ချေးငွေက တစ်နည်းပြောရရင် နိုင်ငံတော်ရဲ့ စေတနာပါ။ ကိုယ့်ပြည်သူတွေရဲ့ ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို မြန်မြန်ကူညီတာပါ။ အတိုးနှုန်း တစ် ရာခိုင်နှုန်းကလည်း ခုနကပြောခဲ့သလို ဘဏ်စရိတ်ကျေရုံ ယူထားတာပါ။ အပေါင်ပစ္စည်းလည်း မယူထားဘူး။ ရည်ရွယ်ချက်က ထိခိုက်တဲ့သူတွေအတွက်ပါ။

စိစစ်မှုလုပ်တဲ့အခါမှာ ဘာကို အခြေခံရသလဲဆိုတော့ လျှောက်ထားသူတွေ တင်ပြလာတဲ့ Financial Report၊ ဘဏ်ချေးငွေ ချေးထားသလားဆိုတာမျိုးကို စိစစ်ရတယ်။ တချို့က ထိခိုက်တာမှန်ပေမယ့် ဘဏ်မှာကလည်း အများကြီးချေးထားတယ်။ အခွန်ကလည်း သေချာမပေးဆောင်ထားဘူး။ လုပ်ငန်းလည်ပတ်မှု၊ ဝန်ထမ်းခန့်ထားမှု ဒါတွေကို ခြုံငုံစဉ်းစားတဲ့အခါ ချေးငွေချေးချင်သလောက် မဖြစ်နိုင်ဘူး။ လုပ်ငန်းလည်ပတ်နိုင်အောင်နဲ့ လုပ်သားလစာပေးနိုင်အောင် အဓိကစဉ်းစားပေးတယ်။ တကယ်လို့ အားလုံး ကိုက်ညီရင်တော့ တင်ပြသလောက် ရတာတွေရှိပါတယ်။ ကိုယ့်အခြေအနေအရ ရကြတာ ဖြစ်ပါတယ်။ အခွန်ဆောင်တဲ့ ပမာဏကို ကြည့်လိုက်ရင် လုပ်ငန်းရဲ့ အခြေအနေကို သုံးသပ်နိုင်တဲ့အတွက် ဒီအချက်ကိုလည်း စဉ်းစားချက်တစ်ခုအနေနဲ့ စဉ်းစားပါတယ်။

နောက်တစ်ခုက Covid-19 Economic Relief Plan-CERP ထုတ်လာတော့ ဒီအပေါ်မှာ ဝန်ကြီးဌာနတွေအားလုံးက အခြေခံပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မေ ၆

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၉ မိနစ် ၄၄ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ အရှေ့-အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ဖောင်းပြင်မြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄.၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၆၈ ဒီဂရီ၊ အနက် ၇၅ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃.၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကြေးမုံ

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ အစိုးရကိုယ်စားလှယ်များနှင့် NCA-S EAO ကိုယ်စားလှယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ကျင်းပသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး ဦးဆောင်သည့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်အဖြစ် ဦးမျိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



**လူသားချင်းစာနာထောက်ထားမှု**

ဆွေးနွေးမှုများနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ကော်မတီဒုတိယဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၈) ဖွဲ့ ထံကို အခုကော်မတီ ဖွဲ့စည်းထားကြောင်းနဲ့ ညှိနှိုင်းမှုတွေ ဆောင်ရွက်ဖို့ အကြောင်းကြားစာ ပေးပို့ထားကြောင်း ရှင်းပြပါတယ်။ အဲ့ဒီထဲက (၁၄) ဖွဲ့ကတော့ ဆက်သွယ်မှုနဲ့အတူ စပြီး ဆောင်ရွက်နေပြီလို့ ပြောပြပါတယ်။ဒီနေ့က ပထမဦးဆုံး ဆောင်ရွက်တာဖြစ်ပြီး နောက် ၂ ရက်လောက်နေရင် NCA လက်မှတ်ရေးထိုးထားတဲ့ EAO (၁၀) ဖွဲ့နဲ့ အွန်လိုင်းမှာ ဆွေးနွေးမယ်။ လိုအပ်တာတွေကိုတော့ တစ်ဖွဲ့ချင်းစီ ဆက်လက်ဆွေးနွေးမယ်။ ကိုဗစ်-၁၉ က ကျွန်တော်တို့ တစ်မျိုးသားလုံးအတွက် အရေးကြီးသလို လူသားချင်းစာနာထောက်ထားမှုမှာလည်း ဒီကိစ္စက အလေးထားရမှာဖြစ်တဲ့အတွက် လက်မှတ်ထိုးတဲ့ အဖွဲ့ရော၊ လက်မှတ်မထိုးတဲ့အဖွဲ့ရော အားလုံးပါဝင်ပြီးတော့ ဆက်သွယ်ဆောင်ရွက်မယ်လို့ ကော်မတီဒုတိယဥက္ကဋ္ဌက ရှင်းပြသွားပါတယ်"ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) ဖြင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

**အလွတ်သဘော**

NCA-S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းက "ဒီနေ့တွေ့တာကတော့ တရားဝင်ဆွေးနွေးပွဲတွေဖြစ်ဖို့အတွက် အလွတ်သဘောတွေ့တဲ့သဘောပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဘယ်လိုလုပ်မလဲဆိုတာကို ပြင်ဆင်တယ်၊ စီစဉ်တယ်။ အဓိကကတော့ နိုင်ငံတော်သမ္မတက တာဝန်ပေးပြီး ညွှန်ကြားထားတဲ့ အကြောင်းအရာတွေ ဆွေးနွေးတယ်။ EAO တွေကလည်း ကိုဗစ်-၁၉ ဆိုင်ရာနဲ့ ပတ်သက်ပြီး ဘာတွေဆောင်ရွက်ထားတယ်။ ရှေ့ဆက် ဘာတွေပြင်ဆင်ဆောင်ရွက်သွားမယ်ဆိုတာကို ဆွေးနွေးပါတယ်။ အခုလတ်တလောမှာတော့ အားလုံးသိတဲ့အတိုင်း နယ်စပ်အသီးသီးက ပြန်လာကြမယ့် ရွှေ့ပြောင်းအလုပ်သမား ကိစ္စအရေးတွေကို ဘယ်လိုပုံစံမျိုးနဲ့ စဉ်းစားဆောင်ရွက်မလဲဆိုတာမျိုးပေါ့။ ဆွေးနွေးရမယ့် အကြောင်းအရာတွေကိုပဲ ဆွေးနွေးတာပါ။ အသေအချာတော့ တရားဝင် မဆွေးနွေးရသေးပါဘူး။

NCA-S EAO တွေအနေနဲ့ကတော့ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဆောင်ရွက်တာ အဓိကအနေနဲ့ နှစ်ပိုင်းရှိမယ်။ နံပါတ်တစ်အနေနဲ့ ကာကွယ်ထိန်းချုပ်ရေးအပိုင်း၊ နံပါတ်နှစ်အနေနဲ့ကတော့ ကုသရေးအပိုင်းပေါ့။ ကုသရေးအပိုင်းနဲ့ ပတ်သက်ရင်တော့ EAO တွေဘက်မှာ အခက်အခဲရှိမယ်။ အဲ့ဒီအခါကျရင် အစိုးရနဲ့ ဘယ်လို ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ ပြင်ဆင်ရမယ်"ဟု ပြောသည်။

**နှစ်ဖက်တွေ့ဆုံရန် စီစဉ်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီနှင့် NCA-S EAO ကိုယ်စားလှယ်များသည် မေ ၈ ရက်တွင် နှစ်ဖက်တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးမျိုးဝင်းက "အကြမ်းဖျင်းအနေနဲ့တော့ မေ ၈ ရက်မှာ နှစ်ဖက်တွေ့ဖို့ လျာထားပါတယ်။ အဲ့ဒီလို တွေ့နိုင်ဖို့အတွက်လည်း ကြိုးစားနေပါတယ်။ အခုလောလောဆယ်မှာတော့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအပိုင်းမှာ ဘာတွေလိုအပ်မလဲပေါ့။ အစိုးရအနေနဲ့ကတော့ နည်းပညာနဲ့ အခြားလိုအပ်တဲ့ပစ္စည်းတွေကူညီဖို့ ကမ်းလှမ်းတယ်။ ဒါကတော့ တစ်ဖွဲ့ချင်းစီရဲ့ ထူးခြားမှုနဲ့ တစ်ဖွဲ့ချင်းစီရဲ့ နယ်မြေအလိုက် လိုအပ်မှုကိုပဲ စဉ်းစားဆောင်ရွက်ရမှာပါ"ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် သမ္မတရုံးအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မတီ၏ လုပ်ငန်းတာဝန် (၇)ခုကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-HMS

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၅၄၅ ဒသမ ၈၅၉ သန်း၊ ၂၀၂၀ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇၈၉ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | စက်မှုကဏ္ဍ | ၂၁ | ၁၇၉.၄၈၇* | ၁၁ | ၄၂.၅၈၅* |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁ | ၁.၀၆၆ | ၁ | ၄.၆၀၀ |
| (ဂ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၆.၈၃၄ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၅.၄၈၆ | ၂ | ၄၀.၇၇၀ |
| (င) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | ၃၅၂.၈၂၀* | - | - |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၇.၀၀၀* | - | - |
| | **စုစုပေါင်း** | **၂၆** | **၅၄၅.၈၅၉** | **၁၅** | **၉၄.၇၈၉** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၀၄၆၁ ဒသမ ၀၇၁ သန်းနှင့် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၅၄၇၇ ဒသမ ၉၁၅ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ်ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | စက်မှုကဏ္ဍ | ၆ | ၃၅၇၄၁.၆၂၄* | ၄ | ၂၆၁၄၁.၀၉၂ |
| (ခ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၄၇၉၈၅.၀၀၀ | ၃ | ၅၄၄၂၁.၈၂၃* |
| (ဂ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၁ | ၈၀၀.၀၀၀ | - | - |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၅၈၀၀.၀၀၀ | - | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၁၀၁၃၄.၄၄၇ | ၃ | ၁၁၄၉၁၅.၀၀၀ |
| | **စုစုပေါင်း** | **၁၄** | **၁၀၀၄၆၁.၀၇၁** | **၁၀** | **၁၉၅၄၇၇.၉၁၅** |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၆။ ၂၀၂၀ ပြည့်နှစ်ဖေဖော်ဝါရီလနှင့် မတ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလ | မတ်လ |
| (က) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၆၅ |
| (ခ) | စက်မှုကဏ္ဍ | ၂၀၄၂၉* | ၁၄၈၂၅* |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၄ | ၆၁ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၆၅ | ၄၀ |
| | **စုစုပေါင်း** | **၂၀၈၁၈** | **၁၄၉၉၁** |

*လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၇။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက်ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလ | မတ်လ |
| (က) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၅၅ | - |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၅၅ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၂၅၆ | ၂၃၄၁ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၇၉ | ၉၄ |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၁၁ | ၉၆ |
| | **စုစုပေါင်း** | **၁၈၅၆** | **၂၅၃၁** |




# ဆီးရီးယားအရှေ့ပိုင်း၌ အစ္စရေးက လေကြောင်းမှ တိုက်ခိုက် အီရန်နှင့် အီရတ်တိုက်ခိုက်ရေးသမား ၁၄ ဦးသေဆုံး

**ဒမတ်စကတ် မေ ၅**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ ဒီရာအယ်လ်ဇောပြည်နယ်ရှိ ဒေသအချို့တွင် အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းကြောင့် အီရန်နှင့် အီရတ်တိုက်ခိုက်ရေးသမား ၁၄ ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားပြည်တွင်းစစ်စောင့်ကြည့်လေ့လာသည့်အဖွဲ့က မေ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒီရာအယ်လ်ဇောပြည်နယ် ကျေးလက်ဒေသရှိ ဆီးရီးယားအစိုးရအား ထောက်ခံသည့် အီရန်နှင့် အီရတ်တိုက်ခိုက်ရေးသမားများ၏ စခန်းများအား အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်သည့်အဖွဲ့က ပြောကြားသည်။

ယင်းလေကြောင်းစီးနင်းတိုက်ခိုက်မှုများအတွင်း၌ ထိခိုက်ဒဏ်ရာရရှိသူအချို့မှာ ဒဏ်ရာပြင်းထန်သဖြင့် သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။

မေ ၄ ရက် ညပိုင်းတွင် ဆီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ ဒီရာအယ်လ်ဇောပြည်နယ်နှင့် နိုင်ငံမြောက်ပိုင်းရှိ အလက်ပိုပြည်နယ်တို့တွင် အစ္စရေးက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းလေကြောင်းမှစီးနင်းတိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံတွင်းရှိ စစ်အခြေစိုက်စခန်းများတည်ရှိရာဒေသသို့ အစ္စရေးက ရတ်ခြည်း အင်အားသုံးပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ဇော်ဝင်း

# ဖီဂျီနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံမှ ဆေးဘက်ဆိုင်ရာအထောက်အပံ့များ လှူဒါန်း

**ဆူဗား မေ ၅**

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် ဖီဂျီနိုင်ငံအား အကူအညီပေးရန် ဆေးဘက်ဆိုင်ရာအထောက်အပံ့များ လှူဒါန်းခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

တရုတ်နိုင်ငံအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဖီဂျီနိုင်ငံအစိုးရကို အထောက်အပံ့ပေးရန် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း ဖီဂျီနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ကီယန်ဘိုက ဆေးဘက်ဆိုင်ရာအထောက်အပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

**လွှဲပြောင်းပေး**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဆိုင်ရာ ဖီဂျီနိုင်ငံ၏ ကြိုးပမ်းမှု ဆက်လက်အထောက်အပံ့ဖြစ်စေရေးအတွက် ဖီဂျီ ဒေါ်လာ ၂၇၀၀၀၀ ခန့်(အမေရိကန်ဒေါ်လာ ၁၁၉၈၈၀ ခန့်)တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပါဝင်သည့် ကတ်ထူပုံး ၅၂ လုံးကို ဖီဂျီနိုင်ငံဆိုင်ရာ တရုတ်သံအမတ် ကီယန်ဘိုက လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့လူသားများအားလုံး၏ ဘုံရန်သူဖြစ်သည့်အတွက် တရုတ်နိုင်ငံနှင့် ဖီဂျီနိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖေးမကူညီပေးလျက်ရှိခြင်းကြောင့် အတူတကွ ပူးပေါင်းဆောင်ရွက်သင့်ကြောင်းလည်း ကီယန်ဘိုက အလေးထားပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရာတွင် တရုတ်နိုင်ငံ၏ ကောင်းမွန်သောဆောင်ရွက်မှုအတွက် ဝမ်းမြောက်ပါကြောင်း ဖီဂျီနိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ကြီး ဝါကာအီနာဘီတီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ကျန်းမာရေးဆိုင်ရာအထောက်အပံ့များ ရရှိခဲ့သည်မှာ ယခုအကြိမ်သည် ပထမအကြိမ်မဟုတ်ပါကြောင်း၊ တရုတ်နိုင်ငံတွင် ကျန်းမာရေးဆိုင်ရာလေ့ကျင့်မှုများလုပ်ဆောင်ရန် ဖီဂျီနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းတချို့ ရှိပါကြောင်းနှင့် ဖီဂျီနိုင်ငံ၏ ကျန်းမာရေးစင်တာများနှင့် ဆေးရုံများသို့ တရုတ်နိုင်ငံမှ ကျန်းမာရေးဝန်ထမ်းတချို့လည်း လာရောက်ခဲ့ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ရုရှားအာကာသယာဉ်ဒီဇိုင်းပညာရှင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

**မော်စကို မေ ၅**

ရုရှားနိုင်ငံ အီနာဂျီယာ ဒုံးကျည်နှင့် အာကာသဆိုင်ရာကော်ပိုရေးရှင်းမှ အာကာသယာဉ်ဒီဇိုင်းပညာရှင် ရက်ဂျန်နီ မစ်ကရစ်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် အသက် ၆၅ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း ရုရှားနိုင်ငံ အာကာသကော်ပိုရေးရှင်းမှ ပြောကြားသည်။

ရက်ဂျန်နီကွယ်လွန်ခဲ့ခြင်းသည် ရုရှားနိုင်ငံ၏ ဒုံးကျည်နှင့် အာကာသဆိုင်ရာလုပ်ငန်းအတွက် အစားထိုးမရနိုင်သော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း ၎င်းကော်ပိုရေးရှင်းမှ ပြောကြားသည်။

မော်စကိုဆင်ခြေဖုံးရှိ ဆေးရုံတစ်ရုံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကုသမှုခံယူနေစဉ် သေဆုံးခဲ့ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ ဥက္ကဋ္ဌ အလက်ဇန်းဒါးဆာဂျစ်၏ ပြောကြားချက်ကို အခြေခံ၍ တက်စ်သတင်းဌာနက ပြောကြားသည်။ တက်စ်သတင်းဌာန၏ပြောကြားချက်အရ သူသည် ဧပြီ ၁၅ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စစ်ဆေးမှုနှစ်ကြိမ်ခံယူခဲ့ပြီး ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**






# အစ္စရေး-လက်ဘနွန်နယ်စပ်တင်းမာမှုများနှင့် စပ်လျဉ်း၍ စိုးရိမ်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြောကြား

**ကုလသမဂ္ဂ မေ ၅**

လက်ဘနွန်နိုင်ငံရှိကုလသမဂ္ဂယာယီတပ်ဖွဲ့က စောင့်ကြည့်လျက်ရှိသည့် အစ္စရေး-လက်ဘနွန်နယ်စပ်တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တင်းမာမှုများအပေါ် စိုးရိမ်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂယာယီတပ်ဖွဲ့၏ စစ်ဆင်ရေးနယ်မြေနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့က သတ်မှတ်ထားသည့် အပြာရောင်မျဉ်းတစ်လျှောက်တွင် ဝေဟင်နှင့် မြေပြင်အပါအဝင် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် အမှတ် ၁၇၀၁ ကို ချိုးဖောက်ကာ မကြာသေးမီက တင်းမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက အလွန်အမင်းစိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

အဆိုပါအပြာရောင်မျဉ်းသည် ၂၀၀၀ ပြည့်နှစ်အတွင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာထားသည့် လက်ဘနွန်နိုင်ငံနှင့် အစ္စရေးနိုင်ငံအကြား ပိုင်းခြားသတ်မှတ်ထားသည့် နယ်စပ်ဒေသဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် လက်ဘနွန်နိုင်ငံနှင့် အစ္စရေးနိုင်ငံနယ်စပ်တွင် ရန်လိုမှုများရပ်တန့်ရေး ကြိုးပမ်းမှုများကို လုပ်ဆောင်သင့်ကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များက တောင်းဆိုထားသည်။

လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂယာယီတပ်ဖွဲ့၏ ငြိမ်းချမ်းရေးဆောင်ရွက်သူများအား ဆန့်ကျင်သည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ပြစ်တင်ရှုတ်ချပါကြောင်းလည်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဘင်္ဂလားဒေ့ရှ်၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိ

**ဒါကာ မေ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ဖြစ်ပွားခဲ့ချိန် မတ် ၈ ရက်ကတည်းက တစ်ရက်အတွင်း ရောဂါကူးစက်မှုနှုန်းအများဆုံးနေ့ဖြစ်လာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ကြေညာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၂၉ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခ နာဆီမာဆူလ်တနာက အွန်လိုင်းမှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူတစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၃ ဦးရှိလာကြောင်း ၎င်းက ထပ်မံပြောကြားသည်။ မေ ၄ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၈၈ ဦးသာ စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ၂၄ နာရီအတွင်း လူ ၅၇၁၁ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံအတွင်း အသွားအလာကန့်သတ်မှု တဖြည်းဖြည်းချင်း ဖြေလျှော့ရန် တူရကီသမ္မတကြေညာ



**အစ္စတန်ဘူလ် မေ ၅**

တူရကီသမ္မတ အာဒိုဂန်သည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နိုင်ငံအတွင်း အသွားအလာကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ရန် ယမန်နေ့က ကြေညာလိုက်သည်။

တူရကီအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာ ကန့်သတ်ချက်များကို မေလ၊ ဇွန်လနှင့် ဇူလိုင်လများအတွင်း တဖြည်းဖြည်းချင်း ဖြေလျှော့မည်ဟု အာဒိုဂန်က အစ္စတန်ဘူလ်မြို့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပသော ကက်ဘိနက်အစည်းအဝေးတစ်ရပ်အပြီး ကြေညာလိုက်သည်။

အသွားအလာ ကန့်သတ်မှုများ တဖြည်းဖြည်းချင်း ဖြေလျှော့မှုများအရ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများနှင့် အသက် ၂၀ အောက် လူငယ်များကို ယခုသီတင်းပတ်ကုန်မှစ၍ သီတင်းပတ်တစ်ပတ်လျှင် တစ်ရက်သာ အပြင်သွားခွင့်ပေးမည်ဖြစ်ပြီး လည်ပတ်ခွင့်မှာ လေးနာရီကြာ အချိန်ရမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

တူရကီအစိုးရသည် နိုင်ငံအတွင်းရှိ မြို့ကြီးခုနစ်မြို့တွင် ပြဋ္ဌာန်းထားသော ခရီးသွားလာမှုကန့်သတ်ချက်ကို မေ ၄ ရက် ညမှစ၍ ဖြေလျှော့ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်သည့်အနေဖြင့် အစ္စတန်ဘူလ်မြို့အပါအဝင် ပြည်နယ် ၂၄ ခုတွင် အသွားအလာ ကန့်သတ်ချက်များကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဆံပင်ညှပ်ဆိုင်နှင့် အလှပြင်ဆိုင်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများသည် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများနှင့်အညီ မေ ၁၁ ရက်မှစ၍ လုပ်ငန်းလည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း အာဒိုဂန်က ထပ်မံပြောကြားသည်။

ထို့အတူ ကုန်တိုက်ကြီးများကို မေ ၁၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ပြီး နိုင်ငံအတွင်း အသွားအလာကန့်သတ်ချက်များ ဖျက်သိမ်းရေးလုပ်ငန်းစဉ်ကို မေ ၃၁ ရက်မှ စတင်မည်ဖြစ်ကြောင်း သိရသည်။ သို့သော် နိုင်ငံအတွင်း အခြေအနေပုံမှန်ပြန်ဖြစ်ရေးစီမံကိန်းကို ပြည်သူများအနေဖြင့် မလိုက်နာပါက ပို၍တင်းကျပ်သော အစီအမံများကို ချမှတ်သွားမည်ဖြစ်ကြောင်း သမ္မတက ဆိုသည်။

တူရကီနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၁၄ ဦး စမ်းသပ်တွေ့ရှိရာ ကူးစက်ခံရသူပေါင်း ၁၂၇၆၅၈ ဦး ရှိလာပြီး ၆၄ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၃၄၆၁ ဦး ရှိလာကြောင်း တူရကီ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ဗြိတိန်နှင့် အမေရိကန်တို့ ဘရက်ဆစ်အလွန် ကုန်သွယ်ရေးဆွေးနွေးပွဲများ စတင်ပြုလုပ်

**လန်ဒန် မေ ၅**

ဗြိတိန်သည် ဘရက်ဆစ်အလွန် ကုန်သွယ်ရေးဆွေးနွေးပွဲများကို အမေရိကန်နိုင်ငံနှင့် ယနေ့ စတင်ပြုလုပ်ရာ တစ်ဖက်လျှင် ညှိနှိုင်းရေးမှူး ၁၀၀ စီ ဗီဒီယိုကွန်ဖရင့် အစည်းအဝေးတွင် ပါဝင်တက်ရောက်ခဲ့ကြသည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ကွန်ဆာဗေးတစ်အစိုးရဘက်မှ တာဝန်ရှိသူများက ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်း၏ အကြီးမားဆုံး အကျိုးကျေးဇူးတစ်ခုအဖြစ် အမေရိကန်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် မျှော်လင့်နေကြသည်။

ပထမအကျော့ဆွေးနွေးပွဲများသည် အချိန်အားဖြင့် ရက်သတ္တ နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု ရောင်းဝယ်ရေး၊ ဒစ်ဂျစ်တယ် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရေး စသည့်ကိစ္စရပ်များကို လွှမ်းခြုံမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကို မိမိတို့ အနိုင်ယူပြီးချိန်တွင် ၎င်းကုန်သွယ်ရေးသဘောတူညီချက်က စီးပွားရေးလုပ်ငန်းကို မြန်မြန်ဆန်ဆန် စတင်စေနိုင်မည်ဖြစ်သည်ဟု ဗြိတိန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဝူဒီဂျွန်ဆင်က ပြောကြားခဲ့သည်စကားကို ဗြိတိန်တာဝန်ရှိသူများက ပြန်လည်ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ဗြိတိန်၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ အတ္တလန္တိတ်သမုဒ္ဒရာဖြတ်ကျော်၍ ကုန်သွယ်မှုတိုးမြှင့်ခြင်းသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးစိန်ခေါ်မှုများမှ ဗြိတိန်၏ စီးပွားရေးပြန်လည်ရုန်းထလာအောင် ကူညီနိုင်မည်ဖြစ်ကြောင်း နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီး လစ်ဇ်ထရ(စ်) က ပြောကြားသည်။

ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့၏ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် ယခင်နှစ်က ပေါင် ၂၂၀ ဒသမ ၉ ဘီလီယံ ( ဒေါ်လာ ၂၇၅ ဘီလီယံ၊ ယူရို ၂၅၂ ဒသမ ၆ ဘီလီယံ) ရှိကြောင်း၊ လွတ်လပ်သည့် ကုန်သွယ်မှုစာချုပ်သည် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို ရေရှည်၌ ၂၀၁၈ ခုနှစ် ကုန်သွယ်မှုပမာဏပေါ်တွင် ပေါင် ၁၅ ဒသမ ၃ ဘီလီယံအထိ တိုးမြင့်စေနိုင်မည်ဖြစ်ကြောင်း ဗြိတိန်အစိုးရက ပြောကြားသည်။

ဗြိတိန်သည် ဥရောပသမဂ္ဂမှ နုတ်ထွက်ရန် လူထုဆန္ဒခံယူပွဲကို ၂၀၁၆ ခုနှစ် ဇွန်လက ကျင်းပခဲ့သည်။ ရှည်လျားရှုပ်ထွေးသည့် နိုင်ငံရေးအငြင်းပွားမှု နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဥရောပသမဂ္ဂမှ ဗြိတိန် နုတ်ထွက်ခဲ့သည်။ ထိုသို့ နုတ်ထွက်ခြင်းဖြင့် ဗြိတိန်သည် အမေရိကန်အပါအဝင် အခြားနိုင်ငံများနှင့် ကုန်သွယ်ရေးဆွေးနွေးမှုများ စတင်ပြုလုပ်ခွင့်ရရှိခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ အိုးအိမ်စွန့်ခွာရသည့် ကလေးဦးရေ ၁၉ သန်းခန့်ရှိဟုဆို




**ကုလသမဂ္ဂ မေ ၅**

၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် အိုးအိမ်စွန့်ခွာခဲ့ရသည့် ကလေးဦးရေမှာ ၁၉ သန်းခန့်ရှိပြီး ယင်းပမာဏသည် အကြီးမားဆုံးဖြစ်ကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ယနေ့တွင် ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် လူမှောင်ခိုကုန်ကူးမှုများ ရင်ဆိုင်ကြုံတွေ့ရမှု မြင့်တက်လာခြင်းကြောင့် ၎င်းတို့နေထိုင်ရာ နိုင်ငံများအတွင်း၌ပင် ကလေးများ အိုးအိမ်စွန့်ခွာရမှုများဖြစ်ပေါ်ရကြောင်း ယူနီဆက်ဖ်မှ ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်မှုများ ပျံ့နှံ့ဖြစ်ပွားနေစဉ်တွင် အိုးအိမ်စွန့်ခွာရသည့် ကလေးများမှာ ပုန်းကွယ်နေသော ဘေးဒုက္ခသင့်သူများဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

အိုးအိမ်စွန့်ခွာရသည့် ကလေးငယ်များသည် လူစုလူဝေးဖြင့် နေထိုင်သည့် ဒုက္ခသည်စခန်းများနှင့် ယာယီအခြေပြုရာနေရာများတွင် နေထိုင်ရသဖြင့် ရုပ်ပိုင်းဆိုင်ရာအရ နေထိုင်ရန် ခက်ခဲကြောင်းနှင့် ရောဂါကာကွယ်ရန် အခြေခံကျသော တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ရရှိနိုင်ရေးမှာလည်း အကန့်အသတ်ရှိကြောင်း ၎င်းအစီရင်ခံစာ၌ ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**



# နိုင်ဂျာ အလုပ်သမားဝန်ကြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကွယ်လွန်

**ဒါကာ(ဆီနီဂေါ) မေ ၅**

နိုင်ဂျာနိုင်ငံ အလုပ်သမားနှင့် အလုပ်အကိုင်ဝန်ကြီး မိုဟာမက်ဘင်အိုမာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ကွယ်လွန်သွားကြောင်း နိုင်ငံပိုင်ရုပ်သံဌာန Tele Sahel က မေ ၄ ရက်တွင် ကြေညာခဲ့သည်ဟု အနာဒိုလူသတင်းဌာနက ဖော်ပြခဲ့သည်။

မိုဟာမက်ဘင်အိုမာသည် မေ ၃ ရက်က နိုင်ဂျာနိုင်ငံ၏မြို့တော် နီယာမေမြို့ရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်သွားကြောင်း သူ၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (PSD) က ကြေညာခဲ့သည်။ အသက် ၅၅ နှစ်အရွယ် ဝန်ကြီး မိုဟာမက် ဘင်အိုမာ၏ မကြာသေးမီက နိုင်ငံသို့ပေးပို့သည့် သဝဏ်လွှာတွင် အလုပ်သမားများကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ကြရန် တိုက်တွန်းခဲ့ကြောင်း Tele Sahel ရုပ်သံဌာနက ဖော်ပြခဲ့သည်။ “ကိုဗစ်-၁၉ ရောဂါဟာ လူတွေကို သေစေနိုင်တဲ့ ကြောက်မက်ဖွယ်ရာ ရောဂါတစ်မျိုးဖြစ်ပါတယ်”ဟု ဘင်အိုမာက ပြောကြားခဲ့သည်။

နိုင်ဂျာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၅၅ ဦးနှင့် သေဆုံးသူ ၃၇ ဦးရှိကြောင်း သိရသည်။ နိုင်ဂျာနိုင်ငံသည် လက်ရှိတွင် စာသင်ကျောင်းများနှင့် ဝတ်ပြုဆုတောင်းသည့်နေရာများကို ပိတ်ထားသည့်အပြင် အရေးပေါ်အခြေအနေတစ်ရပ်လည်း ကြေညာထားကြောင်း သိရသည်။ **ကိုးကား-ဘနားမား၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်ပြီဟု ဩစတြီးယား ကျန်းမာရေးဝန်ကြီး ပြောကြား



**ဗီယင်နာ မေ ၅**

တင်းကျပ်သည့် အသွားအလာ ကန့်သတ်တားမြစ်ချက်များကို စတင်ဖြေလျှော့ခဲ့ပြီးနောက် ရက်သတ္တ သုံးပတ်အကြာတွင် နိုင်ငံအတွင်းဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ်ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဩစတြီးယားကျန်းမာရေးဝန်ကြီးက ယနေ့ပြောကြားသည်။

အခြေအနေသည် အလွန်တည်ငြိမ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် နေ့စဉ်တိုးတက်မှုသည် သုည ဒသမ ၂ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းသွားကြောင်း၊ မတ်လလယ်ပိုင်းကထက် ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ကျန်းမာရေးဝန်ကြီး ရူးဒေါ့ဖ် အန်စခိုဗာက ပြောကြားသည်။

အသွားအလာ တားမြစ်ကန့်သတ်ချက်များ စတင်ချမှတ်ခဲ့ပြီးနောက် တစ်လအကြာတွင် ဈေးဆိုင်ငယ်များ၊ ကုန်မာဆိုင်နှင့် ဥယျာဉ်လုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များကို ပြန်ဖွင့်ခဲ့သည်။ သို့သော်လည်း ဈေးဆိုင်များနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းတို့ကို မဖြစ်မနေပြုလုပ်ရမည်ဖြစ်သည်။

ဈေးဆိုင်ကြီးများသည်လည်း ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေနေ့များက ပြန်ဖွင့်ခဲ့ကြပြီး ပြည်သူများအပေါ် အိမ်ပြင်ထွက်ခွင့် ကန့်သတ်ချက်များကိုလည်း ရုပ်သိမ်းခဲ့သည်။ စာသင်ကျောင်းများ ယခုလတွင် ပြန်ဖွင့်နေပြီဖြစ်ကာ စားသောက်ဆိုင်များကို မေလလယ်တွင် ပြန်ဖွင့်မည်ဟု မျှော်လင့်ကြသည်။

အသွားအလာ တားမြစ်ကန့်သတ်မှု ပထမအဆင့် ရုပ်သိမ်းမှုသည် ကောင်းကောင်းမွန်မွန် အောင်မြင်ခဲ့ကြောင်း၊ တားမြစ်ကန့်သတ်ချက်များကို ပိုမိုလျှော့ပေးနေသော်လည်း ပြည်သူများသည် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်၍ ဆက်၍သတိရှိနေရန်လိုကြောင်း ဝန်ကြီးက သတိပေးပြောကြားခဲ့သည်။

လူဦးရေ ကိုးသန်းနီးပါးရှိသည့် ဩစတြီးယားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပျံ့နှံ့မှုပြဿနာကို ဆိုးဆိုးရွားရွားခံခဲ့ရသည်။ နိုင်ငံအတွင်း၌ ယနေ့အချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၆၀၀ နီးပါး၊ သေဆုံးသူ ၆၀၆ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၁၃၄၀၀ ကျော်ရှိကြောင်း ဩစတြီးယားနိုင်ငံက ထုတ်ပြန်ထားသည်။ ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ခဲ့သည့် စမ်းသပ်စစ်ဆေးမှုများက နိုင်ငံ့လူဦးရေ၏ သုည ဒသမ ၁၅ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်ဟု ယူဆကြသည်။

ကိုးကား -အေအက်ဖ်ပီ

ဘာသာပြန်-အောင်ဇော်လင်း

## ကယ်လီဖိုးနီးယားပြည်နယ်တွင် ခရီးသွားလာမှု ပိတ်ပင်ထားမှုများကို ပြန်လည်ဖြေလျှော့

**နယူးယောက် မေ ၅**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ခရီးသွားလာမှု ပိတ်ပင်ထားမှုများကို ပြန်လည်ဖြေလျှော့ခဲ့ပြီး အချို့စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ခွင့်ပြုခဲ့သည်။ အထက်ပါကြေညာချက်ကို ယမန်နေ့က ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂယ်ဗင်နူဆွန်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဝတ်အထည်၊ ပန်း စသောကုန်ပစ္စည်းများရောင်းချသော စတိုးဆိုင်များအနေဖြင့် ကုန်ပစ္စည်းများ တိုက်ရိုက်ပို့ဆောင်သောစနစ်ဖြင့် ရောင်းချခဲ့သည်။ စားသောက်ဆိုင်များနှင့် ဈေးဝယ်စင်တာများကို ပိတ်ထားသည်။

နူဆွန်က ပြောကြားရာတွင် ရောဂါကူးစက်မှုများ လျော့ကျသွားသော်လည်း သတိထားစောင့်ကြည့်ရမည့် အခြေအနေရှိသည်ဟု ပြောကြားသည်။ ဒေသခံမီဒီယာများ၏ပြောကြားချက်အရ စီးပွားရေးလုပ်ငန်းအချို့မှာ နေအိမ်အတွင်းနေထိုင်ရန်ချမှတ်ထားသော စည်းကမ်းချက်များကို ချိုးဖောက်ပြီး ကနဦးကာလများအတွင်း လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေကြကြောင်း ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

## ရုရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ၁၀၁၀၂ ဦး ကူးစက်ခံရ၊ ၉၅ ဦး ထပ်မံသေဆုံး

**မော်စကို မေ ၅**

ရုရှားနိုင်ငံ၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၁၀၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၅၅၃၇၀ ရှိလာကြောင်း၊ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ နှင့်အထက် သုံးရက်ဆက်တိုက်ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း ၉၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၅၁ ဦးရှိလာကြောင်း၊ ၁၇၇၀ ပြန်လည်ကျန်းမာလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၉၈၆၅ ဦး ရှိလာကြောင်းသိရသည်။

ထို့အပြင် မြို့တော်မော်စကို တစ်မြို့တည်းတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၁၄ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၈၀၁၁၅ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံအတွင်းရှိ လူဦးရေ ၂၂၅၁၀ သည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုကို လောလောဆယ် ခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။ ထို့အပြင် ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်ကတည်းက ၄ ဒသမ ၄ သန်း၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် မရှိမဖြစ်လိုအပ်သော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှလွဲ၍ ရုရှားပြည်သူအားလုံးကို မတ် ၃၀ မှ မေ ၁၁ ရက်အထိ လစာအပြည့်ဖြင့် ခွင့်ပြုထားပြီး ပြည်သူများအား ၎င်းတို့၏ နေအိမ်များတွင် သီးခြားခွဲ၍ နေကြရန် ညွှန်ကြားထားကြောင်း သိရသည်။ သို့သော် ဆေးဝါးကုသမှု၊ လုပ်ငန်းခွင်သို့သွားခြင်း၊ အနီးအနားရှိ စတိုးဆိုင် သို့မဟုတ် ဆေးဆိုင်များသို့ ဈေးဝယ်ခြင်းကိုမူ ပြည်သူများအား ခွင့်ပြုထားကြောင်း သိရသည်။

ရုရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်လူနာ ၁၀၀၀၀ ခန့်ကုသပေးနိုင်သည့် ယာယီဆေးရုံ ၄၄ ရုံကို မြို့တော် မော်စကို၌ မကြာမီကာလအတွင်း တည်ဆောက်မည်ဖြစ်ကြောင်း မော်စကို ဒုတိယမြို့တော်ဝန် ပီထရာဘာရီယူကော့ဗ်က ပြောကြားသည်။ ထို့အပြင် မော်စကိုမြို့ရှိ ကြီးမားသော အခြားငါးနေရာကိုလည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအတွက် ယာယီဆေးရုံများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျော်တီ

## ဂျပန်နိုင်ငံ၌ ၃၉ နှစ်ဆက်တိုက် ကလေးဦးရေ ကျဆင်း

**တိုကျို မေ ၅**

မေ ၅ ရက်သည် ဂျပန်နိုင်ငံ၏ ကလေးများနေ့ဖြစ်ပြီး နိုင်ငံ၏ ကလေးအရေအတွက်သည် ၁၉၈၂ ခုနှစ်နောက်ပိုင်း နှစ်စဉ်ကျဆင်းခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**လျော့ကျ**

ဂျပန်နိုင်ငံတွင် ဧပြီ ၁ ရက်အထိ အသက် ၁၄ နှစ်နှင့်အောက် ကလေးဦးရေသည် ၁၅ ဒသမ ၁၂ သန်း ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ခန့်မှန်းတွက်ချက်ထားပြီး ယခုနှစ် နှစ်စပိုင်းက ရယူထားသည့် စစ်တမ်းများအရ ကလေးဦးရေ ၂၀၀၀၀၀ အထိ လျော့ကျခဲ့ခြင်းဖြစ်သည်။

လက်ရှိဂျပန်နိုင်ငံ၏ ကလေးဦးရေသည် နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၁၂ ရာခိုင်နှုန်းဖြစ်ပြီး ယင်းအရေအတွက်သည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းစာပါက သုည ဒသမ ၁ ရာခိုင်နှုန်း လျော့ကျခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၁ ရက်အထိ ကလေးဦးရေသည် စီရင်စုဆိုင်ရာအချက်အလက်များအရ နိုင်ငံအတွင်းရှိ စီရင်စု ၄၇ ခုအနက် တိုကျိုတစ်ခုတည်းသာ ကလေးဦးရေ တိုးလာခဲ့ကြောင်း သိရသည်။

တိုကျို၏ကလေးဦးရေ မြင့်တက်မှုသည် ယင်းမြို့အတွက် ခြောက်နှစ်ဆက်တိုက် ကလေးဦးရေ တိုးလာခဲ့ခြင်းဖြစ်သည်။ အိုကီနာဝါစီရင်စု၏ ကလေးဦးရေ အမြင့်ဆုံးနှုန်းသည် ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ရှိုဂါစီရင်စုက ၁၃ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဆာဂါစီရင်စုက ၁၃ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

အာကီတာစီရင်စုသည် ၉ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ကလေးဦးရေ အနည်းဆုံးနှုန်းထားဖြင့် မှတ်တမ်းဝင်ခဲ့ပြီး ယင်းအရေအတွက်သည် ၁၉၇၀ ပြည့်နှစ်အတွင်း ရယူထားသည့် နှိုင်းယှဉ်ချက်ဆိုင်ရာ အချက်အလက်များနောက်ပိုင်း ၁၀ ရာခိုင်နှုန်းအောက် ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-အလင်းသစ်



## အင်ဒိုနီးရှားအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း တရုတ်သံအမတ်ကြီး ပြောကြား

**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် အောင်မြင်မှုရရှိမည်ဟု မိမိတို့ယုံကြည်ကြောင်း အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဇီယိုကွမ်းက ပြောကြားသည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို၏ ခိုင်မာသော ဦးဆောင်မှုအောက်တွင် အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးကို ပြီးပြည့်စုံသောမူဝါဒများဖြင့် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

**ကျော်လွှားနိုင်မည်ဟုယုံကြည်**

အင်ဒိုနီးရှားပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် ခိုင်မာသောရပ်တည်ချက်ရှိပြီး ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို မိမိတို့အသိအမှတ်ပြုပြီး ထိုကြိုးစားအားထုတ်မှုများကြောင့် ကိုရိုနာဗိုင်းရပ်စ်ကို ကျော်လွှားနိုင်မည်ဟုယုံကြည်ကြောင်း ဇီယိုကွမ်းက ပြောကြားသည်။

တရုတ်နိုင်ငံက အင်ဒိုနီးရှားသို့ မတ်လအတွင်းက ဆေးဘက်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ကို စေလွှတ်ခဲ့ကြောင်း၊ ၎င်းအဖွဲ့နှင့်အတူ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ရောဂါစမ်းသပ်ရေးကိရိယာများ၊ နှာခေါင်းစည်းများ၊ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် အသက်ရှူအထောက်အကူပြုကိရိယာများကိုပါ ပေးပို့ခဲ့ကြောင်း သူက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အတည်ပြုလူနာ ၁၂၀၀၀ ရှိပြီး ၈၇၂ ဦး သေဆုံးခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# မိုးမောက်၊ ပြင်ဦးလွင်နှင့် မိုင်းဖြတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၅**

ဒွေါဖုန်းယန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၇ နာရီခွဲက မိုးမောက်မြို့နယ်၊ မြစ်ကြီးနား-ဗန်းမော်သွားကားလမ်းနှင့် ဒွေါဖုန်းယန်-ကုန်းလောသွားကားလမ်းဆုံတွင် ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ မဘောက်ဆန်နှင့် မခွန်မိုင်တို့၏ ခရီးဆောင်အိတ်များအတွင်းမှ ဘိန်းဖြူသုညဒသမ ၄၃ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မေ ၄ ရက် နံနက် ၃ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း အေးရှားဝေါတိုးဂိတ်ဟောင်း အနီးရှိ ပူးပေါင်းစစ်ဆေးရေး စခန်းတွင် မြင့်သန်းဦး မောင်းနှင်ပြီး စိုင်းထက်အောင် လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ အမိုနီယမ်နိုက်ထရိတ် ကီလို ၁၅၀၀၀ ကို လည်းကောင်း။

ထို့အတူ မိုင်းဖြတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဖြတ်မြို့နယ် မိုင်းဖြတ်-ကျိုင်းတုံသွားကားလမ်း ကီလိုမီတာ (၇၀၆)နှင့် (၇၀၇)ကြားတွင် လမ်းလျှောက်လာသော အမျိုးသားနှစ်ဦးအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ၎င်းတို့လက်ထဲရှိ လက်ဆွဲအိတ်တစ်လုံးကိုပစ်ချ၍ ထွက်ပြေးသွားခဲ့သဖြင့် လက်ဆွဲအိတ်ကို စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၇ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



မဘောက်ဆန်၊ မခွန်မိုင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# မနုဖြူနှင့် အိမ်မဲမြို့နယ်တို့၌ ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာဥပဒေဖြင့် အရေးယူ

**မနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး မနုဖြူမြို့နယ် ဆကာကြီးကျေးရွာ အထက်တန်းကျောင်း၌ မေ ၄ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါသံသယဖြင့် စောင့်ကြည့်နေသူ သက်နိုင်ဦး၊ ချမ်းမြေ့ဦး၊ ဝေလင်းထွန်းနှင့် ဇေယျာဖြိုးတို့သည် အရက်သေစာသောက်စားပြီး တာဝန်ကျသူများအား မချေမငံပြောဆိုသဖြင့် သက်နိုင်ဦးပါ လေးဦးအား မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်သုံးလ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ခြောက်အိမ်တန်းကျေးရွာ စစ်ဆေးရေးကင်းတဲ၌ မောင်သက်(ခ)သက်စိုးနောင်သည် မေ ၄ ရက် ည ၇ နာရီက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကာကွယ်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများအသုံးပြုရန်ထားရှိသော ဆပ်ပြာခွက်နှင့်ရေပုံးများအား အကြောင်းမဲ့ရိုက်ခွဲဖျက်ဆီးနေ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လင်းထွန်း ဦးစီးပူးပေါင်းအဖွဲ့က သွားရောက်တားဆီးစဉ် မောင်သက်(ခ)သက်စိုးနောင်က မချေမငံပြန်လည်ပြောဆိုခဲ့သဖြင့် ၎င်းအား အိမ်မဲမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်တစ်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ပျဉ်းမနားနှင့် မဟာအောင်မြေမြို့နယ်တို့၌ ဒေသန္တရအမိန့် ဖောက်ဖျက်သူများအား အရေးယူ

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုး ဦးစီးပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ည ၁၀ နာရီခွဲက ပျဉ်းမနားမြို့နယ်အတွင်း လိုက်လံစစ်ဆေးနေစဉ် မင်္ဂလာဒီပရပ်ကွက် မင်္ဂလာရေခဲစက်ရှေ့၌ ဘိုဘိုဟန်ပါ နှစ်ဦးအား လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ သိန်းဇော်ပါနှစ်ဦးအား လည်းကောင်း၊ စက်ရုံဘုန်းကြီးကျောင်းရှေ့၌ နေလင်းအောင်အား လည်းကောင်း၊ ရွှေချီရပ်ကွက်(၆)လမ်းတံတားထိပ်၌ အောင်ခိုင်မြင့်အား လည်းကောင်း တွေ့ရှိရသဖြင့် ဒေသန္တရအမိန့်ဖောက်ဖျက်သူ ခြောက်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မဟာအောင်မြေ**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ၃၈ x ၃၉ လမ်းကြား၊ ၈၆ လမ်း၌ မေ ၄ ရက် ည ၁၂ နာရီ ၁၀ မိနစ်က မြို့နယ်အတွင်း လိုက်လံစစ်ဆေးနေစဉ် တင်စိုးလင်း(ခ)ကုလားလေးပါ သုံးဦးတို့အား လည်းကောင်း၊ သံလျက်မှော်အနောက်ရပ်ကွက်လမ်း၌ သူရ(ခ)မင်းမင်းပါ သုံးဦးအား လည်းကောင်း၊ အလားတူ နံနက် ၁ နာရီ ၁၅ မိနစ်တွင် အေးသာယာနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အေးသာယာမြို့ (၇)ရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးကျောင်းရှေ့၌ အောင်မြတ်ကို(ခ)ဖိုးသာ အောင်ပါ ခြောက်ဦးအား လည်းကောင်း တွေ့ရှိဖမ်းဆီးရမိသဖြင့် ဒေသန္တရ အမိန့်ဖောက်ဖျက်သူများအား သက်ဆိုင်ရာမြို့နယ်တရားရုံးများသို့ တရားစွဲ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

# သစ်ပင်တက်ခုတ်ရာမှ ပြုတ်ကျသေဆုံး

**ကျောက်တံခါး မေ ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ ရွှေဝါကျေးရွာတွင် မေ ၄ ရက်က အမျိုးသားတစ်ဦး သစ်ပင်တက်ခုတ်ရာမှ ပြုတ်ကျသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ အမျိုးသားတစ်ဦး ကုက္ကိုပင်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်းသတင်းအရ ရဲအုပ်ကျော်ကျော်ဦးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ဦးဝင်းငွေသည် ပေ၂၀ ခန့်မြင့်သော ကုက္ကိုပင်မှ သစ်ကိုင်းများမှာ မီးကြိုးနှင့် မလွတ်ကင်းသဖြင့် ခုတ်ထွင်ရှင်းလင်းစဉ် ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

တောကျွဲအင်း နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း ဘေးကင်းရန်ကွာ
လွှန်ချမ်းသာ

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၈၇ စီး၊ သွင်းကုန် ၇၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇ သန်း) ရှိ Bestway Mickey Mouse Clubhouse Family Pool(262mx1.75mx51cm)(1x2) Pcs ၁၅ ဖာ၊ AC Electric Air-Pump, Model yf -205 Inflator/Deflator (1x45) Pcs နှစ်ဖာအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)စက်မှုဇုန်တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၁) မက္ခရာမင်းသားကြီးလမ်းနှင့် ဦးချိန်လမ်းထောင့်ရှိ ဦးကျော်သိန်းတန် ပိုင်ဆိုင်သည့် စားသောက်ပစ္စည်းကုန်ကြမ်းသိုလှောင်ရုံတွင် ယနေ့ မွန်းလွဲပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့သည်။

**မီးငြိမ်းသတ်နိုင်ခဲ့**

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားသည်။

မီးလောင်ကျွမ်းမှုမှာ level(2)ဟု သိရပြီး မီးစတင်လောင်ကျွမ်းရသည့် အကြောင်းရင်းနှင့် မီးလောင်ဆုံးရှုံးမှု တန်ဖိုးအား စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုကြီးစိုး(ဆိပ်ကမ်း)



# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၅-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀)နာရီ

၁။ (၅-၅-၂၀၂၀) ရက်နေ့ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲ နမူနာ (၁၈၆) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၆) ခုနှင့် နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၆၃) ခု၊ စုစုပေါင်း (၆၅၅) ခုတွင် -

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၆၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၉) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈)ဦး ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၅-၅-၂၀၂၀) ရက်နေ့၊ ည (၁၀:၀၀) နာရီ**

| | |
|---|---|
| (၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) ဓာတ်ခွဲဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၆၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၅-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲနမူနာ (၉၄) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၆) ခု၊ စုစုပေါင်း (၂၀၀) ခုတွင် -

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၂။ (၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၆၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ ထိုသို့စစ်ဆေးမှုများတွင် (၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၄၉) ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉၈)ဦး ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (ပထမအသုတ်) | (၉၄) ခု |
| (၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၆) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID-19 ရောဂါပိုးတွေ့ရှိခဲ့သော စစ်သည်နှင့် ထိတွေ့မှုရှိသူများတွင် ရောဂါပိုး မတွေ့ရှိ

**နေပြည်တော် မေ ၅**

နေပြည်တော်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော စစ်သည်တစ်ဦးတွင် ဓာတ်ခွဲအတည်ပြုချက်အရ COVID–19 ရောဂါပိုး တွေ့ရှိခဲ့ကြောင်း ယမန်နေ့က သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါစစ်သည်နှင့် ဆက်စပ်ထိတွေ့ခဲ့သူ ၃၆၃ ဦးကို လိုအပ်သည့် အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုများ ဆောင်ရွက်ပြီး ယမန်နေ့တွင် နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)ရှိ COBAS 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ရာ အဆိုပါ ၃၆၃ ဦးစလုံးတွင် COVID–19 ရောဂါပိုး တွေ့ရှိသူမရှိ(မရှိ)ကြောင်း သိရှိရသည်။ ၎င်းစစ်သည်အနေဖြင့် လွန်ခဲ့သည့် တစ်လအတွင်း တပ်ပြင်ပသို့ ခရီးသွားလာခဲ့သည့် ရာဇဝင်မရှိခဲ့ဘဲ ရောဂါကူးစက်ခံရမှုအခြေအနေအား သိရှိနိုင်ရန်နှင့် ၎င်းစစ်သည်နှင့် ထိတွေ့မှုရှိခဲ့သူများကို ထပ်မံစိစစ်ဖော်ထုတ်၍ လိုအပ်သည့် ဆေးစစ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၅**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၅**

ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ကဏ္ဍများတွင် ဖြစ်နိုင်ခြေရှိသည့် ထိခိုက်မှုများနှင့် ပြန်လည်ကုစားပေးရမည့်အစီအစဉ်များ ဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ**၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့်အတူ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ အသိပညာပေးခြင်း၊ ဝင်ငွေဆုံးရှုံးသွားသည့် လယ်သမားများအား မိုးရာသီအမီ စိုက်ပျိုးနိုင်ရန် ငွေကြေးထောက်ပံ့ခြင်း၊ ချေးငွေများခြင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်ရှာဖွေမှုအတွက် အကြံဉာဏ်ပေးခြင်း၊ Cash for Work အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီအောက်တွင် ပါဝင်သည့် ဦးစီးဌာနများက မိမိတို့၏ သက်ဆိုင်ရာကဏ္ဍများတွင် ကာလတို၊ ကာလရှည် ပိုင်းခြားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကူးစက်ရောဂါထိန်းချုပ်နိုင်ပြီး နောက်ပိုင်းကာလများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးအခြေခံ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင် ဖန်တီးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများတွင် ထိခိုက်မှု လျော့နည်းသက်သာစေရေး၊ ဒေသအလိုက် မတူညီနိုင်သည့် အခြေအနေအရပ်ရပ်အပေါ် ပိုင်းခြားသုံးသပ်ပြီး တစ်ပြေးညီ အောင်မြင်စွာဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လက်ရှိ ကိုဗစ်–၁၉ ကူးစက်ရောဂါ ထိန်းချုပ်ရေးကာလနှင့် ပြန်လည်ထူထောင်ရေးကာလများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထွက်ရှိလာမည့် ထုတ်ကုန်များ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပြန့်ပွားရေးနှင့် သတင်းအချက်အလက် ဖလှယ်ရေးအစီအမံများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က လိုအပ်ချက်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Foundation for Peace and Development မှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများအား ပေကျင်းမြို့ရှိ မြန်မာသံရုံးက လက်ခံရယူ

**ပေကျင်း မေ ၅**

မြန်မာအစိုးရနှင့်ပြည်သူများ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း Coronavirus Disease 2019 (COVID-19)နှင့်ပတ်သက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းများကို ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ ဆက်သွယ်လှူဒါန်းလျက်ရှိသည်။

ထိုကဲ့သို့ ဆက်သွယ်လှူဒါန်းလျက်ရှိရာ ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်း ဆိုင်ရာ ကူးစက်ရောဂါပြန့်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုများပြုလုပ် ရာတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်ယွမ်ငွေ ၅ ဒသမ ၃ သန်းတန်ဖိုးရှိ Surgical Masks နှာခေါင်းစည်း ၁၂၀၀၀၀၀၊ Personal Protective Equipment-PPE ဝတ်စုံ ၃၆၀၀၊ Medical Eye Shield (ရောဂါကာကွယ်ရေး မျက်နှာဖုံး) ၉၇၀၀ နှင့် Non-Contact Infrared Thermometer (အပူချိန်တိုင်းကိရိယာ) ၈၀၀ တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Foundation for Peace and Development မှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ ကျင်းပရာ China Foundation for Peace and Development အတွင်းရေးမှူးချုပ် Mr. Xu Jianguo က တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေထံသို့ လှူဒါန်းပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။**(ယာပုံ)**

အခမ်းအနားတွင် China Foundation for Peace and Development အတွင်းရေးမှူးချုပ် Mr. Xu Jianguo က လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက ကျေးဇူးတင် စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို မြန်မာနိုင်ငံ မူဆယ်မြို့ နယ်စပ်ဂိတ်မှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။**သတင်းစဉ်**



# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ကမ္ဘောဇဘဏ်က ဆန်အိတ် ၁၀၀၀ လှူဒါန်း



**ရန်ကုန် မေ ၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပြည်သူများအတွက် ဆန်အိတ် ၁၀၀၀ ကို ကမ္ဘောဇဘဏ်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရရုံး၌ ပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က လက်ခံရယူခဲ့သည်။

ကမ္ဘောဇဘဏ်သည် ၂၀၁၆ ခုနှစ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျပ်သိန်း ၁၀၀၀ မတည် လှူဒါန်းခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော တနင်္သာရီမြစ် ရေကြီးရေလျှံမှုတွင် ငွေကျပ်သိန်း ၅၀၀ ကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ပြည်သူများထံသို့ လှူဒါန်းခဲ့သည့်အပြင် ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ကုန်ခြောက်များကို ဘဏ်အရာထမ်း၊ ဝန်ထမ်းများက ပေးအပ်လှူဒါန်းခဲ့သည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်သည် နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးရှိ အခြေခံ ပြည်သူများကို ပေးဝေလှူဒါန်းရန်အတွက် ရည်ရွယ်၍ ငွေကျပ်သိန်း ၆၀၀၀ကျော် တန်ဖိုးရှိဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းထားသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ယနေ့ အထိ ငွေကျပ်သိန်းပေါင်း ၃၃၀၇၄ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ **ကိုကျော်**

# ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ရှိ IDPs စခန်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် IDPs စခန်းများတွင် ခိုလှုံနေထိုင်သူများအတွက် အခြေခံလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားချိန်တွင်လည်း IDPs စခန်းများ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ထိရောက်သော လုပ်ငန်းများဖြစ်စေရေး စနစ်တကျဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်စေရန်အတွက် "စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး စီမံချက်"ကိုရေးဆွဲခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံချက်နှင့်အညီ ရခိုင်ပြည်နယ်ရှိ IDPs စခန်းများ၌ မတ် ၂၈ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊



လိုက်နာရမည့် အချက်များကို လက်ကိုင်စပီကာ , Loud speaker များအသုံးပြု၍ ထိရောက်သော အသိပညာပေးမှု ဆောင်ရွက်ခြင်း၊ ဆပ်ပြာများဝေငှခြင်းများနှင့် စခန်းများအတွင်း သံသယလူနာ၊ သံသယလူနာနှင့် ထိစပ်ခဲ့သူများရှိပါက လူနာညွှန်းပို့ခြင်း (Flow Chart) များနှင့် ညွှန်းပို့မည့်နေရာများကို ရေးဆွဲထားပြီး IDPs စခန်းများတွင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ထားရှိသည်။

ထို့အပြင် IDPs စခန်းများအတွက် ပြန်လည်လျှော်ဖွပ်နိုင်သည့် အဝတ်နှာခေါင်းစည်းများထောက်ပံ့ခြင်း၊ ဆပ်ပြာခဲ/တောင့်ထောက်ပံ့ခြင်း၊ လက်သန့်ဆေး ထောက်ပံ့ခြင်း၊ လက်ဆေးစင်များတပ်ဆင်ပေးခြင်း၊ အပူချိန်တိုင်း ကိရိယာထောက်ပံ့ခြင်း၊ ပိုးသတ်ဆေးဖျန်းဆေးပုံးနှင့် ပိုးသတ်ဆေးရည်ထုတ်ပေးခြင်း၊ ထုံးအိတ်ပံ့ပိုးခြင်း၊ Face-Shield ထောက်ပံ့ခြင်း၊ စခန်းများတွင် Quarantine ထားရှိရန် လိုအပ်လာပါက အဆောက်အအုံ(ယာယီ)ဆောက်လုပ်ရန် စီမံထားခြင်း၊ လိုအပ်ပါက ရိက္ခာထောက်ပံ့ခြင်း၊ Cash-for-Work အစီအစဉ်များ ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုသိုလှောင်ရုံမှ စစ်တွေမြို့သို့ စင်းလုံးငှားမော်တော်ယာဉ်နှစ်စီးဖြင့် ထောက်ပံ့ရေးပစ္စည်းများတင်ပို့ခဲ့ရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိပြီး Surgical Mask ၃၀၀၀၀၊ အဝတ် နှာခေါင်းစည်း ၅၀၀၀၊ လက်သန့်ဆေး ၃၉၄၆၀၊ အပူချိန်တိုင်း ကိရိယာ ၁၀၀၊ လက်ကိုင် စပီကာ ၁၇၃ ခုနှင့် အသိပညာပေး အသံဖိုင်များပါဝင်သည့် Memory Stick ၁၆၄ ခုတို့ကို စစ်တွေမြို့ရှိ သက္ကယ်ပြင်၊ မော်သီညာ၊ ဒါးပိုင်၊ ခေါင်းဒုတ်ကာ၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊အုန်းတောကြီး(မြောက်)၊ အုန်းတောကြီး(တောင်)၊ အုန်းတောချေ၊ ဆေးသမားကြီး၊ ဘာဆာရာ၊ သဲချောင်း IDPs စခန်းများနှင့် ပေါက်တောမြို့နယ်ရှိကြိမ်နီပြင်နှင့် ဆင်တက်မော် IDPs စခန်းများသို့သွားရောက်၍ ထောက်ပံ့မှုများစတင်ဆောင်ရွက်လျက်ရှိသည်။ ကျန်စခန်းများသို့လည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

**တပ်ဆင်အသုံးပြုလျက်ရှိ**

အထူးသဖြင့် စခန်းအတွင်းနေထိုင်သူများ အားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် အဝတ်ဖြင့်ချုပ်ထားသော နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ထားရန်နှင့် အသုံးပြုရန် နည်းလမ်းများကိုလည်း ပညာပေးမှုများ ပြုလုပ်ခဲ့ကြရာ မိမိအိမ်တွင်းနေထိုင်စဉ်၊ ဈေးဝယ်ထွက်စဉ်၊ ဈေးရောင်းစဉ်နှင့် လမ်းခရီးသွားလာမှုများတွင်ပါ နှာခေါင်းစည်းများတပ်ဆင် အသုံးပြုလျက်ရှိကြပြီဖြစ်သည်။

ရခိုင်ပြည်နယ် IDPs စခန်းများတွင် မတ် ၂၈ ရက်မှ မေ ၅ ရက်အထိ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဆပ်ပြာတောင့် ၁၆၃၃၀၊ နှာခေါင်းစည်း ၃၅၄၉၄ ခု၊ လက်ဆေးစင် ၁၂ ခု၊ Hand Sanitizer ၁၆၇၂၇ ဘူး၊ အပူချိန်တိုင်းကိရိယာ ၁၉ ခု၊ လက်ကိုင် စပီကာ ၁၂ ခုနှင့် Memory Stick ၁၂ ခုတို့အား ထောက်ပံ့ခဲ့ပြီး ဆက်လက်၍ လက်ဆေးစင်နှင့် ဆက်စပ်ပစ္စည်းအစုံ ၂၇၀ ကိုလည်း IDPs စခန်းများတွင် အမြန်ဆုံးဆက်လက် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာပါစေ ကမ္ဘာမြေ

မိမိုးအေး (ဘားအံတက္ကသိုလ်)

ကမ္ဘာဦးအချိန်ကစလို့ ဒီနေ့အထိ ဒီကမ္ဘာကြီးမှာ မှီတင်းနေထိုင်ကြတဲ့ သက်ရှိသတ္တဝါအားလုံးဟာ ကမ္ဘာမြေရဲ့ အပြောင်းအလဲတွေ၊ သဘာဝဘေးတွေ၊ ကပ်ဘေးတွေနဲ့ မရေမတွက်နိုင်အောင် တွေ့ကြုံရင်ဆိုင်ခဲ့ကြရပါတယ်။ ကျွန်မတို့ လူသားတွေလည်း ဒါတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတာ ဒီနေ့အထိပါပဲ။ နောင်ကိုလည်း ရှိနေဦးမှာပါပဲ။ သဘာဝတရားက အနိုင်ယူသွားတာမျိုးရှိခဲ့သလို လူသားတွေရဲ့ စွမ်းအားနဲ့ အနိုင်ရခဲ့တာတွေလည်း အများကြီးပါပဲ။ လူသားတွေရဲ့ သတိ၊ အသိ၊ ပညာနဲ့ ရင်ဆိုင်ဖြေရှင်းကြရင်တော့ အလုံးစုံ မဟုတ်ရင်တောင်မှ အကောင်းဆုံး ဆောင်ရွက်နိုင်ကြမယ်လို့ ကျွန်မယုံကြည်ပါတယ်။

ပါဠိစာပေတွေထဲမှာ 'ကပ္ပ' လို့ခေါ်တဲ့ 'ကပ်' အမျိုးအစားသုံးမျိုးရှိတယ်လို့ ဖော်ပြထားပါတယ်။

'အသင်္ချေယျကပ်' လို့ခေါ်တဲ့ ရှည်လျားလှတဲ့ အချိန်ကာလတစ်ခုကြားကာလမှာ သတ္တဝါတွေသေကျေကြတာ၊ ကမ္ဘာပျက်တာကို 'အန္တရကပ်' လို့ခေါ်တဲ့အကြောင်း အဘိဓာန်တွေမှာ ဖွင့်ဆိုထားပါတယ်။ အဲဒီ 'အန္တရကပ်' ဟာ အမျိုးအစား သုံးမျိုး ရှိပါတယ်။ အဲဒါတွေကတော့–

- ဒုဗ္ဘိက္ခန္တရကပ် – ငတ်မွတ်ခေါင်းပါး အစာရှားခြင်းကြောင့် ကမ္ဘာပျက်ခြင်း၊
- ရောဂန္တရကပ် – အနာရောဂါကြောင့် သတ္တဝါအပေါင်း သေကျေပျက်စီးခြင်း၊
- သတ္ထန္တရကပ် – လက်နက်ကြောင့် သတ္တဝါအပေါင်း ပျက်စီးခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ အင်မတန်ကြောက်စရာကောင်းတဲ့ Coronavirus Disease (COVID–19) ဆိုတဲ့ ရောဂန္တရကပ်နဲ့ ကမ္ဘာနဲ့တစ်ဝန်းမှာ ရင်ဆိုင်နေကြရပါတယ်။ ကူးစက်နှုန်းကလည်း မြန်ဆန်ပြီး သေဆုံးမှုလည်း များပြားလှပါတယ်။ လက်ရှိအချိန်အထိ ထိန်းချုပ်နိုင်ခြင်းလည်း မရှိသေးပါဘူး။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ကြိုးစားဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း မတ်လ ၁၁ ရက်နေ့မှာ ဒီရောဂါကို ကပ်ရောဂါအဖြစ် ကြေညာခဲ့ပါတယ်။ ကမ္ဘာနဲ့တစ်ဝန်း ဖြစ်နေတဲ့ ဒီရောဂါဟာ ကျွန်မတို့နိုင်ငံကိုလည်း ပျံ့နှံ့ကူးစက်လာပါတယ်။ စောင့်ကြည့်လူနာတွေထဲကပဲ နှစ်ဦးကို ပထမဦးဆုံး ရောဂါပိုးတွေ့ရှိတဲ့အကြောင်း မတ်လ ၂၃ရက်နေ့မှာ တရားဝင် ကြေညာခဲ့ပါတယ်။

### အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီကိစ္စကို အမျိုးသားအဆင့်ဗဟိုကော်မတီဖွဲ့စည်းပြီး အချိန်နဲ့တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်တဲ့နေရာမှာတော့ ကျွန်မတို့နိုင်ငံအတိုင်းအတာအရ အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်ပေးနေတယ်လို့ မြင်ပါတယ်။ တချို့အားနည်းချက်တွေ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်မတို့ မသိတဲ့ အခက်အခဲတွေ၊ ကျွန်မတို့ မမြင်နိုင်တဲ့ ဖိအားတွေကို နိုင်ငံတော်ကလည်း ရင်ဆိုင်နေရမှာပါ။

နိုင်ငံတော်က တာဝန်ရှိသူတွေကလည်း အခြေအနေ အချိန်အခါကိုကြည့်ပြီး ချက်ချင်းဆောင်ရွက်ရမယ့်ကိစ္စလား၊ အချိန်ယူပြီး ဆောင်ရွက်ရမယ့်ကိစ္စလား ခွဲခြားဆောင်ရွက်နေကြမှာပါ။ ချမ်းသာတဲ့ နိုင်ငံတွေတောင်မှ ဒီကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ ပြီးပြည့်စုံတာမျိုး ရှိချင်မှရှိမှာပါ။ ဒါကြောင့် ကျွန်မတို့ တိုင်းပြည်မှာလည်း ပြည့်စုံဖို့ဆိုတာ လွယ်တော့ မလွယ်ကူလှပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတော်နဲ့ပြည်သူပူးပေါင်းပြီး အကောင်းဆုံး ဆောင်ရွက်နေကြတာကို ကျွန်မတို့ မြင်တွေ့နေတာကတော့ အမှန်ပါပဲ။

ကျေးဇူးတင်စရာအကောင်းဆုံးကတော့ ဒီကိစ္စစပြီးဖြစ်ကတည်းက အခုချိန်အထိ အနီးကပ် တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေပါပဲ။ သူတို့နဲ့အတူ ကျေးဇူးတင်စရာကောင်းတဲ့ သူတွေကတော့ ကျန်းမာရေးစေတနာ့ဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်း အရန်တပ်ဖွဲ့တွေပါပဲ။

ရောဂါပိုး သံသယရှိလူနာတွေကို အနီးကပ်ပြုစုဖို့၊ စောင့်ကြည့်ရေးစခန်းတွေမှာ ကူညီဆောင်ရွက်ဖို့၊ နယ်စပ်ကနေ ပြန်ဝင်လာတဲ့သူတွေကို စစ်ဆေးဖို့တွေအတွက် ကျန်းမာရေးဝန်ထမ်းတွေ မလုံလောက်လို့ စေတနာ့ဝန်ထမ်းတွေ ခေါ်ယူကြတဲ့အခါ စာရင်းပေးသွင်းကြတာလည်း အားရစရာပါပဲ။ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျောင်းသား ကျောင်းသူ လူငယ်တွေဟာ ဖြစ်လာနိုင်တဲ့ အကျိုးဆက်အားလုံးကို လက်ခံပြီး၊ ကရုဏာတရားကို ရှေ့ထားပြီး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပါတယ်။ နောက်ဆက်တွဲ ဘာတွေဆက်ဖြစ်နိုင်မယ်ဆိုတာ သိနေရက်နဲ့ တက်တက်ကြွကြွ ပါဝင်ခဲ့ကြပါတယ်။

ကျွန်မကတော့ သူတို့ကို 'မဟာကရုဏာရှင်' တွေလို့ ဂုဏ်ပြုချင်ပါတယ်။ တကယ်တော့ ဒီဝေါဟာရက ဗုဒ္ဓကို ရည်ညွှန်းတဲ့ ဝေါဟာရတွေထဲက တစ်ခုပါ။ လူသားတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကယ်တင်ချင်တာဟာ ဗုဒ္ဓရဲ့ အဓိက ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ နေ့စဉ်အလုပ်ထဲမှာ မနက်မိုးသောက်ချိန်မှာ မဟာကရုဏာသမာပတ်ကို ဝင်စားပါတယ်။ 'မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ'လို့ ဆိုတဲ့အတိုင်း ရင်မှဖြစ်တဲ့ တစ်ဦးတည်းသောသားကို အသက်ရှင်ဖို့ အမေဖြစ်သူက အမြဲစောင့်ရှောက်သလို ဗုဒ္ဓက သတ္တဝါအားလုံးအပေါ်မှာ မဟာကရုဏာထားခဲ့တာ ဖြစ်ပါတယ်။

### အပြန်အလှန် စောင့်ရှောက်

ဝေဒနာခံစားနေပြီး မကျန်းမာတဲ့သူတွေကိုလည်း ဗုဒ္ဓက မဟာကရုဏာနဲ့ ပြုစုစောင့်ရှောက်ခဲ့တာကိုလည်း ပါဠိစာပေအနှံ့အပြားမှာ တွေ့ရပါတယ်။ လူနာနဲ့ပတ်သက်ပြီး ထင်ရှားတဲ့ ဂိလာနဝတ္ထုနဲ့ သာဓကပြနိုင်ပါတယ်။ ဗုဒ္ဓဟာ လူနာကို ကိုယ်တိုင်ကိုယ်ကျ ပြုစုပေးတဲ့အပြင် မကျန်းမာတဲ့သူကို စောင့်ရှောက်တဲ့နေရာမှာ အဆင့်ဆင့် တာဝန်ယူစောင့်ရှောက်ဖို့ မှာကြားခဲ့ပါတယ်။ အဲဒီအဆင့်တွေကတော့ ပထမဆုံး ဥပဇ္ဈာယ်ဆရာ၊ အာစရိယဆရာ၊ အနီးနေ တပည့်၊

**ကျွန်မကတော့ ပရဟိတစိတ် ရှိပေမယ့်လည်း ရှေ့တန်းအထိ မလိုက်ပါနိုင်ခဲ့ပါဘူး။ မပြောပလောက်တဲ့ ငွေကြေးနည်းနည်းလှူဒါန်းတာကလွဲပြီး ကိုယ်တိုင် ကိုယ်ကျလုပ်နိုင်တာမရှိခဲ့ပါဘူး။ ကျွန်မလုပ်ပေးနိုင်တာကတော့ ကိုယ့်အတွက် ဘယ်လိုအန္တရာယ်တွေရှိတယ်ဆိုတာ သေချာသိပြီး ကိုယ့်အသက်ကို ပဓာနမထားဘဲ လူနာတွေကို အနီးကပ်ကုသပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဘက်ပေါင်းစုံကနေ ပံ့ပိုးကူညီနေတဲ့ တာဝန်ကျဝန်ထမ်းတွေ၊ ပရဟိတသမားတွေ၊ အလှူရှင်တွေ၊ ပါဝင်ဆောင်ရွက်လုပ်ကိုင်နေသူတွေအားလုံး သတိ၊ အသိ၊ ပညာနဲ့ ဆင်ခြင်ဆောင်ရွက်နိုင်ကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ကပ်ဆိုးကြီးထဲက အမြန်ဆုံး လွတ်မြောက်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။**

အတူနေတပည့်၊ ဥပဇ္ဈာယ်ဆရာတူရဟန်း၊ အာစရိယ ဆရာတူရဟန်း၊ နောက်ဆုံး ဘယ်သူမှမရှိရင် ရဟန်းအချင်းချင်းက တာဝန်ယူစောင့်ရှောက်ရမယ်လို့ တိတိကျကျ သတ်မှတ်ပေးခဲ့ပါတယ်။ တကယ်တော့ ဒီစောင့်ရှောက်မှု ဖြစ်စဉ်ဟာ အချင်းချင်းအပြန်အလှန် စောင့်ရှောက်စေမှုပါပဲ။

### လက်တွေ့ကျင့်သုံး

လူ့အဖွဲ့အစည်းမှာလည်း လူသားတစ်ဦးက မကျန်းမာနေတဲ့ လူသားတစ်ဦးကို ပြုစုစောင့်ရှောက်ပေးတာဟာ ဗုဒ္ဓရဲ့ မဟာကရုဏာလမ်းစဉ်ကို လက်တွေ့ကျင့်သုံးတာပဲ ဖြစ်ပါတယ်။ အခုလည်း ရောဂါဖြစ်ပွားမှုကို ကာကွယ်ဖို့၊ ထိန်းချုပ်ဖို့၊ ကုသဖို့ လုပ်ငန်းစဉ်အားလုံးမှာ တာဝန်ကျ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းအရန်တပ်ဖွဲ့တွေနဲ့ ပရဟိတဆောင်ရွက်ပေးနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ ဗုဒ္ဓရဲ့ မဟာကရုဏာလမ်းစဉ်ကို အပြောမဟုတ်ဘဲ လက်တွေ့ကျင့်သုံးနေကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ သူတို့ စွန့်လွှတ်နိုင်ကြတယ်၊ သူတို့ စွန့်စားကြတယ်၊ သူတို့ ရဲရင့်ကြတယ်၊ သူတို့ ကရုဏာတရား ရှိကြတယ်။ ကိုယ့်အတွက် အန္တရာယ်ရှိတယ်ဆိုတာကို သိကြတဲ့ကြားထဲကပဲ သူတို့ဆောင်ရွက်နေကြတာဟာ လေးစားစရာ ကရုဏာရှင်တွေပါပဲ။

အခုဆို ဒီရောဂါနဲ့ သေဆုံးတဲ့သူတွေ ကျွန်မတို့ နိုင်ငံမှာလည်း ရှိနေပါပြီ။ လူနာကတစ်ဆင့် ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်ခံခဲ့ရတာကိုလည်း ဝမ်းနည်းဖွယ် ကြားသိနေရပါတယ်။ ဒီလိုဖြစ်ခဲ့ပေမယ့် သူတို့ အခုချိန်အထိ တောင့်ခံနေတုန်းပါပဲ။ ဒီကပ်ရောဂါနဲ့ပတ်သက်ပြီး မူဝါဒတွေ ချမှတ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကအစ၊ မူဝါဒကို တာဝန်ယူ အကောင်အထည်ဖော်နေတဲ့ ပုဂ္ဂိုလ်တွေအလယ်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးတဲ့ ပြည်သူတွေအဆုံး အချိတ်အဆက်မိမိ ကိုယ့်တာဝန်ကိုယ်ကျေအောင် ဆောင်ရွက်ကြရင်တော့ ကျွန်မတို့အားလုံး ဆုံးရှုံးမှုအနည်းဆုံး၊ ထိခိုက်မှု အနည်းဆုံးနဲ့ ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။

### ပါဝင်လှူဒါန်း

ပြည်သူတွေဘက်ကလည်း ကျန်းမာရေးဌာနရဲ့ ညွှန်ကြားချက်တွေကို အထူးလိုက်နာဖို့ လိုအပ်ပါတယ်။ အရင်က သီးသန့်စောင့်ကြည့်ရေးကာလကို ၁၄ ရက် သတ်မှတ်ခဲ့ပါတယ်။ အခုတော့ လိုအပ်ချက်ကြောင့် facility quarantine ၂၁ ရက်နဲ့ home quarantine ခုနစ်ရက် နေထိုင်ဖို့ အသိပေးထုတ်ပြန်ထားပါတယ်။ အရေးတကြီး မဟုတ်ရင် အိမ်မှာပဲနေဖို့ ညွှန်ကြားထားပါတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်တာလည်းဖြစ်ပြီး အများကိုလည်း အန္တရာယ် မဖြစ်စေပါဘူး။ ဒီလိုနေနိုင်ဖို့လည်း နိုင်ငံတော်က တတ်နိုင်သလောက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါတင်မကပါဘူး။ အလှူရှင်တွေကလည်း ကိုယ်တတ်နိုင်သလောက် ပါဝင်လှူဒါန်းပေးနေကြတာ အားရစရာပါပဲ။

ဗုဒ္ဓကတော့ သတ္တဝါငယ်လေးတွေ သေကျေပျက်စီးမှာကို မလိုလားလို့ ရဟန်းတွေကို မိုးတွင်း သုံးလမှာ ကိုယ့်ရဲ့ ကျောင်းမှာပဲနေထိုင်ကြဖို့ သတ်မှတ်ပေးခဲ့ပါတယ်။ နှစ်ဖက်လုံး အကျိုးဖြစ်စေတာကြောင့် သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနေထိုင်တဲ့ကာလမှာ ရဟန်းတွေဟာ သင်ကြားခြင်းတာဝန် (ဂန္ထဓုရ) နဲ့ တရားရှုမှတ်ခြင်းတာဝန် (ဝိပဿနာဓုရ)ကို ဆောင်ရွက်ကြရပါတယ်။ ကျွန်မတို့လည်း အခုလို အိမ်မှာပဲ နေထိုင်ရတဲ့ အချိန်လေးမှာ နိုင်သလောက် တရားရှုမှတ်တာ၊ တရားနာယူတာ၊ ပရိတ်တရားတွေ ရွတ်ဖတ်တာတွေကို ပြုလုပ်နိုင်ပါတယ်။

အထူးသဖြင့် ဒီလို ကပ်ရောဂါကျရောက်တဲ့အခါမှာ ဗုဒ္ဓရဲ့ ရတနသုတ်ကို ရွတ်ဖတ်ပူဇော်ရင်တော့ ကျွန်မတို့ရဲ့ စိုးရိမ်ပူပန်စိတ်တွေ နည်းနည်းလျော့ပါးနိုင်မှာပါ။ ဒီနေရာမှာ ပရိတ်ရွတ်ရုံနဲ့ ရောဂါပျောက်နိုင်လားလို့ မေးစရာရှိပါလိမ့်မယ်။ ရောဂါတစ်ခု ပျောက်ကင်းအောင် ကုသဖို့နဲ့ ပျောက်ကင်းနိုင်မယ့် ဆေးဝါးတွေ ဖော်ထုတ်ဖို့က ပညာရှင်တွေမှ တတ်နိုင်မယ့် အလုပ်တွေပါ။ ကျွန်မတို့ လုပ်နိုင်တာက စိတ်ဓာတ်ခွန်အားအတွက်ပါ။

### ရတနသုတ်ကို ဟောခဲ့

ရတနသုတ်ကို ကပ်ဘေးကျရောက်တဲ့အချိန်က ဗုဒ္ဓက ဟောခဲ့တာဖြစ်ပါတယ်။ ရာဇဂြိုဟ်ပြည်မှာ ဗုဒ္ဓ သီတင်းသုံးနေတဲ့အချိန် လိစ္ဆဝီမင်းတို့ရဲ့ ဝေသာလီပြည်မှာ မိုးခေါင်တဲ့အတွက် အစာရေစာ ငတ်မွတ်တဲ့ ဘေးနဲ့ ရင်ဆိုင်ရပါတယ်။ အစာမစားရတဲ့အခါ လူတွေသေကြပါတယ်။ လူသေကောင်တွေကိုလည်း မြို့အဝင်မှာပဲ စွန့်ပစ်ကြပါတယ်။ လူသေကောင်တွေဆီက ထွက်လာတဲ့ အနံ့ဆိုးတွေကြောင့် ဘီလူးတွေ ရောက်လာပါတယ်။ လူတွေလည်း ဘီလူးတွေကြောင့် သေကြရပြန်ပါတယ်။ မသန့်ရှင်းတဲ့အတွက် လူတွေဆီမှာလည်း အနာတွေဖြစ်လာပါတယ်။ ဝေသာလီပြည်ဟာ အငတ်ဘေး၊ ဘီလူးဘေး၊ အနာရောဂါဘေးဆိုတဲ့ ဘေးတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီဘေးတွေကနေ လွတ်မြောက်ဖို့ ဗုဒ္ဓကို အကူအညီတောင်းကြတဲ့အခါ ဗုဒ္ဓက ဝေသာလီကို ကြွလာပါတယ်။ ဝေသာလီမှာရှိတဲ့ ဘေးရန်တွေကို ပယ်ဖျောက်ပေးဖို့ ရတနသုတ်ကို ဟောခဲ့တာပဲ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တွေမှ မဟုတ်ပါဘူး။ အခုလိုဘေးအန္တရာယ်တွေ ကျရောက်ချိန်မှာ မိမိတို့နဲ့ သက်ဆိုင်တဲ့ ကိုးကွယ်ရာဘာသာတရားတွေရဲ့ ဆုံးမညွှန်ကြားချက်တွေဟာလည်း တစ်ဖက်တစ်လမ်းက စိတ်ခွန်အား ဖြစ်စေပါတယ်။ စိတ်ဟာအရာရာကို ဦးဆောင်နေတာဖြစ်လို့ ကျွန်မတို့အားလုံး စိတ်ဓာတ်မကျဖို့ အရေးကြီးပါတယ်။

လူသားတွေရဲ့ လောဘကြောင့် ဒုဗ္ဘိက္ခန္တရကပ်၊ မောဟကြောင့် ရောဂန္တရကပ်၊ ဒေါသကြောင့် သတ္ထန္တရကပ်တွေ ဖြစ်ပေါ်လာတာလို့ ဗုဒ္ဓကဆိုထားပါတယ်။ ရောဂါတွေဖြစ်ပွားတာဟာ 'မသိခြင်း'ဆိုတဲ့ 'မောဟ' ကြောင့် ဖြစ်ပွားတဲ့အကြောင်းကို 'ကျန်းမာရေး ဗဟုသုတမရှိတာကြောင့် သင့်တော်တဲ့ အစားအသောက်၊ ဆေးဝါးဓာတ်စာကို မသိကြတဲ့အတွက်၊ ဖြစ်လာတဲ့ အနာရောဂါကို ပျောက်အောင် မကုသနိုင်တဲ့အတွက် အဲဒီအနာရောဂါနဲ့ သေကျေပျက်စီးရတယ်' လို့ စက္ကဝတ္တိသုတ်အဋ္ဌကထာမှာ ဖော်ပြထားပါတယ်။ ဒီအချက်ကလည်း ကျွန်မတို့ အလေးအနက် သတိပြုရမယ့်အချက်ပဲ ဖြစ်ပါတယ်။ လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ ကမ္ဘာကြီးကို ပျက်စီးစေတယ်ဆိုတာ အခုလိုအခြေအနေမှာ ပိုပြီး ထင်သာမြင်သာ ရှိစေပါတယ်။

### အတုယူစရာ

ဒုဗ္ဘိက္ခန္တရကပ်က လွန်မြောက်ပြီးတဲ့နောက် ဗုဒ္ဓရဲ့ တရားဓမ္မတွေကို မထေရ်ကြီးတွေ ဘယ်လို ထိန်းသိမ်းခဲ့တယ်ဆိုတာကလည်း အတုယူစရာပါပဲ။ တတိယသင်္ဂါယနာတင်ပြီးတဲ့အချိန်အထိ ဗုဒ္ဓရဲ့ တရားဓမ္မတွေကို ရဟန်းတွေက နှုတ်နဲ့ပဲ ရွတ်ဆိုမှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ သီဟိုဠ်ကို ရောက်ပြီးချိန် ဘီစီ (၁)ရာစုလောက်မှာ အငတ်ဘေးနဲ့ရင်ဆိုင်ရပါတယ်။ ရဟန်းတွေဟာ သစ်ရွက်လောက်ပဲ စားသောက်ပြီး တရားဓမ္မတွေကို မမေ့အောင် အားထုတ်ခဲ့ရပါတယ်။ ၁၂ နှစ်ကြာမှ ဒီဘေးကြီး ပြီးသွားပါတယ်။ နောင်တစ်ချိန် ဒီလိုကြုံခဲ့ရင် ခက်ခဲမှာဖြစ်တဲ့အတွက် တရားဓမ္မတွေကို ပေရွက်ပေါ်မှာ ရေးသားဖို့ ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြပါတယ်။ အမြော်အမြင်ရှိရှိနဲ့ဆောင်ရွက်ခဲ့လို့သာ ဒီနေ့မှာ တရားဓမ္မတွေ မကွယ်ပျောက်ခဲ့တာပဲ ဖြစ်ပါတယ်။

ဒီအခြေအနေဆိုးက လွန်မြောက်ပြီးရင်လည်း ပြန်ပြီး ထူထောင်နိုင်ဖို့ ကျွန်မတို့ ကြိုးစားကြရပါဦးမယ်။ ဒီဖြစ်စဉ်ရဲ့ အားသာချက်၊ အားနည်းချက်တွေကို အခြေခံပြီး အနာဂတ်မှာ ဖြစ်လာနိုင်တာတွေကို စဉ်းစားကာ မထေရ်ကြီးများလို ကြိုတင်ဆောင်ရွက်ကြရပါဦးမယ်။

အခက်အခဲ အကျပ်အတည်းဖြစ်ချိန်မှာ လူသားတွေရဲ့ လူသားဆန်မှုကို ကျွန်မတို့ မျက်ဝါးထင်ထင် မြင်ခဲ့ရပါပြီ။ ဘာတစ်ခုမျှ ဝင်ရောက်ပူးပေါင်း ကူညီတာ မရှိဘဲ ဘေးထိုင်ဘုပြောနေတဲ့ လူနည်းစုတွေကိုတော့ ကျွန်မတို့ လုံးဝမတုံ့ပြန်ဘဲ လျစ်လျူရှုလိုက်ရုံပါပဲ။ မြင်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ပုံပြင်လိုပါပဲ။ ဘယ်လိုပဲလုပ်လုပ် အပြစ်ပြောနေကြမှာပါပဲ။ ဒါတွေကို ခံစားမနေဘဲ ကိုယ်ရောက်ရှိတဲ့နေရာမှာ ကိုယ်ယူထားတဲ့ တာဝန်ကို ကျေပွန်အောင် လုပ်စရာရှိတာကို ဆက်လုပ်ရမှာပဲ ဖြစ်ပါတယ်။

### ပညာနဲ့ ဆင်ခြင်

ကျွန်မကတော့ ပရဟိတစိတ် ရှိပေမယ့်လည်း ရှေ့တန်းအထိ မလိုက်ပါနိုင်ခဲ့ပါဘူး။ မပြောပလောက်တဲ့ ငွေကြေးနည်းနည်းလှူဒါန်းတာကလွဲပြီး ကိုယ်တိုင် ကိုယ်ကျ လုပ်နိုင်တာမရှိခဲ့ပါဘူး။ ကျွန်မလုပ်ပေးနိုင်တာကတော့ ကိုယ့်အတွက် ဘယ်လိုအန္တရာယ်တွေရှိတယ်ဆိုတာ သေချာသိပြီး ကိုယ့်အသက်ကို ပဓာနမထားဘဲ လူနာတွေကို အနီးကပ်ကုသပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဘက်ပေါင်းစုံကနေ ပံ့ပိုးကူညီနေတဲ့ တာဝန်ကျဝန်ထမ်းတွေ၊ ပရဟိတသမားတွေ၊ အလှူရှင်တွေ၊ ပါဝင်ဆောင်ရွက်လုပ်ကိုင်နေသူတွေအားလုံး သတိ၊ အသိ၊ ပညာနဲ့ ဆင်ခြင်ဆောင်ရွက်နိုင်ကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ကပ်ဆိုးကြီးထဲက အမြန်ဆုံး လွတ်မြောက်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

အရာအားလုံး စွန့်လွှတ်ပြီး ဆောင်ရွက်လုပ်ကိုင်ပေးနေတဲ့ ကရုဏာရှင်အားလုံးကိုလေးစားတယ်။ ကျေးဇူးတင်တယ်လို့ အခါခါဆိုရင်း ဦးညွှတ်လိုက်ပါတယ်ရှင်။

ရောဂါခံစားနေရတဲ့ဝေဒနာရှင်တွေ အမြန်ဆုံး ပျောက်ကင်းကြပါစေ၊ ကရုဏာရှင်တွေ ဘေးကင်းကြပါစေ၊ ကျွန်မတို့ချစ်တဲ့ ကမ္ဘာမြေကြီး အမြန်ဆုံး ကျန်းမာပါစေ။ ။

**○ ကိုဗစ်-၁၉ ရောဂါမှ**

အဆိုပါ ပိုးတွေ့အတည်ပြုလူနာများပို့ဆောင်ရာတွင် ယာဉ်မောင်း ၂၇ ဦးအား လေ့ကျင့်သင်ကြားပေးထားကြောင်း၊ နေ့စဉ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နံနက်သုံးဦး၊ ညနေပိုင်း သုံးဦး တာဝန်ချထားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဆိုပါပိုးတွေ့လူနာများအား ပို့ဆောင်ပေးနိုင်မည့် မူလရန်ကုန်ဆေးရုံကြီးရှိ လူနာတင်ယာဉ်ငါးစီးနှင့် နေပြည်တော်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပေးပို့သောယာဉ်ငါးစီး အပါအဝင် စုစုပေါင်းမော်တော်ယာဉ် ၁၀ စီးရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) အနေနဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးပညာဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ မတ် ၃၀ ရက်ကနေစပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အခုဆိုရင်ဖောင်ကြီးကို ပိုးတွေ့လူနာပို့ဆောင်ပေးနိုင်ဖို့ အသင့်ဖြစ်နေပါပြီ"ဟု မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးစိုးသန်းက ပြောသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုအခါ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြုလူနာများကို ဝေဘာဂီဆေးရုံ၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံနှင့် တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံတို့၌ ပြုစုကုသပေးလျက်ရှိကြောင်း၊ ယင်းဆေးရုံများတွင် လူနာထားနိုင်သည့်အရေအတွက်ပြည့်တော့မည်ဖြစ်၍ ဖောင်ကြီးသို့ပို့ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့သည် ရန်ကုန်ရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား သယ်ယူပို့ဆောင်ပေးနေသည့်အဖွဲ့ဖြစ်၍ လူနာပို့ဆောင်ရပြီဆိုလျှင် ဘေးကင်းလုံခြုံမှုအတွက် အရည်အသွေးပြည့်မီသော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံကို ဝတ်စေခြင်း၊ လူနာပို့ဆောင်ပြီးပါက ဖောင်ကြီး၌ပင် ပို့ဆောင်ပေးသူယာဉ်မောင်း၊ ယာဉ်နှင့်အဖွဲ့ဝင်များအားလုံးကို စနစ်တကျပိုးသတ်ခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဆေးပညာဌာနမှပါမောက္ခ ဒေါက်တာမော်မော်ဦးတို့အဖွဲ့က စနစ်တကျစီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး)သည် ပထမအဆင့်အနေဖြင့် ရိုးရိုးလူနာ ၂၄၀၊ အတည်ပြုလူနာ ၂၄၀ နှင့် အထူးကြပ်မတ်ကုသလူနာ (ICU) ၂၀ စုစုပေါင်း ၅၀၀ အားထားရှိနိုင်ရန် ဆောင်ရွက်ထားကြောင်း၊ နောက်ပိုင်းလိုအပ်လာပါက လူနာ ၂၀၀၀ အထိ ထားရှိနိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများကို ကြောက်စရာမလိုကြောင်း ဒေါက်တာမော်မော်ဦး ပြောကြား

**ရန်ကုန် မေ ၅**

ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိသည့် အတည်ပြုလူနာများကို ကြောက်စရာမလိုဘဲ ရောဂါပိုးရှိမှန်းမသိ လျှောက်သွားနေသူများကိုသာ ကြောက်ရမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမော်မော်ဦးက ပြောသည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး) သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ အတည်ပြုလူနာများအား ကိုဗစ်-၁၉ ကုသရေးဌာန(ဖောင်ကြီး)သို့ ပို့ဆောင်လျက်ရှိကြောင်း အသိပညာပေးရှင်းလင်းပွဲ၌ မီဒီယာများနှင့် တွေ့ဆုံရာတွင် ဒေါက်တာမော်မော်ဦးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကိုဗစ်နဲ့ပတ်သက်တဲ့လူနာက Positive မှန်းအရင်သိဖို့လိုတယ်။ သိပြီးရင် သူ့ကိုပြန်လွှတ်တာမှမဟုတ်တာ၊ ပြန်မလွှတ်ဘဲ သူ့ကိုစောင့်ကြည့်တဲ့နေရာ ဘယ်မှာပဲသွားသွား၊ Stay at Home ပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် အလွတ်မခံတော့ဘူး၊ အဲဒီလိုအလွတ်မခံဘဲနဲ့ တောက်လျှောက်ဆက်စစ်နေမယ်ဆိုရင် ကြောက်စရာမလိုပါဘူး၊ ရှိမှန်းမသိ၊ မရှိမှန်းမသိတဲ့လူတွေ လျှောက်သွားပြီးတော့ ကူးလူးဆက်ဆံတဲ့ အခြေအနေမျိုးကမှ ကြောက်စရာကောင်းပါတယ်"ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှစကာ လမ်းများပေါ်၌ ပြည်သူများ သွားလာလှုပ်ရှားမှု ပြန်လည်များလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်စိုးရိမ်ရကြောင်း ဒေါက်တာမော်မော်ဦးက သုံးသပ်ပြောဆိုသည်။

"ကိုဗစ်ဖြစ်တဲ့လူနာတွေ့တာက ကြောက်စရာမဟုတ်ပါဘူး။ တွေ့တဲ့လူနာတွေကို ထိန်းချုပ်ထားလိုက်ရင်ပြီးသွားပြီ။ ကျွန်တော်တို့ကြောက်တာက အရပ်ထဲမှာ ရှိမှန်းမသိ၊ မရှိမှန်းမသိ ဆက်ကူးနေမှာကို ကြောက်တာ။ လူတွေအခုလို အပြင်ပြန်ထွက်တာတို့၊ ကားတွေရှုပ်တာတို့၊ စတိုးဆိုင်တွေမှာ လူပြန်စည်တာကို ကျွန်တော်တို့က စိုးရိမ်ပါတယ်" ဟု ၎င်းကပြောသည်။

လက်ရှိ မြန်မာနိုင်ငံတွင် မေ ၅ ရက် ညပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုလူနာ ၁၆၁ ဦး၊ ပြန်လည်သက်သာလာသူ ၄၉ ဦးနှင့် သေဆုံးသူ ခြောက်ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**အေးမင်းသူ**

# စင်ကာပူနှင့်ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် သွားရောက်ခေါ်ယူမည်

**ရန်ကုန် မေ ၅**

စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြစ်သည့် မြန်မာအမျိုးသားလေကြောင်း(MNA)နှင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI)တို့ဖြင့် မေ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သွားရောက်ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**ပထမအကြိမ်ဖြစ်**

မြန်မာအမျိုးသားလေကြောင်းမှ စင်ကာပူနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးနှင့်ညှိနှိုင်း၍ မေ ၇ ရက်နှင့် ၉ ရက်တွင် နေရပ်ပြန်မည့် မြန်မာနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်အား ပျံသန်းပြေးဆွဲသွားမည်ဖြစ်ရာ မေ ၇ ရက်တွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါမည့် မြန်မာနိုင်ငံသား ၁၄၆ ဦးအား ပြန်လည်ခေါ်ဆောင်လာမည်ဖြစ်သည်။ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ်ပြေးဆွဲမှုမှာ ယခုအကြိမ်သည် ပထမအကြိမ်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရာတွင် လေယာဉ်ထိုင်ခုံနေရာ အကန့်အသတ်ရှိသည့်အတွက် သံဃာတော်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ စင်ကာပူနိုင်ငံသို့ ဆေးကုသရန်လာရောက်စဉ် ပိတ်မိနေသည့်လူနာများနှင့် ကျန်းမာရေးမကောင်းသူများအား ဦးစားပေး၍ လိုက်ပါနိုင်ရေး စီစဉ်ထားသည်။ လိုက်ပါသူခရီးသည်အားလုံး မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ထားရမည်ဖြစ်ကာ ထပ်မံပြေးဆွဲမည့် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် နေ့ရက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အတည်ပြုချက်ရရှိပါက ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှသတင်းထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိ/ပိတ်မိနေသူများအား ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ ကယ်ဆယ်ရေးလေယာဉ်ဖြစ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI)ဖြင့် မေ ၈ ရက်တွင် ပြန်လည်ခေါ်ယူမည်ဖြစ်သည်။ ခရီးစဉ်၌ ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၄ ဦးနှင့် အခြားသောပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသား ၁၆ ဦး စုစုပေါင်း ၁၂၀ တို့အား ပြန်လည်ခေါ်ဆောင်လာမည်ဖြစ်ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**ထပ်မံခေါ်ဆောင်ရန် စီစဉ်**

မြန်မာနိုင်ငံသို့ ပြန်လည်လိုက်ပါခွင့်ရရှိသူများအနေဖြင့် ယင်းရက်၌ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်မထွက်ခွာမီ နှစ်နာရီခွဲခန့်ကြိုတင်ရောက်ရှိကြရမည်ဖြစ်ပြီး အပူချိန်တိုင်းစစ်ဆေး၍ ရလဒ်ဖော်ပြသည့်စာရွက်အား မပျက်မကွက်ရယူသွားကြရန်နှင့် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဌာန (သို့မဟုတ်) အလုပ်သမားဌာနများသို့ ကြိုတင်သတင်းပေးပို့ကြရမည်ဖြစ်ကြောင်း၊ အခြားသောပြည်ပနိုင်ငံများမှ ကိုရီးယားနိုင်ငံသို့လာရောက်၍ ခရီးစဉ်အကူးအပြောင်းပြုလုပ်မည့်သူများအနေဖြင့် Transit စောင့်ဆိုင်းခွင့်ပြုချိန်မှာ ၂၄ နာရီဖြစ်ကြောင်း၊ ထို့အပြင် ကိုရီးယားနိုင်ငံအပါအဝင် နိုင်ငံအရပ်ရပ်မှ မဖြစ်မနေပြန်ကြရမည့် မြန်မာနိုင်ငံသားများအား ထပ်မံခေါ်ဆောင်ရန် မေ ၁၅ ရက်တွင် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့သို့ တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်အား ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယင်းနေ့တွင် ပါဝင်မည့်သူများစာရင်းအား ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း ဆိုးလ်မြို့ မြန်မာသံရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**စိုးမြင့်အောင်**




**ကိုရိုနာဗိုင်းရပ်စ်(COVID-19)ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီး၌ အလှူငွေပေးအပ်

**ပုသိမ် မေ ၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ( ၉ /၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ်သိန်း ၄၀ ကို လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်က ယခင် အစည်းအဝေးမှတ်တမ်းများအပေါ် လုပ်ဆောင်ထားရှိမှုနှင့် ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များဖြစ်ကြသော တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့က လုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက အသီးသီး ဆွေးနွေးခဲ့ကြသည်။

**မောင်မောင်မြင့်**
**(ပြန်/ဆက်)**





## ရန်ကုန်တိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၅**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေနှင့် ကာကွယ်ရေးပစ္စည်းများ လှူဒါန်းပွဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ပြီး တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် လှည်းကူးမြို့နယ် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် ကျန်းမာရေးစင်တာတွင် ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ထို့နောက် ဆရာတော်အရှင်စန္ဒသူရိယအား အမှူးထား၍ ဒေါက်တာမျိုးမျိုး (ဥက္ကဋ္ဌ) MMPA International Co.,Ltd. မှ ငွေကျပ် သိန်း ၂၇၀ တန်ဖိုးရှိ ရေသန့်စက်ကိုးလုံး၊ မဟာစည် ဆရာတော် ဘုရားကြီးအား ဦးထိပ်ထား၍ ဩဝါဒါစရိယ ပြည်တွင်း/ပြည်ပ မဟာစည်နာယကဆရာတော်များ၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၊ တပည့်သာဝကများနှင့် ယောဂီသူတော်စင်များက ငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ ပစ္စည်းများ၊ ဦးသန်းထူး၊ ဦးအောင်ကျော်ကျော်မိသားစုနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ ပစ္စည်းများ၊ အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်နှင့် ပရိသတ်များက ငွေကျပ် သိန်း ၂၂၀ တန်ဖိုးရှိ အသက်ရှူစက်တစ်လုံး၊ Asia Myanmar Shining Star Investment Co.,Ltd. (Wyndham Grand Yangon Hotel) မှ ငွေကျပ် ၁၄၅၀၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၊ ဆန်အိတ် ၅၀၀၊ ဦးတင်ထွန်းအောင်မိသားစုက ငွေကျပ် ၁၆၂၅၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၇၅၀၊ ဦးဝင်းမင်းမိသားစုက ငွေကျပ် ၁၃၇၅၀၀၀ တန်ဖိုးရှိတစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀၊ နှာခေါင်းစည်း ၇၅၀၊ ဦးဇော်မင်းမိသားစု (မင်္ဂလာကုမ္ပဏီ) က ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ Yangon Crown Co.,Ltd. & Times City Project မှ ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၊ Health Care Group (Yangon Myanmar) က ငွေကျပ် သိန်း ၂၇၅၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ Beauty World Co.,Ltd. မှ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ နှာခေါင်းစည်း ၆၀၀၀၊ A1 မီးစက်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်မှ ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိပစ္စည်းများ၊ Winner Super Top ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၁၀၀၀ တို့ကို လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက လက်ခံရယူကြသည်။

ယနေ့လှူဒါန်းရရှိမှုမှာ ငွေသားတန်ဖိုးငွေကျပ် ၆၄၇၅၀၀၀၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၇၄၄၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်

**မန္တလေး မေ ၅**
မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မေ ၃ ရက်မှ စတင်ပြီး ပြန်လည်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ လမ်းတံတားဌာနမှ နိုင်လွန်ကတ္တရာလမ်း ခင်းကျင်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းခွင်မဝင်မီ လမ်းလုပ်သားများအား ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းနှင့် မျက်နှာဖုံးများ ဝတ်ဆင်စေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများဦးဆောင်သည့် စိစစ်ရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ စံသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ စနစ်တကျ လည်ပတ် လုပ်ကိုင်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်မှ ကတ္တရာကြိုစက်ရုံနှင့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်ဖြစ်သည့် မဟာအောင်မြေမြို့နယ် ၃၈ လမ်း၊ ၆၉ လမ်းနှင့် ၇၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၈၆ လမ်းနှင့် ကမ်းနားလမ်းကြား လုပ်ငန်းခွင်များသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ခေတ္တရပ်နားထားခဲ့ပြီး မြို့ပြဖွံ့ဖြိုးရေးအတွက် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးလုပ်ငန်းများ စိစစ်ရေးအဖွဲ့၏ ခွင့်ပြုမိန့်ရသဖြင့် မေ ၃ ရက်မှစတင်ကာ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

**နေပြည်တော် မေ ၅**
စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ တိုးလာနိုင်သည်။

မိုး/ဇလ

## မုံရွာမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်လိုင်းငါးလိုင်း ပြန်လည်ပြေးဆွဲ

**မုံရွာ မေ ၅**
မုံရွာမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲလျက်ရှိသော အဝေးပြေးခရီးသည်တင်မော်တော်ယာဉ်လိုင်းငါးလိုင်းသည် ယနေ့နံနက်ပိုင်းမှစတင်၍ ပြန်လည်ပြေးဆွဲပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းအောင်ထံမှ သိရသည်။

### ရန်ကုန်မြို့သို့ ပြေးဆွဲ

ကိုဗစ်-၁၉ ရောဂါကြောင့် မုံရွာမြို့မှ မြန်မာပြည်အရပ်ရပ်သို့ ပြေးဆွဲပေးလျက်ရှိသော အဝေးပြေးခရီးသည်တင် မော်တော်ယာဉ်လိုင်းများကို မတ်လနောက်ဆုံးပတ်က စတင်ပြီး တစ်လကျော်ရပ်နားထားရာမှ ရန်ကုန်မြို့သို့ ပြေးဆွဲပေးမှုများကို ယနေ့တွင် ပြန်လည်စတင်ပြေးဆွဲခြင်း ဖြစ်ကြောင်း သိရသည်။

### ၅၀ ရာခိုင်နှုန်းသာ တင်ဆောင်

"ရန်ကုန်မြို့ကိုပြေးဆွဲနေတဲ့ မော်တော်ယာဉ်လိုင်းငါးလိုင်းက ဒီကနေ့နံနက်ပိုင်းကစပြီး ပြန်လည်ပြေးဆွဲနေပြီဖြစ်ပါတယ်၊ မော်တော်ယာဉ်ပေါ်မှာ ခရီးသည်က ပုံမှန်ခွင့်ပြုခရီးသည်ဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကိုပဲ တင်ဆောင်ပြေးဆွဲခွင့်ပြုတာဖြစ်ပါတယ်၊ လက်မှတ်ဈေးနှုန်းကတော့ ကောက်ခွင့်ပြုထားတဲ့နှုန်းထားက ထိုင်ခုံနှစ်ခုံစာကို ၃၀၀၀၀ ကျပ်ကောက်ခွင့်ရှိပေမယ့် အခုတစ်ဦးကို ၂၀၀၀၀ ကျပ်နှုန်း ကောက်ခံတဲ့အသင်းရှိသလို၊ တချို့အသင်းတွေက ၁၈၀၀၀ ကျပ်လောက်ပဲ ကောက်ခံတာတွေ့ရတယ်၊ နေပြည်တော်၊ မန္တလေး စတဲ့မြို့တွေကတော့ သူတို့ဆီကို အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက မော်တော်ယာဉ်တွေပေးမဝင်သေးတာကြောင့် ပြေးဆွဲခြင်းမရှိသေးဘူး။ သူတို့ဆီကခွင့်ပြုတယ်ဆိုတဲ့ အကြောင်းကြားလာရင်တော့ ပြန်လည်ပြေးဆွဲမှာဖြစ်ပါတယ်၊ အခုလောလောဆယ်တော့ ရန်ကုန်မြို့ကိုပဲ ပြန်လည်ပြေးဆွဲပေးတာဖြစ်ပါတယ်၊ မီးသတ်၊ ပို့ဆက်နဲ့ ယာဉ်ထိန်းတပ်ဖွဲ့တွေပူးပေါင်းပြီး ယာဉ်အဝင်/အထွက် ဆေးဖျန်းတာတွေလုပ်မယ်။ အဝင်/ထွက်လိပ်စာတွေ ယူထားတယ်။ တစ်ဦးချင်းအပူချိန်တိုင်းတာတွေ လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ဦးရဲထွန်းအောင်က ပြောသည်။

### ယာဉ်လိုင်းငါးလိုင်း ပြေးဆွဲ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှအခြေပြုလျက် ရန်ကုန်မြို့သို့ပြေးဆွဲလျက်ရှိသော မိုးကောင်းကင်၊ ရွှေစင်စကြာ၊ မန္တလာမင်း၊ လုမ္ဗနီ၊ ရွှေသလ္လာ စသည့်ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းမှ မော်တော်ယာဉ်များသည် တစ်လကျော်ကြာ ရပ်နားထားရာမှ ယနေ့နံနက်ပိုင်းမှ စတင်ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီထံမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ဈေးများအတွင်း နှာခေါင်းစည်းများ ဖြန့်ဝေ

**တနိုင်း**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် ယနေ့နံနက် ၈ နာရီက တနိုင်းချောင်းဘေးအနီး ယာယီဖွင့်လှစ်ထားသည့် ပျံကျဈေးတန်းတွင် ရောင်းချနေသောဈေးသည်များအား အဝတ်နှာခေါင်းစည်းများ ပေးဝေခဲ့သည်။

မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့်အဖွဲ့များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တနိုင်းချောင်းဘေးအနီးရောင်းချနေသော ယာယီပျံကျဈေးသည်များအား အဝတ်နှာခေါင်းစည်းအခု ၃၀၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ဈေးများဖြစ်သည့် သိမ်ဖြူဈေးနှင့် မင်္ဂလာတောင်ညွန့်ဈေး (အမဲဈေး)များအတွင်း နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို ယနေ့နံနက် ၈ နာရီမှစတင်ကာ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကြက်ခြေနီဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ဇောဟိန်းတို့ ဦးဆောင်၍ ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၄ ဦးတို့က သိမ်ဖြူဈေးနှင့် အမဲဈေးများအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား နှာခေါင်းစည်း အခုရေ ၈၀၀ ကျော် ဖြန့်ဝေပေးခြင်း၊ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးပိုစတာများကို ဈေးများအတွင်း ကပ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် အသိပညာပေးအကြောင်းအရာများကို လိုက်လံနှိုးဆော်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ (ပြန်/ဆက်)**

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ရှိ ယာယီပျံကျဈေးအတွင်း ဈေးရောင်းချနေသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်နိုင်ရေးအတွက် မျက်နှာဖုံးကာနှင့် နှာခေါင်းစည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦးနှင့် ဒေါ်နန်းမိုးမိုးထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီတွင် လှိုင်းဘွဲမြို့ ယာယီပျံကျဈေးရှိ ဈေးရောင်းချနေသူများအား မျက်နှာဖုံးကာနှင့် နှာခေါင်းစည်း ၂၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့နယ် မြစန္ဒီပန်းခြံတွင် ယာယီဖွင့်လှစ်ထားသော ပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း အနေဖြင့် ယနေ့နံနက် ၈ နာရီက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုသွယ်နှင့် ဝန်ထမ်းများက ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး အဆိုပါလက်ကမ်းစာစောင်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လက္ခဏာများ၊ ရောဂါကူးစက်ပုံများ၊ အနုပညာရှင်များက အသိပညာပေးလှုံ့ဆော်ချက်များနှင့် စနစ်တကျလက်ဆေးနည်းများ ပါဝင်ကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**

❖ ကျောဖုံးမှ

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူမားက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် အသုံးပြုရန် အတွက် ဆေးဝါးနှင့် ကျန်းမာရေး ဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က လက်ခံရယူသည်။ (ယာပုံ)

လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက "မြန်မာအစိုးရရဲ့အကူအညီတောင်းခံလာမှုအရ အခုလို လှူဒါန်းတာပါ။ ကိုဗစ်-၁၉ရောဂါကုသတဲ့အခါမှာ အဓိကအရေးကြီးဆေးဝါးတွေအပြင် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အထောက်အကူပြုပစ္စည်းတွေဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ ဆက်ဆံရေးဟာ အမြဲတမ်းတိုးတက်နေတာဖြစ်တဲ့အတွက် ဆက်လက်ပြီးတော့လည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုအပ်ချက်တွေကို ကူညီသွားဖို့ရှိပါတယ်"ဟု ပြောသည်။



ယနေ့ လှူဒါန်းမှုမှာ အမေရိကန်ဒေါ်လာ ကိုးသိန်းခန့်တန်ဖိုးရှိ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း ၁၃ မျိုးဖြစ်ပြီး ဆက်လက်လှူဒါန်းမှုများ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်ထံမှ သိရသည်။

**သတင်း-ဇော်ကြီး၊**
**ဓာတ်ပုံ- ဖေဇော်**

# အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ထိုးသတ်မည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထပ်မံရွှေ့ဆိုင်း

**ရန်ကုန် မေ ၅**

MMA ပြိုင်ပွဲများ ကျင်းပနေသည့် ONE Championship အဖွဲ့အစည်းသည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေမှာ သက်သာလာခြင်းမရှိသေးသောကြောင့် ပြိုင်ပွဲများ ကျင်းပနေမှုကို မေလကုန်အထိ ရပ်နားလိုက်သည်။ ထို့ကြောင့် မေ ၃၀ ရက်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည့် အောင်လအန်ဆန်၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲကိုလည်း ထပ်မံရွှေ့ဆိုင်းခဲ့သည်။.

အောင်လအန်ဆန်၏ ချန်ပီယံကာကွယ်ပွဲကို ဧပြီ ၁၀ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း မေ ၃၀ ရက်သို့ ရွှေ့ဆိုင်းခဲ့ရသလို ယခုဒုတိယအကြိမ် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ONE Championship သည် ရောဂါအခြေအနေ တည်ငြိမ်သွားမှသာ ပြိုင်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ပြိုင်ဘက်ဟောင်း ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ချန်ပီယံကာကွယ်ပွဲများ ရွှေ့ဆိုင်းနေသော်လည်း အမေရိကန်နိုင်ငံရှိ နေအိမ်တွင် လေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် လေးပွဲမြောက် ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးပွဲတွင် ဂျပန်နိုင်ငံသား ဟဆဲဂါဝါကို နှစ်ပွဲ၊ လက်ဘနွန်နိုင်ငံသား ကရာကီကို တစ်ပွဲ အနိုင်ရထားသည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် တတိယအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ပွဲစီ အနိုင်ရထားသည်။ **ရှိုင်းထက်ဇော်**

# (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အလှူတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၅**

မေလ ၅ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် နေပြည်တော် ပျဉ်းမနားမြို့ရှိ လေသာဘုန်းတော်ကြီးကျောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ရာကျော်ဘုန်းတော်ကြီးကျောင်းနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်း ၁၀၈ ကျောင်းတွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မိဘမဲ့ကျောင်း (၈) ကျောင်းနှင့် ဘိုးဘွားရိပ်သာ(၁၈) ခုတို့တွင် စားသုံးကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။



ထိုသို့ လှူဒါန်းမှုများပြုလုပ်ခြင်းသည် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ မီးဘေးအန္တရာယ်အပါအဝင် အခြားသော သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါ ဘေးအန္တရာယ်များ ကင်းဝေးစေရန် ရည်မှန်း၍ မီးသတ်ဦးစီးဌာနမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်၌ (၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

**လွိုင်ကော် မေ ၅**

(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ မေ ၃ ရက်တွင် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင် ဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထို့ပြင် မေ ၅ ရက်တွင် ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ အကောင်းဆုံး စံပြစခန်းဆုနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များကို ထပ်ဆင့်ဂုဏ်ပြုဆုများပေးအပ်၍ ပြည်နယ်ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကို တစ်နေ့တာ အာဟာရကုသိုလ် ထမင်းနှင့် ဟင်းလျာများ ကုသိုလ်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ညီထွေးဦး**

# မန္တလေးမြို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ စုစုပေါင်း ၄၀ တို့က ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဟာမုနိရေတော် ကျောင်းတိုက်တွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် ပြည်သူ့အကျိုးပြု ဆောင်ရွက်ခြင်းလုပ်ငန်းအဖြစ် အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လောက်ကိုင်မြို့ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသူများအား လားရှိုးနှင့် မန္တလေးမြို့သို့ လွှဲပြောင်းပေးအပ်

**လောက်ကိုင် မေ ၅**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် မေ ၃ ရက်က ရန်လုံကျိုင်းနယ်စပ်ဂိတ်နှင့် နမ့်ဖာဟော် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသား ၂၇၆ ဦးအား လားရှိုးမြို့နှင့် မန္တလေးမြို့များသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုသို့လွှဲပြောင်းပေးအပ်ရာတွင် ပဲခူးတိုင်းဒေသကြီးမှ ၆၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၀၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၁ ဦး၊ နေပြည်တော် တပ်ကုန်းမှ နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ်မှ တစ်ဦး၊ အမျိုးသား ၁၉၄ ဦး၊ အမျိုးသမီး ၈၂ ဦး စုစုပေါင်း ၂၇၆ ဦးအား ၎င်းတို့၏နေရပ်များသို့ ပြန်လည်ရောက်ရှိစေရေးအတွက် လောက်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ မှာကြားပြီး လမ်းခရီးတစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်အောင်**
**(ပြန်/ဆက်)**



## ကော့သောင်းတွင် အလှူငွေနှင့် နှာခေါင်းစည်းများလှူဒါန်း

**ကော့သောင်း မေ ၅**

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေနှင့် နှာခေါင်းစည်းများကို မေ ၃ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အသင်းအဖွဲ့များနှင့် စေတနာရှင်များက လာရောက်လှူဒါန်းခဲ့ကြသည်။

KDDPC Co.,Ltd. မှ တာဝန်ရှိသူများက အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ကော့သောင်းမြို့နယ် မ.ထ.သနှင့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းပေါင်းစုံအဖွဲ့မှ နှာခေါင်းစည်း ၁၅၀၀ ကို လာရောက်လှူဒါန်းခဲ့ကြရာ ကော့သောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သန်လျင်မြို့နယ်၌ စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် မေ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၇၀၀၀ သို့ ဆန်နှင့် ဆီများကို ဓမ္မစက္ကပဝတ္တနကာရီ ကိုဗစ်-၁၉ အထောက်အကူပြုအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ယမန်နေ့က ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုနှင့်ပတ်သက်၍ အဖွဲ့ခေါင်းဆောင် ဦးငွေးမိုးက ကိုဗစ်-၁၉ ရောဂါကြောင့် ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများ၊ လက်လုပ်လက်စားများ အဆင်ပြေစေရန် ဆန်နှင့် ဆီအပါအဝင် အိမ်ထောင်စု ၇၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ငွေကျပ် ၂၄၅ သိန်းတန်ဖိုးကို ဒုတိယအကြိမ်အဖြစ် ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း၊ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအတွက် သက်ဆိုင်ရာရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ အရည်အသွေးမီ နှာခေါင်းစည်း ၅၀၀ ကိုလည်း သန်လျင်ဆေးရုံကြီးနှင့် ဈေးများသို့ လှူဒါန်းပေးခဲ့ကြောင်း ပြောကြားသည်။

**သန်းဝင်း(သန်လျင်)**

## သုံးခွမြို့နယ်၌ ဆန်လှူဒါန်း

**ရန်ကုန် မေ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စု ၁၀၀၀ အား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း စားသောက်ရေးအဆင်ပြေစေရန်ရည်ရွယ်၍ ရန်ကုန်မြို့နေ ဦးကျင်တိုးလွင်နှင့် သူငယ်ချင်းများက မေ ၃ ရက် နံနက်ပိုင်းက ဆန်များလှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင် ဦးကျင်တိုးလွင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်ကာလအတွင်း စားသောက်ရေးအဆင်ပြေစေရန်အတွက် ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများဖြစ်သည့် သုံးခွမြို့ အမှတ်(၅)ရပ်ကွက်ရှိ အိမ်ထောင်စု ၃၅၀၊ အမှတ်(၆)ရပ်ကွက်ရှိ အိမ်ထောင်စု ၄၅ စု၊ အမှတ်(၇)ရပ်ကွက်ရှိ အိမ်ထောင်စု ၄၃၀၊ အမှတ်(၁၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၇၅ စု စုစုပေါင်းအိမ်ထောင်စု ၁၀၀၀ တို့အား တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်း ပေးဝေလှူဒါန်းခဲ့ကြသည်။ ထို့ပြင် ကျန်ရှိနေသည့်မြို့ပေါ်ရပ်ကွက်များသို့လည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

## ကမာရွတ်မြို့နယ်၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၅**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရန်ရည်ရွယ်၍ လှည်းတန်းဈေးအတွင်း ပေ ၅၀ ဈေးလမ်း၊ အမှတ် (၃) ရပ်ကွက် ထန်းတပင်ကျောင်းလမ်း၊ ၆ လမ်း၊ ၇ လမ်းနှင့် ကျန်ရှိသောရပ်ကွက်များအား ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများ၊ မြို့သူမြို့သားများ၊ ပရဟိတအဖွဲ့ဝင်များပူးပေါင်း၍ ကမာရွတ်မြို့နယ် Quarantine Center ထားရှိသော အမရာဆောင်၊ သံပုင်ဆောင်၊ အဓိပတိဆောင်နှင့် အမက (၂) တို့တွင်လည်း နေ့စဉ် ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**စိမ်း(ပြန်/ဆက်)**

# ပြည်ပမှ မင်းတပ်မြို့သို့ ပြန်လည်ရောက်ရှိလာသူများအား အသွားအလာကန့်သတ်စောင့်ကြည့်

**မင်းတပ် မေ ၅**

မင်းတပ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်စီမြို့မှပြန်လည်ရောက်ရှိလာသူခြောက်ဦးအား မင်းတပ်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း အမှတ်(၁)၌ အသွားအလာကန့်သတ်ထားရှိနိုင်ရေးနှင့် ကျန်းမာရေးအခြေအနေ စစ်ဆေးပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။



မင်းတပ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက "အခု ပြန်လည်ရောက်ရှိလာတဲ့ ခြောက်ဦးက မင်းတပ်မြို့နယ် မဒါ အိမ်နူးကျေးရွာနဲ့ ဘွေရှိကျေးရွာသားတွေဖြစ်ပါတယ်။ ကျန်းမာရေးအခြေအနေစစ်ဆေးကြည့်တော့ အားလုံးကောင်းတယ်။ သတ်မှတ်အဆောက်အအုံမှာ ၂၁ ရက် Quarantine ဝင်ပြီးရင် ရွာပြန်ပြီး Home Quarantine ခုနစ်ရက် ထပ်ဝင်ရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ မင်းတပ်ခရိုင်အတွင်းသို့ ပြန်လည်ရောက်ရှိလာသူခုနစ်ဦးရှိသည့်အနက် တစ်ဦးအား မင်းတပ်ခရိုင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အစီအစဉ်ဖြင့် မတူပီမြို့သို့ လိုက်ပါပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ဆလိုင်းအောင်(ပြန်/ဆက်)**

# ကျောက်မဲမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

**ကျောက်မဲ မေ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် မြို့အဝင် ပင်လုံလမ်းမပေါ်တွင် ကျန်းမာရေးစစ်ဆေးရေးစခန်းထားရှိပြီး ပြည်ပနှင့် ပြည်တွင်းမှ ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပြည်ပမှ ပြန်လာသူများနှင့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများတွေ့ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြန်လာသူများကို ကန့်သတ်စောင့်ကြည့်နေရာများသို့ ပို့ဆောင်ထားရှိပေးခြင်း လုပ်ငန်းများကို မတ် ၂၆ ရက်မှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၈ ရက်မှစ၍ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမပေါ်ရှိ မြို့အဝင် (OHC) တိုးဂိတ်နေရာတွင် အလားတူစစ်ဆေးရေးစခန်းတစ်ခု ထပ်မံထားရှိပြီး ပြည်ပနိုင်ငံများမှ ပြန်လာသူများကို ကျန်းမာရေးစစ်ဆေးခြင်း၊ စာရင်းကောက်ယူခြင်း၊ သက်ဆိုင်ရာမြို့နယ်သို့ လွှဲပြောင်းပေးပို့ခြင်း၊ ညအိပ်ရပ်နားနိုင်ရန်စီစဉ်ပေးခြင်းနှင့် အခြားလိုအပ်သည်များ ကူညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အထိ ကျောက်မဲမြို့ (OHC) တိုးဂိတ်မှတစ်ဆင့် ဖြတ်သန်းသွားလာသည့် ပြည်ပမှ ပြန်လာသူ ၃၉၃၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။



ကျောက်မဲမြို့ပေါ်တွင် ကန့်သတ်စောင့်ကြည့်နေရာ လေးနေရာရှိပြီး မြို့နယ်အတွင်း သက်ဆိုင်ရာကျေးရွာအုပ်စုများတွင်လည်း ကန့်သတ်စောင့်ကြည့်နေရာများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား သက်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ လွှဲပြောင်းပေးပို့ကြောင်း သိရသည်။

မေ ၃ ရက်တွင် ကျောက်မဲမြို့သို့ တရုတ်ပြည်မှ ပြန်လည်ဝင်ရောက်လာသူ ၁၆ ဦးရှိပြီး အသွားအလာကန့်သတ်စောင့်ကြည့်ထားသူပေါင်း ၁၀၂ ဦးရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ



**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ မြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် မေ ၄ ရက် နံနက် ၈ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေး ပိုစတာဖြင့်စိုက်ထူပြသခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေဆောင် ရွက်ခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိဦးတင့်လွင်နှင့် ဝန်ထမ်းများက စလင်း-ဆင်ဖြူကျွန်းကားလမ်းဘေး နှင့် စလင်း-စေတုတ္တရာကားလမ်းဘေးတို့တွင် မြေစိုက်ပိုစတာဖြင့်စိုက်ထူ ပြသခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်မည့်နည်းလမ်းများပါရှိသော လက်ကမ်းစာစောင် ၃၀၀ ကို ဒေသခံတောင်သူများနှင့် ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ (စလင်း)**

**တံတားဦး**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ Unicef အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ယမန်နေ့မွန်းလွဲ ၁ နာရီမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးပိုစတာများနှင့် လက်ကမ်းစာစောင်များကို ကျေးရွာများအရောက် သွားရောက်ဖြန့်ဝေပေးသည်။

အသိပညာပေးလက်ကမ်းစာစောင် ၆၉၀၀၊ နံရံကပ်ပိုစတာ ၇၃၀၀ တို့ကို Unicef မှပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစေဇော်ဝင်းထွန်းက ပြောကြားသည်။

**ရဲတင့် (ပြန်/ဆက်)**

## တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက် ချေးငွေထုတ်ချေး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သော ကျေးရွာများအနက် အရင်းအတိုးငွေများကို အကြေပေးဆပ်ပြီးသော ကျေးရွာ များအား ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးလက်နေပြည်သူများ စီမံကိန်း ရန်ပုံငွေများကို ပြန်လည်ထုတ်ချေးပေးရာတွင် အတိုးနှုန်းပြား ၅၀ နှုန်းဖြင့် ဒေးဇတ်ကျေးရွာ၌ မေ ၄ ရက် မွန်းလွဲ ၁ နာရီက စီမံကိန်းအဖွဲ့ဝင် ၂၁၅ ဦးအား ငွေကျပ် ၄၀၆ သိန်း ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်း၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်ခိုင် (ပြန်ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး စတစ်ကာ Campaign ပြုလုပ်

**မြင်းခြံ မေ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဝင်/ထွက် ဂိတ်တစ်ခုဖြစ်သည့် မြင်းခြံ-မြို့သာ- မန္တလေး စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရေး စတစ်ကာ Campaign ကို ယမန်နေ့ နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိဘပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပြင်ထွက်တိုင်း နှာခေါင်းစည်း တပ်ဆင်ရေး အသိပညာပေးစတစ်ကာများကို ကားများ၊ ဆိုင်ကယ်များတွင် ကပ်ပေးခဲ့ပြီး ခရီးသွား ပြည်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စေခြင်း၊ ခရီးသွားမှတ်တမ်းများကို စနစ်တကျ မှတ်တမ်းယူခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ နှာခေါင်းစည်းတပ်ဆင်ရေး စတစ်ကာ Campaign သို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြင်းခြံ-မြို့သာ-မန္တလေး ဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းများပြုလုပ်ပေး လျက်ရှိသော ပရဟိတအသင်းအဖွဲ့များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ကိုကျော်စွာ (ပြန်/ဆက်)**



## စားသောက်ကုန်များအား ဘောလုံးကွင်း၌ စနစ်တကျရွှေ့ပြောင်းရောင်းချ

**မံစီ မေ ၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံဝိန်းကြီးကျေးရွာ ရပ်ကွက်(၄) အတွင်းရှိ ကျေးရွာစည်ပင်သာယာဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက် စသည့် အစားအသောက်ကုန်များကို အခြေခံပညာအထက်တန်းကျောင်း (မံဝိန်းကြီး) ဘောလုံးကွင်း၌ ယမန်နေ့ နံနက်ကစတင်၍ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

ဈေးရောင်းချရာတွင် သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျရှိစေရေး တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ခြောက်ပေ အကွာစီ အကွက်ချ၍ နေရာသတ်မှတ်ရောင်းချစေခဲ့ရာ စုစုပေါင်းအကွက် ၃၂၈ ကွက်ကို သတ်မှတ်ထားပေး ကြောင်း၊ ဆေးဆိုင်နှင့် အထည်ဆိုင်များကို မံဝိန်းကြီး ကျေးရွာ စည်ပင်သာယာဈေး၌ ဆက်လက်ရောင်းချ စေမည်ဖြစ်ကြောင်း သိရသည်။

မံဝန်းကြီးကျေးရွာအုပ်စုသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်နှင့် တရုတ်နိုင်ငံတို့နှင့် ထိစပ်နေသည့် မံစီမြို့နယ်၏ ကျေးရွာအုပ်စုတစ်ခုဖြစ် သည်။ **ရိန် (ပြန်/ဆက်)**



## တစ်လမ်းမောင်းစနစ် မောင်းနှင်စေရန် ကြီးကြပ်ဆောင်ရွက်

**မိတ္ထီလာ မေ ၅**

မိတ္ထီလာမြို့ အရှေ့ပြင်ဈေးရပ်ကွက်ရှိ မြို့မ ဈေးကြီးပတ်လမ်းတွင် လမ်းပိတ်ဆို့ပြီး လူစုလူဝေးမဖြစ်ပေါ်စေရန် တစ်လမ်းမောင်းစနစ်ဖြင့် စနစ်တကျမောင်းနှင်စေရေး ယမန်နေ့ နံနက် ၁၀ နာရီက ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

မြို့မဈေးကြီး၏ ပတ်လမ်းဖြစ်သည့် ဈေးအရှေ့ဘက်လမ်းနှင့် ဈေးတောင်ဘက် လမ်းများတွင် ကုန်တင်ကုန်ချသည့် ယာဉ်များ ဖြင့် လမ်းပိတ်ဆို့ပြီးဈေးရောင်းချသူများ၊ ဈေးဝယ်သူများဖြင့် လူစုလူဝေး ဖြစ်ပေါ် လျက်ရှိသည်။

ထိုသို့လမ်းပိတ်ဆို့ပြီး လူစုလူဝေးမဖြစ်ပေါ် စေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်း လှိုင် ဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့မိမြို့ဖများ နှင့် အရှေ့ပြင်ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး တို့မှ ဈေးပတ်လမ်း လူစည်ကားချိန်ဖြစ်သည့် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ယာဉ်များ ရပ်၍ ကုန်တင်ကုန်ချဆောင်ရွက်ခြင်းမရှိ စေရန်နှင့် တစ်လမ်းမောင်းစနစ် ဆောင်ရွက် ထားရှိသည့် ၎င်းလမ်းများတွင် သွားလာသည့် ဈေးသည်များ၊ ဈေးဝယ်များ နှာခေါင်းစည်းများ တပ်ဆင်၍ စနစ်တကျမောင်းနှင်ကြရန် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဈေးရောင်းချသည့် ဈေးသည် များကိုလည်း တစ်ဦးနှင့်တစ်ဦး ခြောက်ပေ အကွာဖြင့် သတ်မှတ်ထားသောနေရာများ တွင် ဈေးရောင်းချရန်နှင့် ယင်းသို့ဈေးရောင်း ချရာတွင်လည်း နှာခေါင်းစည်းများတပ်ဆင် ကြရန် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင် ထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ချောင်းဆုံ-ရန်ကုန် Express ကားပြေးဆွဲမှုများ ရပ်နားထား မော်လမြိုင်မော်တော်ယာဉ်လိုင်းများ ခေါက်ရေအနည်းငယ်သာပြေးဆွဲ

**ချောင်းဆုံ မေ ၅**

မွန်ပြည်နယ်ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့်ကျေးရွာများတွင် ပြေးဆွဲလျက်ရှိ သည့် ယာဉ်လိုင်းများပြေးဆွဲနေမှုကို ယခင်ကလို ပုံမှန် နှစ်နာရီခြားတစ်စီး ပြေးဆွဲနေမှုများမရှိသော်လည်း ခရီးသည်အခြေအနေနှင့် ကုန်စည်တင်သည့် လိုင်းများ အပေါ်တွင်မူတည်ပြီး တစ်နေ့တစ်စီးနှုန်းဖြင့်သာ ပြေးဆွဲ နေလျက်ရှိကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်နှင့် မော်လမြိုင်မြို့အောက်ဈေးသို့ ပြေးဆွဲနေသည့်လိုင်း ၁၀ လိုင်းရှိပြီးဈေးကို ဦးတည်ပြေးဆွဲ သည့် ကုန်စည်ယာဉ်လိုင်းများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှစတင်ပြီး ယခုလက်ရှိ ပြေးဆွဲနေသည့် သက်ဆိုင်ရာလိုင်းတာဝန်ခံများကို ယာဉ်ပိုင်ရှင်၊ ဒရိုင်ဘာ၊ စပယ်ယာတို့ကို ယာဉ်လိုင်းပြေးဆွဲ သည့်အခါမျိုးတွင် ခရီးသည်များကိုပါ ကားပေါ်တက်ပြီး တိုင်းလက်ဆေးစေရန်နှင့် နှာခေါင်းစည်းများ တပ်ဆင် ကြစေရန် အသိပေးထားကြောင်း မြို့နယ် ယာဉ်လုပ်ငန်း များ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးရဲဇာလင်းက ပြောကြားသည်။

ချောင်းဆုံတွင် ကျေးရွာများကို အခြေခံပြီးပြေးဆွဲ သည့် လိုင်းများဖြစ်သောကြောင့် ခရီးသွားသူများမရှိ သည့်တိုင်အောင် ကုန်စည်စီးဆင်းမှုအနေဖြင့် သွားနေသည့် လိုင်းများရှိနေသည့်အတွက် ကုန်စည်အနေဖြင့်သာ ပြေးဆွဲ သည့်ယာဉ်လိုင်းများရှိနေကြောင်း၊ တချို့ကျေးရွာများ တွင် ခရီးသွားလာမှုနည်းပါးသဖြင့် ယခင်က တစ်နေ့ နှစ်ခေါက်ထွက်ရာတွင် ယခုအခါ တစ်နေ့တစ်ခေါက်နှုန်း ဖြင့်သာ ပြေးဆွဲနေရကြောင်း၊ ချောင်းဆုံ-ရန်ကုန်ပြေးဆွဲ သည့်လိုင်းများတွင် ရိုးရိုးလေး၊ အောင်ရတနာ၊ ရွှေစကြာ လိုင်းကားများ တရားဝင်စာတင်ပြီး ပိတ်ထားသည်ကို တွေ့ရှိနေကြောင်း မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေးကော်မတီအဖွဲ့မှ သိရသည်။

**ထူးအိမ်(ပြန်/ဆက်)**

## နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်သွားလာကြစေရန် မိုင်းပန်မြို့နယ်၌ အသိပညာပေး

**မိုင်းပန် မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် ယာယီ(ပျံကျ)ဈေး၊ မြို့မဈေး အတွင်းနှင့် မြို့မဈေးရှေ့တို့တွင် ဖြတ်သန်းသွားလာသူများ၊ ဈေးအတွင်းသို့ ဝင်ရောက်သူများအနေဖြင့် ညွှန်ကြားချက်များနှင့်အညီ နှာခေါင်းစည်း တပ်ဆင်ထားခြင်းရှိ၊ မရှိကို မိုင်းပန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် များက ယနေ့နံနက်ပိုင်းတွင် စစ်ဆေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များသည် နံနက် ၆ နာရီမှစ၍ ယာယီ(ပျံကျ)ဈေးအတွင်း၊ မြို့မဈေးအတွင်းနှင့် မြို့မဈေးရှေ့ တို့တွင် ဖြတ်သန်းသွားလာသည့် မြို့နေပြည်သူများအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ထားခြင်းရှိ၊ မရှိကို စောင့်ကြည့်စစ်ဆေးပြီး တပ်ဆင်လာခြင်းမရှိသူ များနှင့်စနစ်တကျတပ်ဆင်ခြင်းမရှိသူများအား အပြင်ထွက်ပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ပြီးမှသာ ထွက်ကြပါရန် အသိပေးခဲ့ပြီး နှာခေါင်းစည်း များလည်း အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ကိုဆန်း(မိုင်းပန်)**

## ချင်းပြည်နယ်အတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး သယ်ယူပို့ဆောင်ခွင့်ပြု

**ဟားခါး မေ ၅**
ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ဒေသတွင်းပြည်သူများအတွက် စားနပ်ရိက္ခာပြတ်လပ်မှု၊ ရှားပါးမှုမရှိစေရေးနှင့် တည်ဆောက်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်တန့်မှုမဖြစ်ပေါ်စေရေး၊ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အတူ စားသောက်ကုန်နှင့် တည်ဆောက်ရေးလုပ်ငန်းသုံး သွင်းကုန်များအားလုံး သယ်ယူပို့ဆောင်နိုင်ရေး ခွင့်ပြုပေးထားကြောင်း ပြည်နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနမှ သိရသည်။

"ချင်းပြည်နယ်အတွင်းမှာ စားသောက်ကုန်ပစ္စည်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတွေ သယ်ယူပို့ဆောင်နိုင်ဖို့အတွက် ကုန်တင်ယာဉ် အကြီး၊ အသေးအားလုံးကို ပိတ်ပင်ထားတာ မရှိပါဘူး။ ခွင့်ပြုပေးထားပါတယ်။ ပြည်နယ်ပြင်ပ အဝေးကြီးကလာကြတဲ့ ကုန်ကားတွေဆိုရင်တော့ အဝေးပြေးဂိတ်မှာပဲ ကုန်တင်ကုန်ချ လုပ်ခိုင်းပါတယ်။ ယာဉ်မောင်းနဲ့ ပါလာတဲ့သူတွေဆိုရင်လည်း အဝေးပြေးဂိတ်မှာပဲ ညအိပ်သင့်ရင် အိပ်ခိုင်းပါတယ်။ ယာဉ်မောင်းတွေရော၊ ကုန်တင်ကုန်ချ အလုပ်သမားတွေနဲ့ ဂိတ်မှူးတွေကအစ အားလုံးကိုတော့ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်စေပါတယ်။ ခရီးသွားယာဉ်လိုင်းတွေအနေနဲ့တော့ မေ ၁၅ ရက်အထိ သွားလာခြင်း ပိတ်ပင်ထားတဲ့ အမိန့်ရှိနေတာကြောင့် စောင့်ရဦးမှာဖြစ်ပါတယ်" ဟု ဧပြီ ၅ ရက်က ကုန်တင်ကားများကို လိုက်လံစိစစ်ဆောင်ရွက်နေသည့် ပြည်နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်လွင်က ပြောသည်။

"အဝေးပြေးဂိတ်မှာ ခရီးသည်သွားလာမှုမရှိပေမယ့်လည်း ကုန်စည်တွေကတော့ အဆက်မပြတ်ပါဘူး။ ကားကြီးတွေဝင်လာသမျှကိုတော့ ဂိတ်မှာပဲ ရပ်နားခိုင်းပါတယ်။ မြို့ထဲကိုတော့ ကားလေးတွေနဲ့ ကုန်စည်ကို တစ်ဆင့်သယ်ယူပြီး သက်ဆိုင်ရာနေရာတွေကို ပို့ပါတယ်။ ကုန်ကားပေါ်ပါလာတဲ့သူတွေကိုတော့ ဂိတ်မှာပဲ တည်းခိုခိုင်းပြီး ဘယ်ကိုမှမသွားဘဲ ကုန်ချပြီးတာနဲ့ ပြန်လွှတ်ပါတယ်" ဟု ဟားခါးမြို့ အဝေးပြေးကားဂိတ်တွင် တာဝန်ထမ်းဆောင်နေသူ ဂိတ်မှူးတစ်ဦးက ပြောသည်။

ချင်းပြည်နယ် ထွက်ကုန်ပစ္စည်းများမှာ ဒေသတွင်းဖူလုံမှုမရှိသဖြင့် ကလေးမြို့၊ ဂန့်ဂေါမြို့၊ မန္တလေးမြို့နှင့် အခြားသော မြို့ကြီးများမှ စားသောက်ကုန်နှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မှာယူနေရပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝယ်ယူပို့ဆောင်ရေးအဖွဲ့များဖွဲ့ကာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## မြင်းခြံမြို့နယ်၌ နဖျင်းချည်ထည်လုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေ

**မြင်းခြံ မေ ၅**
မြင်းခြံမြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် နဖျင်းချည်ထည်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ဆေးရုံ၊ ဆေးခန်းများက နဖျင်းချည်ထည်ကို ဆေးရုံ၊ ဆေးခန်းသုံး အဝတ်အထည်အဖြစ် မှာယူမှုများသောကြောင့် အဆင်ပြေလျက်ရှိသည်ဟု တစ်ပိုင်တစ်နိုင်ချည်ထည်လုပ်ငန်းလုပ်ကိုင်သူ မမြတ်မွန်သော်ထံမှ သိရသည်။

နဖျင်းချည်ထည် တစ်စုံလျှင် ငွေကျပ် ၂၀၀၀ မှ ၅၀၀၀ အထိရှိပြီး နဖျင်းချည်ထည်များကို မြင်းခြံ မြို့နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများသာမက မန္တလေး၊ ညောင်ဦး၊ မိုးကုတ်နှင့် အခြားမြို့များရှိဆေးရုံ၊ ဆေးခန်းများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကိုကျော်စွာ(ပြန်/ဆက်)**

# ချင်းတွင်းမြစ်အတွင်း ကုန်တင်ရေယာဉ်များ ပြန်လည်ပြေးဆွဲ



**မုံရွာ မေ ၅**
ချင်းတွင်းအထက်ပိုင်းဒေသများသို့ လူစီးအမြန်ရေယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခြင်းမရှိသေးသော်လည်း ကုန်တင်ရေယာဉ်များ နေ့စဉ် ရှစ်စင်းခန့် ပြေးဆွဲပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီမှ အတွင်းရေးမှူး ဦးဇော်ဝင်းထံမှ သိရသည်။

"နေ့စဉ်ကုန်တင်ရေယာဉ်တွေ အဝင်/အထွက်ရှိပါတယ်။ တစ်ရက်ကို သတင်းပို့တာ ၁၀ စင်း လောက်ရှိပေမယ့် တကယ်တမ်းထွက်တာက ခြောက်စင်းကနေ ရှစ်စင်းလောက်ရှိပါတယ်။ တစ်ခါတလေမှာ ကုန်စည်လိုအပ်ချက်အရ ရှစ်စင်းလောက်ပဲ လာသတင်းပို့တယ်။ လူစီးအမြန်ရေယာဉ်လိုင်းတွေအနေနဲ့က သင်္ကြန်မတိုင်ခင် ခရီးသည်ယာဉ်တွေက နေ့စဉ် ခြောက်စင်းလောက်ပုံမှန်ထွက်တယ်။ သင်္ကြန်အကြိုကနေ နှစ်ဆန်းတစ်ရက်နေ့အထိ နှစ်စဉ်ပုံမှန်ပိတ်တယ်။ နှစ်ဆန်း ၂ ရက်နေ့မှာ ပြန်လည်ပြေးဆွဲရမှာ ဖြစ်ပေမယ့် သင်္ကြန်ပြီးတဲ့နောက်ပိုင်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးစဉ်တွေကိုပိတ်ထားတာ ဖြစ်ပါတယ်။ လူစီးအမြန်ရေယာဉ်လိုင်းတွေ ပြန်လည်ပြေးဆွဲဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပေမယ့် တစ်စုံတစ်ရာ ပြန်လည်ဖြေကြားခြင်းမရှိသေးတာကြောင့် မပြေးဆွဲသေးပါဘူး"ဟု ဦးဇော်ဝင်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ချင်းတွင်းမြစ်အထက်ပိုင်းတစ်လျှောက်သို့ မုံရွာမြို့မှ အခြေပြုပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်အစင်းပေါင်း ၁၄၀ ကို ကုန်တင်ရေယာဉ်အသင်း ၁၁ သင်းဖွဲ့စည်းပြေးဆွဲလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိသောကာလအတွင်း တစ်ရက်လျှင် ရှစ်စင်းခန့်ဖြင့် ချင်းတွင်းအထက်ပိုင်းဒေသများသို့ လူသုံးကုန်၊ စားသောက်ကုန်၊ အိမ်ဆောက်ပစ္စည်းနှင့် စက်သုံးဆီ စသည့်ကုန်စည်များ စီးဆင်းနိုင်ရေး ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မယ်စဲ့မြို့နယ်တွင် ကြည့်ရှုစစ်ဆေး

**မယ်စဲ့ မေ ၅**
ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ယနေ့နံနက် ၉ နာရီက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်ဖ၊ မြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းလုပ်ငန်း၊ မန်းဘခိုင်လမ်း အရှည် ၆၆၆ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းနှင့် မြို့ကွက်လမ်းအရှည် ၆၂၉၈ ပေ၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ မြို့ပတ်လမ်းအရှည် ပေ ၂၉၉၀၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ နမ့်မန်းကျေးရွာ ရွာတွင်းလမ်းအရှည် ပေ ၃၃၀၀ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း၊ မယ်စဲ့-ဟိုစဲ့-ဘီပီ(၁၄) လမ်းအရှည် ၂/၄ ဒသမ ၉၁ မိုင်အား မူလအကျယ် ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း၊ ဟိုစဲ့ကျေးရွာခန်းမဆောင်မှ တောင်ပေါ်စေတီသွားလမ်းပေါ်ရှိ ၂၅ ပေ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ မူလွန်(ဟိုဂျစ်) ကျောင်းဆောင်သစ် (၉၀x၃၀) ပေ RC တစ်ထပ် တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

## ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့် ညီညွတ်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**ကော့သောင်း မေ ၅**
ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် Good Aquaculture Practice (GAqP )နှင့် အညီ ဆောင်ရွက်နေမှုအခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသံချောင်း၊ ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် ကော့သောင်းမြို့ သူဌေးကျွန်းပေါ်တွင် မွေးမြူလုပ်ကိုင်လျက်ရှိသည့် ရေငန်ပုစွန်မွေးမြူရေးကန်သို့ ရောက်ရှိစစ်ဆေးခဲ့ကြသည်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သည် ငါး၊ ပုစွန်မွေးမြူသူများ လိုက်နာရမည့်ကျင့်စဉ်တစ်ရပ်ဖြစ်ရာ GAqP စနစ်ကျင့်သုံးခြင်းသည် နိုင်ငံခြားဈေးကွက်ရရှိရေးအတွက်သာမဟုတ်ဘဲ ပြည်တွင်းစားသုံးမှုတွင်လည်း ဘေးကင်းပြီး အာဟာရပြည့်ဝသည့် ရေထွက်ကုန်များစားသုံးနိုင်ရေးအတွက်ကိုပါ ရည်ရွယ်ဆောင်ရွက်ကြောင်း၊ ရေထွက်ပစ္စည်းနှင့် အသားငါးများ စံချိန်စံညွှန်းနှင့်အညီ အာမခံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားအဆင့် ဓာတ်ကြွင်းထိန်းချုပ်မှုအစီအမံနှင့် ဓာတ်ခွဲရလဒ်ကောင်းများ EU သို့ နှစ်စဉ်တင်ပြမှုကြောင့်လည်း မြန်မာ့မွေးမြူရေးရေထွက်ကုန်များ တင်ပို့မှုရရှိထားပြီးဖြစ်ကြောင်းကို ဇန်နဝါရီ ၁၃ ရက်က နေပြည်တော်တွင်ကျင်းပခဲ့သည့် GAqP စနစ်နှင့်အညီ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ကော့သောင်းမြို့ သူဌေးကျွန်းပေါ်ရှိ Grand Andaman Co.,Ltd.၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းခွင်အတွင်း GAqP စနစ်နှင့်အညီ မွေးမြူထားရှိမှုအခြေအနေများဖြစ်သည့် ကန်၏ရေအရည်အသွေးစနစ်၊ သားလောင်းပြုစုကန်စနစ်၊ အစာကျွေးမှုစနစ်၊ အစာ၏အရည်အသွေး၊ ရေဆိုးစွန့်ထုတ်မှုစနစ်၊ ပြန်လည်ဖော်ထုတ်မှုစနစ်၊ ဇီဝလုံခြုံမှုစနစ် စသည့် Farms to Table အရောက် မွေးမြူမှုအဆင့်တိုင်းတွင် ဆောင်ရွက်ထားရမည့်အခြေအနေများအား အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သူဌေးကျွန်း Grand Andaman Co.,Ltd ၏ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသည် ကျွန်းပေါ်ရှိ မြေဧရိယာ ၁၂၄ ဧကကျော်အား ခေတ်မီနည်းစနစ်ဖြင့် ရေငန်ပုစွန်ဖြူများ မွေးမြူထားရှိပြီး လုပ်သားအင်အား ၁၀၀ ခန့်နှင့် မိခိုမိသားစုများအပါအဝင် အလုပ်သမား ၄၀၀ ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် နေထိုင်ရန် စီစဉ်ထားရှိပေးထားပြီး ဖော်ထုတ်ရရှိသည့်ပုစွန်များအား ယခင်က ဟိုတယ်တွင်သုံးသော်လည်း ယခုအခါ ထိုင်းနိုင်ငံသို့ တင်ပို့ကြောင်းနှင့် ဒသမ ၇၅ ဧကတွင် မွေးမြူကာလ သုံးလအတွင်း ရေငန်ပုစွန်ဖြူ ခြောက်တန်ကျော်ခန့်ထွက်ရှိကာ နိုင်ငံခြားဝင်ငွေများ ရှာဖွေပေးလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



**(၇၄) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၄ ရက်က ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သန္နွေတပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် သွေးလှူဒါန်းကြစဉ်။**

ငွေးနိုင်(ပဲခူး)

# ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ ဆင်တူသည့်အတွက် ဆရာဝန်၊ ဆရာမများ ပိုမိုအလုပ်များနိုင်

**ရန်ကုန် မေ ၅**

မိုးဦးကျကာလတွင် ဖြစ်ပေါ်တတ်သည့် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါတို့၏ လက္ခဏာများ ဆင်တူသည့်အတွက် ဆေးရုံ၊ ဆေးခန်းများရှိ ဆရာဝန်၊ ဆရာမများ မိုးရာသီကာလအတွင်း ပိုမိုအလုပ်များမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမော်မော်ဦးက ပြောသည်။

"မိုးကျလာရင် ဖြစ်လေ့ဖြစ်ထရှိတဲ့ တုပ်ကွေး၊ ဖျားနာတာတွေက တွဲလာမှာပဲ။ တွဲလာတဲ့အခါ ဆေးရုံ၊ ဆေးခန်းတွေအတွက် ပိုပြီးအလုပ်ရှုပ်မှာ အမှန်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုဗစ်ကလည်းရှိနေတယ်။ ကိုဗစ်-၁၉ရဲ့အခြေအနေကလည်း ဒီရောဂါလက္ခဏာတွေနဲ့ အတူတူပဲ။ ဒါကြောင့် လာသမျှလူနာအားလုံးကို ကိုဗစ်မပြီးမချင်း သံသယလူနာအဖြစ် သတ်မှတ်ပြီးတော့ ခွဲခြားကုသရမယ်၊ ကုသရတော့ ဆေးရုံ၊ ဆေးခန်းတွေအတွက် အလုပ်ပိုများလာမယ်"ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

ထိုသို့သော အခြေအနေများ ဖြစ်ပေါ်လာပါက ဆေးရုံ၊ ဆေးခန်းများရှိ ဆရာဝန်၊ ဆရာမများ အလုပ်များနိုင်သကဲ့သို့ အမျိုးသားဓာတ်ခွဲဌာနနှင့် ဆေးသုတေသနဌာနများအနေဖြင့်လည်း ရိုးရိုးတုပ်ကွေးလက္ခဏာနှင့် ကိုဗစ်-၁၉ ရောဂါလက္ခဏာ ခွဲခြားသိရှိနိုင်ရန် ဓာတ်ခွဲနမူနာရယူသည့် လုပ်ငန်းများကို ပိုမိုလုပ်ဆောင်လာရမည့် အခြေအနေတွင်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ရောဂါနှစ်ခု တွဲလာရင် ရိုးရိုးတုပ်ကွေးလား၊ ကိုဗစ်-၁၉ လက္ခဏာလား ခွဲခြားဖို့အတွက် ဓာတ်ခွဲနမူနာယူတာတွေ တိုးပြီးလုပ်ရမယ့် အခြေအနေမှာရှိတယ်။ အမျိုးသားဓာတ်ခွဲဌာနတို့၊ ဆေးသုတေသနဌာနတို့အတွက် ပိုပြီးတော့ အလုပ်များနိုင်တယ်။ သို့သော်လည်း တစ်ခုခုတော့ ကွဲပြားလာမှာပါ ရိုးရိုးတုပ်ကွေးနဲ့ ကိုဗစ်ကွဲပြားလာတဲ့ အချိန်ကျရင် လူနာကိုကြည့်ပြီး ဓာတ်ခွဲစမ်းသပ်မှုလုပ်စရာမလိုအောင် နည်းလမ်းရှာရမှာပေါ့"ဟု ပါမောက္ခ ဒေါက်တာမော်မော်ဦးက ပြောသည်။

ထို့အပြင် လာရောက်ပြသသည့် လူနာများပါက ကိုဗစ်-၁၉ ရောဂါနှင့် တုပ်ကွေးရောဂါ မရောထွေးစေရန် လက်ရှိဆောင်ရွက်နေသည့် Fever Clinic(ဖျားနာကုသမှုဆေးခန်း)များကဲ့သို့ ဆေးခန်းများကို နေရာအနှံ့တွင်ဖွင့်လှစ်ပြီး စစ်ဆေးခွဲခြားကာ ကိုဗစ်-၁၉ရောဂါလက္ခဏာရှိသည့် လူနာများကို ဆေးရုံသို့ ပို့ဆောင်သည့်စနစ်မျိုးကို လုပ်ဆောင်နိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

အဆိုပါ ပြောကြားမှုများကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်သည့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှုဆေးပညာဌာနနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ အတည်ပြု လူနာများအား ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစင်တာ (ဖောင်ကြီး)သို့ ပို့ဆောင်လျက်ရှိကြောင်း အသိပညာပေး ရှင်းလင်းပွဲ၌ မီဒီယာများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဇာနည်မောင်



## ပွင့်ဖြူမြို့နယ် မျိုးသန့်ခြံမှ မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသုံးမျိုး နှစ်စဉ် တင်း ၈၅၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေး

**ပွင့်ဖြူ မေ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ မျိုးသန့်ခြံမှ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ နှစ်စဉ် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသုံးမျိုးအား တင်း ၈၅၀၀ ခန့် စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့ မျိုးသန့်ခြံမှ ခြံတာဝန်ခံ ဦးအောင်ချစ်ထံမှ သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့မျိုးသန့်ခြံက နှစ်စဉ် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးကွဲသုံးမျိုးကို စိုက်ပျိုးထုတ်လုပ်ပြီး တစ်နှစ်ကို ပျမ်းမျှစပါးမျိုးကွဲ မျိုးကောင်းမျိုးသန့် တင်း ၈၅၀၀ ခန့်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကုလားပဲမျိုးကောင်းမျိုးသန့်တွေဖြစ်တဲ့ ရေဆင်း-၆ နဲ့ ရေဆင်း-၁၂ ကုလားပဲ သီးနှံမျိုးတွေကိုလည်း တစ်နှစ်ကို တင်းရေ ၇၅၀ ကနေ ၈၀၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု ပွင့်ဖြူမြို့ မျိုးသန့်ခြံမှ ခြံတာဝန်ခံ ဦးအောင်ချစ်က ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## ကျောက်ပန်းတောင်းမြို့နယ် ခရမ်းသီးစိုက်တောင်သူများ ဈေးကောင်းရရှိပြီး မိသားစုပုံမှန်ဝင်ငွေရရှိ

**ကျောက်ပန်းတောင်း မေ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများသည် ခရမ်းသီးများကို စီးပွားဖြစ်စိုက်ပျိုးကြကာ ခရမ်းသီးခင်းများ အောင်မြင်ဖြစ်ထွန်းကြပြီး ခရမ်းသီးဈေး ကောင်းမွန်နေကြောင်း သိရသည်။

ခရမ်းသီးများကို ငါးရက်တစ်ကြိမ်ဆွတ်ခူးပြီး ခရမ်းသီးပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူခြင်း၊ ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့ သွားရောက်ရောင်းချကြောင်း သိရသည်။

ခရမ်းသီးမျိုးသုံးမျိုး စိုက်ပျိုးကြပြီး ဆင်စွယ်ခရမ်းသီးမျိုးသည် အရှည်သီးဖြစ်ပြီး ဘုလုံးအစိမ်းမျိုးနှင့် ဘုလုံးအပြာခရမ်းမျိုးတို့ စိုက်ပျိုးကြကြောင်း သိရကာ ခရမ်းသီးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချရခြင်းကြောင့် ခရမ်းသီးစိုက်တောင်သူများ မိသားစုဝင်ငွေ ပုံမှန်ရရှိနေကြောင်း သိရသည်။

ကိုထိန် (ငါ့သရောက်)

## ပင်မှည့်စိန်တလုံးသရက်သီးများ တောင်တွင်းကြီးဈေးကွက်၌ ရောင်းမလောက်

**တောင်တွင်းကြီး မေ ၅**

တောင်တွင်းကြီးမြို့နယ်မှထွက်ရှိသည့် ပင်မှည့်စိန်တလုံးသရက်သီးများသည် ယခုလက်ရှိအချိန်တွင် တောင်တွင်းကြီးဈေးကွက်၌ပင် ရောင်းမလောက်ဖြစ်နေကြောင်း သရက်ခြံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရသည်။

"သရက်ပင် ၅၀၀ ကျော်စိုက်ထားပါတယ်။ စိန်တလုံးသရက်ကို အဓိကထားစိုက်ထားတာပါ။ အပင်အကြီးအသေးပေါ်မူတည်ပြီးတော့ တစ်ပင်ကို အသီး ၅၀၀ နဲ့ ၁၀၀၀ ကြား သီးပါတယ်။ အလုံး အကြီး၊ အသေးပေါ်မူတည်ပြီး တစ်လုံး ၅၀၀၊ ၆၀၀၊ ၇၀၀ ရောင်းရပါတယ်။ တစ်နေ့အလုံး ၅၀၀ ဝန်းကျင် ခူးနေရပါတယ်။ ကျွန်တော်တို့ခြံက သရက်သီးကို အစိမ်းခူးဆွတ်ပြီး အုပ်တာမဟုတ်ပါဘူး။ တစ်လုံးချင်း မှည့်တဲ့ ပင်မှည့်အသီးကိုပဲ ခူးဆွတ်ပြီး ရောင်းတာပါ။ ပင်မှည့်အသီးဖြစ်တာကြောင့်လည်း ရောင်းမလောက်ဖြစ်နေတာပါ" ဟု သရက်ခြံလုပ်ငန်းရှင် ဦးလှစိုးက ပြောသည်။

တောင်တွင်းကြီးမြို့နယ်မှထွက်ရှိသည့် ပင်မှည့်သရက်သီးများကို ယခင်နှစ်များက တောင်တွင်းကြီးဈေးကွက်အပြင် ရန်ကုန်၊ မော်လမြိုင်၊ ကျိုက္ခမီအထိ တင်ပို့ခဲ့ရသော်လည်း ယခုလတ်တလောတွင် တောင်တွင်းကြီးဈေးကွက်၌ပင် ရောင်းမလောက်ဖြစ်နေကြောင်း သိရသည်။

အေးမိုးမိုးမြင့်(ပြန်/ဆက်)

## ဒလမြို့နယ် ရခိုင်ချောင်(တောင်) ကျေးရွာနှင့် လိပ်ကုန်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအဆင့်မြှင့်တင်

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်(တောင်) ကျေးရွာနှင့် လိပ်ကုန်းကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းအရှည်ပေ ၄၈၀၀ ကျော် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးရွာချင်းဆက်လမ်းကို နေ့စဉ်အသုံးပြုလျက်ရှိသော ကျေးရွာသူ၊ ကျေးရွာသားများ၊ လယ်သမားကြီးများနှင့် ကျောင်းသား ကျောင်းသူများသည် အဆိုပါလမ်းမှတစ်ဆင့် ရခိုင်ချောင်(တောင်) ကျေးရွာသို့ ဖြတ်သန်းသွားလာရာတွင် ယခင်က ရေလမ်းခရီးကိုသာ အဓိကအားထားသွားလာနေရကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲဒုက္ခကို နှစ်ကာလများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ယခုလို ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း လိပ်ကုန်းကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ရခိုင်ချောင်(တောင်) ကျေးရွာ၊ လိပ်ကုန်းကျေးရွာ၊ ရွှေခဲပုံကျေးရွာ၊ ဘိုဖြူချောင်ကျေးရွာ၊ နိုးချောင်းကြီးကျေးရွာနှင့် နိုးချောင်းလေးကျေးရွာတို့သို့ တစ်ဆက်တည်းရှိသော ကျေးရွာချင်းဆက်လမ်းပိုင်းဖြစ်ပြီး ရခိုင်ချောင်(တောင်) ကျေးရွာနှင့် လိပ်ကုန်းကျေးရွာချင်းဆက် ကုန်ထုတ်လမ်းမှာ အရှည်ပေ ၄၈၀၀၊ အကျယ်ခုနစ်ပေရှိကာ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေသောကျေးရွာများ၏ ကုန်ထုတ်လမ်းများနှင့် ချောင်းကူးတံတားများအား အဆင့်မြှင့်တင်ပြီး အသုံးပြုသွားလာနိုင်ရေး၊ ဝေးလံသောကျေးရွာများရှိ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားလာနိုင်သောလမ်းနှင့် တံတားများကို ဆောင်ရွက်ပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေများဖြင့် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)



## ကလေးခရိုင်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်

**ကလေး မေ ၅**

ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများမှ ငါးအထွက်နှုန်းတိုးတက်စေရန် အင်းနယ်နိမိတ်အား ကာကွယ်စောင့်ရှောက်ရန်နှင့် အင်းရာသီအတွင်း ငါးကုန်/ရေခန်းဖမ်းဆီးခြင်းမပြုလုပ်ဘဲ အင်းရေချန်/ ငါးချန်စနစ်လုပ်ကိုင်စေရန်တို့ကို ရည်ရွယ်၍ ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၉- ၂၀၂၀ ပြည့်နှစ် ငါးလုပ်ငန်းရာသီအတွက် ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် အိတ်ဖွင့်လေလံတင်ရောင်းချပေးခြင်းကို ဇွန်၄ ရက် နံနက် ၁၀ နာရီတွင် အင်းလေလံစည်းကမ်းချက်များနှင့်အညီ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်းများမှာ ကလေးမြို့နယ်တွင် အင်းဒင်အင်း၊ ကလေးအင်း၊ တိန်ညှင်းအင်း၊ ရာဇဗြိုဟ်အင်းနှင့် မင်းကင်းမြို့နယ်တွင် ကံအင်း၊ သင်တောအင်း၊ ဘိုင်အင်း၊ မတောအင်း၊ တုံအင်း၊ ဘင်အင်း၊ ပင်တင်းအင်း၊ ပန်းဆက်အင်း စုစုပေါင်းအင်း ၁၂ အင်းတို့ဖြစ်သည်။

"ဂရန်အင်းများဟာ နိုင်ငံတော်ပိုင်သယံဇာတတွေဖြစ်ပါတယ်။ အင်းလုပ်ငန်းဟာ သဘာဝက ထွက်ရှိတဲ့ ငါးတွေကို ဖမ်းဆီးရတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ရေရှည်စဉ်ဆက်မပြတ် ငါးဖမ်းဆီးထုတ်လုပ်နိုင်ဖို့အတွက် အဲဒီဂရန်အင်းရဲ့ငါးမျိုးစိတ်တွေ မျိုးမသုဉ်းစေဖို့၊ ငါးမျိုးတွေပြုန်းတီးနိုင်တဲ့ တရားမဝင်ငါးဖမ်းကိရိယာတွေ အသုံးပြုခြင်းကနေ ကာကွယ်ကြီးကြပ်ဖို့၊ ငါးရစ်ငါးသန်ရာသီချိန် တားမြစ်ကာလ ငါးဖမ်းဆီးမှုမရှိစေဖို့ကို အင်းလေလံဆွဲဝယ်ရရှိသူတွေက တာဝန်ရှိမှု၊ တာဝန်သိမှု အသိစိတ်ဓာတ်ရှိရှိနဲ့ အလေးထားဖို့ အခုလိုဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးစိုးမြင့်သိန်းက ပြောသည်။

ချင်းတွင်းသား

# ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးဆက်များ



တက္ကသိုလ်ဟန်စိုးဦး

(မေ ၄ ရက်မှအဆက်)

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်အနေနဲ့ အခုအချိန်မှာ တစ်ကမ္ဘာလုံးက အကူအညီ လိုအပ်နေတဲ့အချိန်မှာ အကူအညီပေးအပ်ခြင်းဖြင့် အင်အားကြီးမားတဲ့ ဦးဆောင်နိုင်ငံတစ်နိုင်ငံ အနေအထားကို ရရှိနိုင်မယ်ဆိုတာ ကောင်းစွာသိမြင်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာလည်း သမ္မတရှီဟာ "ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်" (Global governance) နဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်နိုင်ဖို့ တရုတ်နိုင်ငံခြားရေးမူဝါဒ လုပ်ငန်းစဉ်တွေကတစ်ဆင့် စဉ်းစားဆောင်ရွက်လာခဲ့ပါတယ်။ အခုဖြစ်ပွားလာတဲ့ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဟာ ဒီစဉ်းစားချက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ အခွင့်အလမ်းတွေ ပေးစွမ်းလာခဲ့တယ်လို့ ပြောနိုင်ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါခံစားနေရတဲ့ နိုင်ငံတွေကို နှာခေါင်းစည်းတွေ၊ အသက်ရှူအထောက်အကူပြုစက်တွေ၊ ventilator တွေ၊ ဆေးဝါးတွေ လှူဒါန်းမှုပြုနေတဲ့ သတင်းတွေကို တရုတ်နိုင်ငံရဲ့ သတင်းဌာနကြီးတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလာတာကို တွေ့မြင်နိုင်ပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ စတင်ဖြစ်ပွားချိန်မှာ တရုတ်နိုင်ငံဟာ အခုလို ဆေးအထောက်အကူပြုပစ္စည်းတွေကို ပြည်ပနိုင်ငံတွေကနေ ဝယ်ယူမှု၊ လှူဒါန်းမှုတွေကတစ်ဆင့် နိုင်ငံတွင်းဖြည့်ဆည်းခဲ့ရတာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ တရုတ်နိုင်ငံဟာ အခြားနိုင်ငံတွေကို ပြန်လည်မျှဝေ အကူအညီပေးနိုင်တဲ့အနေအထားကို ရောက်ရှိနေပြီဖြစ်ပါတယ်။

အီတလီနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါတွေ ပြန့်ပွားပြီးနောက်ပိုင်း အီတလီအစိုးရက လိုအပ်တဲ့ အကာအကွယ်ဝတ်စုံတွေ၊ ဆေးအထောက်အကူပြုပစ္စည်းတွေ အရေးပေါ်လိုအပ်နေလို့ အကူအညီပေးကြဖို့ မေတ္တာရပ်ခံချိန်မှာ ဘယ်ဥရောပနိုင်ငံကမှ မတုံ့ပြန်ဘဲရှိနေကြချိန်မှာ တရုတ်နိုင်ငံကတော့ အီတလီနိုင်ငံကို နှာခေါင်းစည်းမျက်နှာဖုံး နှစ်သန်း၊ ventilator အလုံး ၁၀၀၀၊ အကာအကွယ်ဝတ်စုံ ၂၀၀၀၀၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါရှိ/မရှိ စစ်ဆေးတဲ့ကိရိယာ ၅၀၀၀၀ အကူအညီပေးအပ်ခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံဟာ အီရန်နိုင်ငံကို ဆေးပညာရှင်အဖွဲ့တစ်ဖွဲ့နဲ့ နှာခေါင်းစည်းမျက်နှာဖုံး ငါးသိန်း ထောက်ပံ့ခဲ့သလို ဆားဘီးယားနိုင်ငံကိုလည်း ဆေးအထောက်အကူပြုပစ္စည်းတွေ ပေးပို့ခဲ့ပါတယ်။ ဆားဘီးယားသမ္မတကဆိုရင် ဥရောပစည်းလုံးညီညွတ်ရေးဆိုတာ လက်တွေ့မှာ "စိတ်ကူးယဉ်ပုံပြင်တစ်ရပ်"သာ ဖြစ်တယ်လို့တောင် ပြောကြားခဲ့ပြီး ဆားဘီးယားနိုင်ငံကို အကူအညီပေးနိုင်သည်မှာ တရုတ်တစ်နိုင်ငံတည်းသာရှိကြောင်း ပြောကြားခဲ့ပါတယ်။ အလီဘာဘာ ကုမ္ပဏီကို တည်ထောင်ခဲ့တဲ့ ဂျက်မကလည်း သူတို့အနေနဲ့ အမေရိကန်နိုင်ငံအတွက် နှာခေါင်းစည်းမျက်နှာဖုံးတွေနဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါရှိ/မရှိ စစ်ဆေးတဲ့ ကိရိယာအများအပြားကို အကူအညီပေးအပ်သွားမှာဖြစ်ကြောင်း၊ အလားတူ အာဖရိကဒေသက နိုင်ငံ ၅၄ နိုင်ငံအတွက်လည်း တစ်နိုင်ငံကို နှာခေါင်းစည်းမျက်နှာဖုံး တစ်သိန်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါရှိ/ မရှိ စစ်ဆေးတဲ့ကိရိယာ ၂၀၀၀၀ စီ ပေးအပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။




ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကို တရုတ်နိုင်ငံတွင်း ထိန်းချုပ်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် အခြားနိုင်ငံများသို့ ဆေးပညာရှင်များနှင့် ဆေးပစ္စည်းများ ပေးပို့ကူညီခဲ့သည်ကို တွေ့ရစဉ်။



ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းအတွက် ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ထားစဉ်။

အခုလို တရုတ်နိုင်ငံက ကျန်ကမ္ဘာ့နိုင်ငံတွေကို အထောက်အကူပြုပစ္စည်းတွေ ပေးပို့အကူအညီပေးနိုင်ခြင်းဟာ ကျန်နိုင်ငံတွေ အခုလို ကိုရိုနာဗိုင်းရပ်စ်ရောဂါ တိုက်ဖျက်ရေးမှာ လိုအပ်နေတဲ့အရာတွေကို တရုတ်နိုင်ငံက ထုတ်လုပ်နိုင်လို့ပဲ ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ယခင်ကတည်းက ဆေးရုံသုံးနှာခေါင်းစည်းတွေကို အဓိကထုတ်လုပ်ရောင်းချနေတဲ့ နိုင်ငံဖြစ်သလို အခုလိုရောဂါဖြစ်လာတဲ့အချိန်မှာ စစ်ကာလအတွင်းလို စက်မှုလုပ်ငန်းတွေကို အတင်းတွန်းအားပေးပြီး ထုတ်လုပ်ခဲ့တဲ့အတွက် ယခင်ကထက် ၁၀ ဆ ပိုမိုထုတ်လုပ်လာနိုင်ခဲ့ပြီး ကမ္ဘာအနှံ့ ဖြန့်ဝေနိုင်လာခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူပဲ တရုတ်နိုင်ငံဟာ ယခင်ကတည်းက N95 အမျိုးအစား နှာခေါင်းစည်းတွေကို ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ထက်ဝက်နီးပါး ထုတ်လုပ်ရောင်းချခဲ့တာ ဖြစ်ပါတယ်။

အခုလိုအချိန်မှာ အမေရိကန်နိုင်ငံဟာ ကျန်ကမ္ဘာ့နိုင်ငံတွေကို အကူအညီပေးနိုင်ဖို့ နေနေသာသာ သူ့နိုင်ငံတွင်းမှာ လိုအပ်နေတဲ့ ပစ္စည်းတွေကို အပြည့်အဝမထောက်ပံ့နိုင်တဲ့အပြင် ထုတ်လုပ်ဖို့လည်း စွမ်းရည်မရှိဖြစ်နေပါတယ်။ အမေရိကန်နိုင်ငံမှာ အရေးပေါ်ကျန်းမာရေးကာလအတွက် အရန်စုဆောင်းထားရှိတဲ့ ပစ္စည်းတွေအနက် အခုဆိုရင် လိုအပ်နေတဲ့ နှာခေါင်းစည်း မျက်နှာဖုံးရဲ့ တစ်ရာခိုင်နှုန်း၊ ventilator ဆိုရင် လိုအပ်ချက်ရဲ့ ၁၀ ရာခိုင်နှုန်းပဲ ရှိတယ်လို့ ယုံကြည်ကြပါတယ်။ ဒါကြောင့် လိုအပ်နေတဲ့ ပစ္စည်းတွေကို ပြည်တွင်းမှာ ထုတ်လုပ်မှုတိုးမြှင့်သွားဖို့ရယ်၊ တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းဖို့ရယ် ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။ အလားတူ အမေရိကန်နိုင်ငံမှာ ဖြန့်ဖြူးရောင်းချနေတဲ့ ပဋိဇီဝဆေးဝါးဈေးကွက်ရဲ့ ၉၅ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက နေရာယူထားသလို အဲဒီ ပဋိဇီဝဆေးဝါးမှာပါဝင်တဲ့ ပစ္စည်းတွေကိုလည်း အမေရိကန်နိုင်ငံမှာ ထုတ်လုပ်နိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်မှာ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို အကူအညီပေးမယ်လို့ ကမ်းလှမ်းခဲ့သော်လည်း အခုလက်ရှိအခြေအနေမှာတော့ ပြည်တွင်းမှာတောင် လိုအပ်ချက်တွေ ဖြစ်နေတာကို တွေ့မြင်နိုင်ပါတယ်။ ဆန့်ကျင်ဘက်အနေနဲ့ တရုတ်နိုင်ငံကတော့ လက်ရှိလိုအပ်နေတဲ့ နိုင်ငံတွေကို အကူအညီတွေ အများအပြား ပေးအပ်နေပြီဖြစ်ပါတယ်။

အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာလို့ တုံ့ပြန်ကိုင်တွယ်ဆောင်ရွက်ကြတဲ့အခါ ပစ္စည်းကူညီထောက်ပံ့နိုင်ခြင်းသက်သက်က အဓိကမဟုတ်ဘဲ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းကလည်း အရေးကြီးတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အီဘိုလာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားတော့ အမေရိကန်နိုင်ငံဟာ နိုင်ငံပေါင်း ၁၂ နိုင်ငံနဲ့လက်တွဲပြီး ရောဂါပြန့်ပွားမှုတိုက်ဖျက်ရေး ဦးစီးဆောင်ရွက်ခဲ့တာကို တွေ့မြင်နိုင်ပါတယ်။ အခု ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ဖြစ်ပွားတဲ့အချိန်မှာ အမေရိကန်နိုင်ငံဟာ အဲဒီအချိန်ကလို ဦးစီးညှိနှိုင်းဆောင်ရွက်ဖို့ ပျက်ကွက်နေတာကို အထင်အရှား တွေ့မြင်နိုင်ပါတယ်။ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့နေနေသာသာ အမေရိကန်နိုင်ငံဟာ ဥရောပဒေသကလာတဲ့ ခရီးသည်တွေ သူ့နိုင်ငံထဲကိုဝင်ရောက်ခွင့်ပိတ်ပင်လိုက်တဲ့ ဆုံးဖြတ်ချက်ကိုတောင် ဥရောပမဟာမိတ်နိုင်ငံတွေကို ကြိုတင်အသိပေး အကြောင်းကြားခဲ့ခြင်းမရှိတာကို ကြည့်ခြင်းဖြင့် အမေရိကန်ရဲ့ ဦးဆောင်မှုကဏ္ဍ လျော့ရဲနေတာကို မှန်းဆနိုင်ပါတယ်။

တရုတ်နိုင်ငံကတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ပြန့်ပွားမှုထိန်းချုပ်ဖို့ ဆောင်ရွက်ခဲ့တဲ့ သူတို့ရဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေကို နိုင်ငံပေါင်းများစွာက ပညာရှင်ပေါင်းများစွာကို Video Conference ကနေတစ်ဆင့် မျှဝေခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ တရုတ်နိုင်ငံဟာ သူပါဝင်ဖွဲ့စည်းထားတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေကတစ်ဆင့် ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာ- အရှေ့ဥရောပနဲ့ ဥရောပ အလယ်ပိုင်းနိုင်ငံတွေ ပါဝင်တဲ့ (၁၇+၁) လုပ်ငန်းစဉ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization-SCO)၊ ပစိဖိတ်ကျွန်းနိုင်ငံ ၁၀ နိုင်ငံအပြင် အခြား အာရှ၊ ဥရောပ၊ အာဖရိကနိုင်ငံတွေနဲ့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေ၊ အကူအညီပေးမှုတွေကိုလည်း နိုင်ငံရဲ့ သတင်းစာနဲ့ မီဒီယာအများအပြားမှာ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြရင်း တရုတ်နိုင်ငံရဲ့ ကိုင်တွယ်ဆောင်ရွက်မှုဟာ ထိရောက် အားသာမှုတွေရှိကြောင်းကိုလည်း အလေးပေးရေးသားခဲ့ကြပါတယ်။ တရုတ်နိုင်ငံရဲ့ အခုလိုဆောင်ရွက်လာမှုတွေကိုလည်း နိုင်ငံတကာသုတေသီအချို့က Face-mask diplomacy အဖြစ် ခေါ်ဝေါ်ခဲ့ကြပါတယ်။

တရုတ်နိုင်ငံဟာ အခုလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ပြန့်ပွားနေတဲ့အချိန်မှာ ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စတွေမှာ ဦးစီးဆောင်ရွက်နိုင်စွမ်းရှိတယ်လို့ ပြသနိုင်နေခြင်းရဲ့ အဓိကအချက်ကတော့ ပြည်တွင်းရေးကို ဦးစားပေးဆောင်ရွက်နေတဲ့ အမေရိကန်နိုင်ငံခြားရေးမူဝါဒနဲ့ ပြည်တွင်းမှာလုံလောက်မှုမရှိတဲ့ အခြေအနေတွေကြောင့်ပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၂၆ သို့ ❖

**အခုဆိုရင် တစ်ကမ္ဘာလုံးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဒဏ်ကို ခံစားနေကြရတဲ့ နိုင်ငံတွေ ကြားချင်တဲ့သတင်းက ကမ္ဘာလုံးဆိုင်ရာအခက်အခဲကို အလေးအနက်ထားဖို့ ရှေ့ဆက်ဆောင်ရွက်သွားကြမယ့် လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဆေးဝါးသုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ခြင်း စတဲ့လုပ်ငန်းတွေကို အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တစ်ကမ္ဘာလုံးအတွက် အကျိုးများစေမှာဖြစ်။**

❖ စာမျက်နှာ ၂၅ မှ

ဒါကြောင့် တရုတ်နိုင်ငံရဲ့ကြိုးပမ်းမှု ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်နိုင်မလဲဆိုတဲ့အချက်ဟာ အမေရိကန်နိုင်ငံမှာ ဘာတွေလုပ်နေကြသလဲဆိုတဲ့ အချက်ရယ်၊ တရုတ်နိုင်ငံမှာ ဘာတွေလုပ်နေကြလဲဆိုတဲ့ အချက်တွေအပေါ် တည်မှီနေပါတယ်။ အခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေမှာ အမေရိကန်နိုင်ငံအနေနဲ့ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို နိုင်နင်းစွာ ထိန်းချုပ်ဆောင်ရွက်ခြင်း၊ ကမ္ဘာမှာလိုအပ်နေတဲ့ အထောက်အကူတွေ ပေးအပ်ခြင်း၊ ကျန်ကမ္ဘာ့နိုင်ငံတွေနဲ့ လက်တွဲပြီး တုံ့ပြန်ဖြေရှင်းခြင်းစတဲ့ ခေါင်းဆောင်တစ်ဦးဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ဆောင်ရွက်ပြခြင်းဖြင့် ကမ္ဘာ့ရေးရာတွေမှာ ဦးစီးဆောင်ရွက်နိုင်တယ်ဆိုတဲ့ အနေအထားကို ပြသနိုင်ရမှာ ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းတွေထဲကမှ နိုင်ငံတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ပြန့်ပွားမှုထိန်းချုပ်နိုင်ဖို့နဲ့ ထိခိုက်ခံစားနေရတဲ့ ပြည်သူတွေကို အကာအကွယ်ပေးနိုင်ဖို့ လုပ်ငန်းတွေဟာ ဦးစားပေးဆောင်ရွက်ရမှာတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ ပထဝီနိုင်ငံရေး မဟုတ်ဘဲ ပြည်တွင်းစီမံအုပ်ချုပ်မှုကိစ္စသက်သက်သာ ဖြစ်ပါတယ်။ သို့သော်လည်း အမေရိကန်အစိုးရအနေနဲ့ လုပ်သင့်တဲ့လုပ်ငန်းတွေကို မဆောင်ရွက်ဘူးဆိုရင် ဒါဟာ ပထဝီနိုင်ငံရေးအရ အကျိုးသက်ရောက်မှုတွေ ဖြစ်လာနိုင်ဖို့ရှိပါတယ်။ ဥပမာအနေနဲ့ အမေရိကန်ဖက်ဒရယ်အစိုးရဟာ ပြည်တွင်းမှာ စစ်ပွဲကာလအခြေအနေတစ်ရပ်လို လိုအပ်နေတဲ့ နှာခေါင်းစည်းတွေ၊ အသက်ရှူစက်တွေ၊ ventilator တွေ အများအပြားထုတ်လုပ်နိုင်ဖို့ အားပေးကူညီမှုတွေ၊ ထောက်ပံ့မှုတွေ ပြုလုပ်ခဲ့မယ်ဆိုရင် အမေရိကန်နိုင်ငံသား အများအပြားရဲ့ အသက်တွေကို ကယ်ဆယ်နိုင်မှာဖြစ်သလို ကျန်ကမ္ဘာ့နိုင်ငံတွေအတွက်လည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံအနေနဲ့ အခုအချိန်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း လိုအပ်နေတဲ့ ရုပ်ပိုင်းဆိုင်ရာပစ္စည်းလိုအပ်ချက်တွေကို ပါဝင်ဖြည့်ဆည်းပေးဖို့ အထောက်အကူမပြုနိုင်သော်လည်း ဇီဝသိပ္ပံနဲ့ ဇီဝနည်းပညာပိုင်းမှာ ကမ္ဘာ့ရှေ့တန်းမှာရှိနေတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ လိုအပ်နေတဲ့ ဆေးဝါးဖော်ထုတ်နိုင်ရေးမှာတော့ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ အမေရိကန်အစိုးရအနေနဲ့ ဒုတိယကမ္ဘာစစ်အတွင်းက မန်ဟက်တန် စီမံကိန်းချမှတ်ခဲ့သလို အခုလည်း နိုင်ငံတွင်းမှာရှိတဲ့ သိပ္ပံဓာတ်ခွဲခန်းတွေ၊ ဆေးဝါးကုမ္ပဏီကြီးတွေကို ဆွဲဆောင်မှုတွေကမ်းလှမ်းပြီး ဆေးဘက်ဆိုင်ရာ မန်ဟက်တန်စီမံချက်တစ်ရပ်ချမှတ်ကာ ဓာတ်ခွဲခန်းတွေမှာ ဆေးသုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ခြင်း၊ အောင်မြင်ခဲ့ပါက ဆေးအမြောက်အမြားထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ပါတယ်။ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ဖို့ အရင်းအနှီးက ကြီးမားလွန်းတဲ့အတွက် အစိုးရရဲ့ ရက်ရက်ရောရောထောက်ပံ့ပေးမှုနဲ့ ဆေးဝါးအောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်တဲ့ကုမ္ပဏီကို ချီးမြှင့်ထောက်ပံ့ခြင်းဖြင့်သာလျှင် လက်ရှိအနေအထားကို ပြောင်းလဲသွားစေနိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်အစိုးရအနေနဲ့ စီမံခန့်ခွဲမှု အမှားအယွင်းတွေ ရှိနေပေမယ့်ပြည်နယ်အစိုးရတွေ၊ အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတွေ၊ ဘာသာရေးအသင်းအဖွဲ့တွေ၊ တက္ကသိုလ်တွေ၊ စီးပွားရေးကုမ္ပဏီတွေဟာ ဗဟိုအစိုးရက စတင်လာမယ့်အချိန်တွေကို မစောင့်တော့ဘဲ မိမိအစီအစဉ်နဲ့သာ စတင်ဆောင်ရွက်နေကြပါတယ်။ အခုဆိုရင် အမေရိကန် စီးပွားရေးကုမ္ပဏီတွေနဲ့ သုတေသီပညာရှင်တွေဟာ ကိုဗစ်-၁၉ ကူးစက်ရောဂါကို ကုသနိုင်မယ့် ဆေးဝါးတွေကို ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းနေကြပြီ ဖြစ်ပါတယ်။




ကိုဗစ်-၁၉ ကူးစက်ရောဂါကို ထိထိရောက်ရောက်ကုသပေးနိုင်မည့် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံကြီးအချို့တွင် စမ်းသပ်နေသည်ကို တွေ့ရစဉ်။

အမေရိကန်အစိုးရအနေနဲ့ ပြည်တွင်းရေးကိစ္စတွေကိုသာ ပိုမိုအလေးပေး အာရုံစိုက်နေပေမယ့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို တိုက်ဖျက်နိုင်ဖို့ ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု လိုအပ်နေတယ်ဆိုတဲ့အချက်ကို မျက်ကွယ်ပြုနေလို့မရပါဘူး။ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မှုတွေဖြစ်တဲ့ ခရီးသွားလာမှုတွေ ကန့်သတ်ခြင်း၊ သတင်းအချက်အလက်အပြန်အလှန်မျှဝေခြင်း၊ အရေးကြီးလိုအပ်နေတဲ့ပစ္စည်းတွေ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေး စတဲ့ကိစ္စတွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ ခိုင်မာတဲ့ ခေါင်းဆောင်မှုလိုအပ်ပါတယ်။ အလားတူ အခုအချိန်မှာ ဘယ်နိုင်ငံရဲ့ ကိုင်တွယ်ဆောင်ရွက်မှုက ပိုမိုသာလွန်ကောင်းမွန်တယ်၊ ဗိုင်းရပ်စ်ရဲ့ မူလအစနိုင်ငံက ဘယ်ကဖြစ်တယ်လို့ တရုတ်နိုင်ငံနဲ့ စကားစစ်ထိုးနေမယ့်အစား တရုတ်နိုင်ငံနဲ့လည်း ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ လိုအပ်နေပါတယ်။ တရုတ်အစိုးရက ကိုရိုနာဗိုင်းရပ်စ်ပိုးကို အမေရိကန်တပ်မတော်က စတင်ဖြန့်ခဲ့တယ်ဆိုပြီး အပြင်းအထန်ကန့်ကွက်မှုတွေ ပြုလုပ်မှုအပေါ် အမေရိကန်အစိုးရအနေနဲ့ လိုအပ်သလို တုံ့ပြန်ပြောဆိုရမှာဖြစ်ပေမယ့် ဗိုင်းရပ်စ်နဲ့ပတ်သက်လာရင် တရုတ်နိုင်ငံကို ပစ်မှတ်ထား တိုက်ခိုက်နေတာတွေကိုတော့ ရှောင်ကြဉ်ရပါမယ်။ အခုဆိုရင် တစ်ကမ္ဘာလုံးမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဒဏ်ကို ခံစားနေကြရတဲ့နိုင်ငံတွေ ကြားချင်တဲ့သတင်းက ကမ္ဘာလုံးဆိုင်ရာ အခက်အခဲကို အလေးအနက်ထားဖို့ ရှေ့ဆက်ဆောင်ရွက်သွားကြမယ့် လုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဆေးဝါးသုတေသနပြုလုပ်ခြင်း၊ စမ်းသပ်ခြင်းစတဲ့ လုပ်ငန်းတွေကို အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တစ်ကမ္ဘာလုံးအတွက် အကျိုးများစေမှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့်ပြောရရင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးဟာ တစ်ကမ္ဘာလုံးကို ရိုက်ခတ်လှုပ်နှိုးလိုက်တာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုအပါအဝင် ကျန်ကမ္ဘာလုံးဆိုင်ရာ ဘုံစိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်နေတယ်ဆိုတာ ပြသလိုက်ခြင်းလည်း ဖြစ်ပါတယ်။ ဒီလိုပူးတွဲဆောင်ရွက်မှုတွေကိုလည်း တရုတ်နိုင်ငံရဲ့ ကြီးမားလာတဲ့အင်အားကို အလျှော့ပေးမှုအဖြစ် ကျန်ကမ္ဘာ့နိုင်ငံတွေက မရှုမြင်ကြဖို့လည်း လိုအပ်ပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံရဲ့ ဦးဆောင်မှုအနာဂတ်အပေါ် ယုံကြည်မှု ပြန်လည်တည်ဆောက်နိုင်မယ့် နည်းလမ်းလည်း ဖြစ်ပါတယ်။ အခုဖြစ်ပေါ်နေတဲ့ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပြန့်ပွားနေမှုကာလမှာ အမေရိကန်အစိုးရဟာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခြင်းဖြင့် ကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

*(မှတ်ချက်။ ယခုဆောင်းပါးတွင် ဖော်ပြထားသော အချက်အလက်များသည် စာရေးသူ၏ သဘောထားအမြင်၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အယူအဆများကို လေ့လာစုစည်း ရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)*

# အနုပညာ


## အိမ်တွင်းအကြမ်းဖက်ခံရသူများနှင့် အိမ်ခြေရာမဲ့များအတွက် ဂျေကေရိုးလင်း လှူဒါန်း

ကျော်ကြားတဲ့ စာရေးဆရာမတစ်ဦးဖြစ်သူ ဂျေကေရိုးလင်းက လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးမှာ ပါဝင်လှူဒါန်းခဲ့ပါတယ်။ သူဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေတဲ့ကာလအတွင်း အိမ်ခြေရာမဲ့တွေနဲ့ အိမ်တွင်းအကြမ်းဖက်မှုနဲ့ ကြုံနေရသူတွေအတွက် လှူဒါန်းခဲ့တာဖြစ်ကြောင်း အေးရှားဝမ်း ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဗြိတိန်ရဲ့ ရောင်းအားအကောင်းဆုံး စာရေးဆရာမတစ်ဦးဖြစ်ပြီး ဟယ်ရီပေါ်တာဇာတ်လမ်းတွေကို ရေးသားခဲ့သူ ဂျေကေရိုးလင်းဟာ ပေါင်တစ်သန်း လှူဒါန်းခဲ့တာဖြစ်ပါတယ်။ သူကိုယ်တိုင်ကလည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလူနာဖြစ်ခဲ့ပြီး ပြန်လည်ကောင်းမွန်လာသူလည်း ဖြစ်ပါတယ်။

သူဟာ သီတင်းပတ်နှစ်ပတ်ကြာဖျားနာခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလူနာအဖြစ် ကုသမှုတွေ ခံယူခဲ့ရပါတယ်။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့ပြီး မကြာမီမှာ သူဟာ ယခုလို လှူဒါန်းမှုတွေ ပြုလုပ်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။



## ယူနာနဲ့ ကန်ဒန်နီရယ်တို့ အာရှတေးဂီတ ဖျော်ဖြေပွဲတွင် ပါဝင်မည်

လတ်တလောမှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် တေးဂီတဖျော်ဖြေပွဲတွေကို အွန်လိုင်းကနေတစ်ဆင့်ထုတ်လွှင့်ကာ အွန်လိုင်းတေးဂီတဖျော်ဖြေပွဲတွေအဖြစ် ပြောင်းလဲပြုလုပ်လာတာ တွေ့ရပါတယ်။ အာရှကြယ်ပွင့်တွေ ပူးပေါင်းပြုလုပ်သွားမယ့် အွန်လိုင်းတေးဂီတဖျော်ဖြေပွဲမှာ မလေးရှားတေးသံရှင် ယူနာနဲ့ တောင်ကိုရီးယား တေးသံရှင် ကန်ဒန်နီရယ်တို့လည်း ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Asia Rising Forever ကနေ ထုတ်လုပ်သွားမယ့် အဆိုပါ အွန်လိုင်းတေးဂီတဖျော်ဖြေပွဲကို မေ ၇ ရက် မလေးရှားစံတော်ချိန် ည ၉ နာရီမှာ တွစ်တာနဲ့ ယူကျူကနေ တစ်ဆင့် ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါ တယ်။ ဒီအစီအစဉ်ကို 88rising က စီစဉ်တာဖြစ်ပြီး အာရှ ကြယ်ပွင့်တွေအနေနဲ့ အမေရိကန်ဈေးကွက်ကို ပိုမိုထိုးဖောက်နိုင်ဖို့ရာ ရည်ရွယ်ကြောင်းလည်း သိရပါတယ်။

အဆိုပါဖျော်ဖြေပွဲမှာ မလေးရှားနဲ့ တောင်ကိုရီးယားအပြင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားမှ တေးသံရှင်တွေလည်း ပါဝင်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ဖျော်ဖြေပွဲထုတ်လွှင့်ရာမှာ တေးသီချင်းတွေ ဖျော်ဖြေရုံသာမဟုတ်ဘဲ ကြယ်ပွင့်တွေရဲ့ အင်တာဗျူးတွေ၊ ဂိမ်းကစားတာတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေတဲ့ကာလအတွင်း ကမ္ဘာတစ်လွှားမှ အာရှသားတွေကို လူမျိုးရေးအရ ခွဲခြားဆက်ဆံတာတွေကို ကျော်လွှားနိုင်အောင် လုပ်ဆောင်ဖို့ရာ အလှူငွေတွေလည်း ကောက်ခံသွားမှာဖြစ်ကြောင်း သိရပါတယ်။

## တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို MONSTA X ရွှေ့ဆိုင်း

တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ MONSTA X ဟာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှိုးနု မတော်တဆထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီးနောက် အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို ရွှေ့ဆိုင်းခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၄ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ စတားရှစ်အင်တာတိန်းမန့်က အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ကို ရွှေ့ဆိုင်းကြောင်း အဖွဲ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။

မကြာသေးမီက ရှိုးနုဟာ အခြားသော အဖွဲ့ဝင်တွေနဲ့အတူ အကလေ့ကျင့်မှုတွေ ပြုလုပ်ရင်း မတော်တဆ ဒဏ်ရာရရှိခဲ့တာကြောင့် နောက်ကျောနာကျင်တဲ့ ဝေဒနာခံစားနေရကြောင်း၊ ဒီလို ဒဏ်ရာရရှိခဲ့တာကြောင့် အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် ထွက်ရှိမယ့်ရက်ကို ရွှေ့ဆိုင်းကြောင်း ထုတ်ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။

MONSTA X ရဲ့ တေးအယ်လ်ဘမ်သစ် FANTASIA X ကို ယခင်က မေ ၁၁ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ကြေညာခဲ့ပြီး လတ်တလောမှာတော့ မေ ၂၆ ရက်မှာ ပြောင်းလဲထုတ်လွှင့်သွားမှာဖြစ်ကြောင်း အသိပေးခဲ့တာဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိနေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျန်းမာရေးဌာနများတွင် သူနာပြု(၄) သားဖွားဆရာမ(လစာနှုန်း ၁၈၀၀၀၀ိ–၂၀၀၀ိ–၁၉၀၀၀ိ)ရာထူး (၁၂၃၀)နေရာ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှဖွင့်လှစ်ခဲ့သောဘက်စုံ သားဖွား(၁၈)လသင်တန်း(သို့မဟုတ်) ဘက်စုံသားဖွားဒီပလိုမာ (၂) နှစ် သင်တန်းဆင်း အောင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် ၃၁–၅–၂၀၂၀ရက်တွင် အသက်(၃၀)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(Remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိ၊

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(စ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) နိုင်ငံ့ဝန်ထမ်းသားဖွားဆရာမအဖြစ် (၃)နှစ်မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပေးပို့ရန် –

(က) လျှောက်လွှာတွင်ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်း များနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)၊ ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာ ပိတ်ရက် ၃၁–၅–၂၀၂၀ရက် နောက်ဆုံးထားလျှောက်ထားရမည်၊

(ခ) လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ–

(၁) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ၊

(၂) သားဖွားအောင်လက်မှတ်(မိတ္တူမှန်)၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (၁)စောင်၊

(၄) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံစာ(မူရင်း) (၁)စောင်၊

(၅) (၃)လအတွင်း ကျန်းမာရေးစစ်ဆေးထားသော သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း) (၁)စောင်၊

(၆) သားဖွားသင်တန်းတက်ရောက်ရာတွင် ရွေးချယ်ခံခဲ့မှု[ပုံမှန်/အထူး (မိခင်ကလေး/ နယ်စပ်/ကျန်းမာရေးဝန်ထမ်း)]ပြည့်စုံစွာ ဖော်ပြရန်။

၄။ လျှောက်လွှာနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ မပြည့်စုံ လျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိ လျှင်သော်လည်းကောင်း၊ လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ သိရှိလိုသည့် အချက်များရှိပါက စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇– ၃၄၃၁၀၇၄၊ ၀၆၇–၃၄၃၁၂၃၆ )သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**သားဖွားဆရာမ ရာထူး လျှောက်လွှာပုံစံ**

ကာလာ ဓာတ်ပုံ

အမည် – ------------------------------
မွေးသက္ကရာဇ်၊ အသက် – ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် – ------------------------------
မိဘအမည် – ------------------------------
နေရပ်လိပ်စာ အပြည့်အစုံ – ------------------------------
– ------------------------------
အောင်မြင်သည့် ခုနှစ်၊ လ၊ ရက် – ------------------------------
အောင်မြင်သည့် ခုံအမှတ် – ------------------------------
အောင်မြင်သည့် သင်တန်းကျောင်း – ------------------------------
သားဖွားသင်တန်းတက်ရောက်ရာတွင်– ------------------------------
ရွေးချယ်ခံခဲ့မှု [ ပုံမှန်/အထူး
(မိခင်ကလေး/ နယ်စပ်အထူး/
ကျန်းမာရေးဝန်ထမ်း)]
ဦးစားပေး လျှောက်ထားသည့် – (၁) ---------------------------
နေပြည်တော်/တိုင်းဒေသကြီး/ (၂) ---------------------------
ပြည်နယ် (၃) ---------------------------

မည်သည့်နေရာဒေသမဆို သွားရောက် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန် ကတိရေးထိုးထားသည့်စာ ပူးတွဲတင်ပြရမည်။

လက်မှတ် ------------
အမည် ------------
တယ်လီဖုန်းနံပါတ် ------------

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ လ ရက်

## အားကစား




# တိုက်စစ်မှူးနေမာ ဘာစီလိုနာသို့ ပြောင်းရွှေ့ရန် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖို့ စီစဉ်နေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းရဲ့ တိုက်စစ်မှူးနေမာဟာ အသင်းဟောင်း ဘာစီလိုနာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ကစားဖို့ရန် ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဘရာဇီးတိုက်စစ်မှူးနေမာဟာ ဘာစီလိုနာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ကစားမယ်ဆိုရင် သူ့ရဲ့လုပ်ခလစာထဲက ၅၀ ရာခိုင်နှုန်းကို လျှော့ချယူရဖို့ရှိနေပြီး လက်ရှိမှာ ဘာစီလိုနာအသင်းဟာလည်း ဘဏ္ဍာရေးအခက်အခဲနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၉၈ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး လက်ရှိပီအက်စ်ဂျီအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကလည်း နှစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းအနေနဲ့ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူးနေမာကို အခုနှစ်အစောပိုင်းက စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့ပေမယ့် သဘောတူညီမှုမရရှိခဲ့ဘူးလို့လည်း သိရပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ပြိုင်ပွဲကို ဖျက်သိမ်းလိုက်တာကြောင့် လက်ရှိမှာ ဥရောပလိဂ်တွေထဲမှာ ပထမဆုံးချန်ပီယံ ဖြစ်လာတဲ့အသင်းဖြစ်လာခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ တိုက်စစ်မှူးဟောင်း နေမာကို ပြန်လည်ခေါ်ယူဖို့ ရှိနေတဲ့အပြင် အင်တာမီလန်တိုက်စစ်မှူး မာတီနက်ဇ်ကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး မာတီနက်ဇ်ကို ခေါ်ယူဖို့ ဘာစီလိုနာအသင်းအနေနဲ့ ပြောင်းရွှေ့ကြေးပေါင် ၉၈ သန်းသုံးစွဲရဖို့လည်း ရှိနေတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့အတွက် ဘဏ္ဍာငွေအခက်အခဲဖြစ်နေတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းဆီ အငှားချထားတဲ့ ကော်တင်ဟိုကိုလည်း ရောင်းချဖို့ ရှိနေတယ်လို့ သိရပါတယ်။

# မန်ယူအသင်းက ဒေသတွင်းကျောင်းများကို ပေါင်သုံးသိန်း လှူဒါန်း

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ ကိုရိုနာဗိုင်းရပ်စ် ကယ်ဆယ်ရေးကြိုးပမ်းမှုတွေအတွက် အကူအညီပေးဖို့ ဒေသတွင်းကျောင်းတွေကို ပေါင်သုံးသိန်း လှူဒါန်းသွားမယ်လို့ ကြေညာခဲ့ပါတယ်။

မန်ယူအသင်းအနေနဲ့ အခြားသော မိတ်ဖက်ကျောင်းတွေကိုလည်း မန်ယူဖောင်ဒေးရှင်းကနေတစ်ဆင့် တစ်ကျောင်းကို ပေါင်တစ်သိန်းစီ လှူဒါန်းသွားဖို့လည်း ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ လက်ရှိမှာ အဲဒီလိုလှူဒါန်းမှုတွေ ပြုလုပ်နေတဲ့အပြင် ပရဟိတအဖွဲ့အစည်းများအတွက် ရန်ပုံငွေတိုးမြှင့်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

# စပိန်လာလီဂါပြိုင်ပွဲကို ဇွန်လတွင် စတင်ရန် ရည်ရွယ်လျက်ရှိ

စပိန်လာလီဂါပြိုင်ပွဲကို ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ရပ်နားထားခဲ့ရပြီး ပြိုင်ပွဲစီစဉ်သူတွေအနေနဲ့ ပြိုင်ပွဲကို ဇွန်လအတွင်း စတင်နိုင်ဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ စပိန်လာလီဂါကလပ်အသင်းတွေအနေနဲ့ အခုတစ်ပတ်အတွင်းမှာ လေ့ကျင့်ရေးပြန်ဆင်းနေပြီ ဖြစ်ပါတယ်။

စပိန်နိုင်ငံရဲ့ ထိပ်တန်းဘောလုံးပြိုင်ပွဲနှစ်ခုက ကစားသမားတွေဟာ အားကစားနှင့် ကျန်းမာရေးအာဏာပိုင်တွေနဲ့ သဘောတူညီမှုရယူပြီး တစ်ဦးချင်းလေ့ကျင့်ရေးအစီအစဉ်တွေကို လုပ်ဆောင်နေတာဖြစ်ပြီး လေ့ကျင့်ရေးမဆင်းမီ ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုတွေခံယူဖို့လည်း အာမခံခဲ့ရတယ်လို့ သိရပါတယ်။

စပိန်လာလီဂါပြိုင်ပွဲကို နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုတွေကြောင့် မတ်လကတည်းက ရပ်နားထားခဲ့ရတာဖြစ်ပြီး လက်ရှိစပိန်လာလီဂါအမှတ်ပေးဇယားမှာ ဘာစီလိုနာအသင်းက ထိပ်ဆုံးမှာ ဦးဆောင်နေတာဖြစ်ပါတယ်။

## ငွေကြယ် ရေးသားသည်

### အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ် ဒေါ်ခင်နု(ဘ)ဦးအောင်သာကျော်[၁၂/စခန(နိုင်)၀၅၅၄၃၄]မှ ၇–၁–၂၀၂၀ရက်စွဲဖြင့် ဒေါ်ဝင့်ဝါထွန်း(ဘ)ဦးတင်ထွန်း[၁၂/ရကန(နိုင်)၀၇၉၆၉၅]အား စာချုပ်မှတ်ပုံတင်အမှတ်–၂၀၃/၂၀၂၀၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားခြင်းကို လုပ်ငန်းဆောင်ရွက်ရန် ကိစ္စရပ်များ မရှိတော့ပါသဖြင့် ဤကြေညာသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။

**ဒေါ်ခင်နု[၁၂/စခန(နိုင်)၀၅၅၄၃၄]**
**အမှတ်–၃၄၁(စီ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကသစ်ပင်ကျေးရွာနေ အမိ ဒေါ်ခင်ရီ၏ သား မောင်သန့်ဇင်(ခ)ကရင် [၇/ကဝန(နိုင်)၀၉၃၃၅၃]သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘကို စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**အမိ ဒေါ်ခင်ရီ**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရောဂတီပတ်လမ်း၊ မော်လမြိုင်ပန်းခြံ၊ အမှတ်–၆/၁၄/၁၃၃နေ အိမ်ခြံမြေမှာ ဒေါ်သန်းသန်း[၁၂/လမန(နိုင်)၀၄၁၅၂၂]မှ အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဦးတည်းပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရောင်းအဝယ်ပြုလုပ်ထားခြင်း၊ ပေးအပ်ထားခြင်း၊ ပေါင်နှံထားခြင်း၊ ငှားရမ်းထားခြင်း၊ မေတ္တာဖြင့် လွှဲပြောင်းပေးကမ်းထားခြင်း၊ လဲလှယ်ထားခြင်း၊ အာမခံအဖြစ်ပေးထားခြင်းတို့ လုံးဝပြုလုပ်ထားခြင်းမရှိပါကြောင်းနှင့် အဆိုပါအိမ်ခြံနှင့်ပတ်သက်၍ ဒေါ်သန်းသန်း၏ ပိုင်ရေးဆိုင်ခွင့်ကို ထိပါးနှောင့်ယှက်လာသောသူများ၊ အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ပြောဆိုနေသူ မည်သူကိုမဆို ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိဖြူသွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၀၈/ ၃၀–၄–၂၀၁၃)**
**ဖုန်း–၀၉–၄၃၁၅၇၄၅၀၊**
**၇၈၃(ခ)၊ ထော်ပိုင်လမ်း၊ (၁၁) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ချမ်းမြေ့အောင် (၈/စလန(နိုင်)၂၃၁၉၂၉)၏သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်(ရန်၁၁၈၆၄/၁၉)ပျောက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
09 423555159

### အသိပေး အကြောင်းကြားခြင်း

ဦးလှသူ နိုင်ငံသား စိစစ်ရေးအမှတ် [၉/အမရ(နိုင်)၀၀၃၃၈၂]၊ လာရှိုးစတား ဆောက်လုပ်ရေးကုမ္ပဏီ၊ အမှတ်(၁၅)၊ အောင်စေတနာလမ်း၊ လားရှိုးမြို့နေသူသည် ကျွန်တော်ပိုင်ဆိုင်သော ပဉ္စညီနောင်ကုမ္ပဏီလီမိတက်၊ ရွှေတောက်ထိန် ကုမ္ပဏီလီမိတက်တို့၏ လုပ်ငန်း အစိတ်အပိုင်း အချို့အား တာဝန်ခွဲဝေလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ဦးလှသူအနေဖြင့် ၂၃–၄–၂၀၂၀ ရက်နေ့မှစ၍ အဆက်အသွယ် ပြုလုပ်ခြင်း မရှိတော့သဖြင့် ယနေ့ ၆–၅–၂၀၂၀ ရက်နေ့မှစ၍ ပဉ္စညီနောင်ကုမ္ပဏီလီမိတက်နှင့်လည်းကောင်း၊ ရွှေတောက်ထိန်ကုမ္ပဏီလီမိတက်နှင့် လည်းကောင်း လုံးဝ (လုံးဝ) သက်ဆိုင်ခြင်း မရှိတော့ပါ။ ၎င်းပြုလုပ်ခဲ့သော ကျွန်တော့် ကုမ္ပဏီအမည်ခံလုပ်ငန်းများကိုလည်း ဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးမျိုးမြင့်**
**[၇/ သကန (နိုင်) ၀၈၄၁၀၂]**

**သွေးသည် အသက်**

### ဒေါ်သင်းသင်းခိုင် [၁၂/သဃက(နိုင်)၁၂၉၃၉၀]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသောင်းညွန့်(ခ)ဦးသန့်ဇင် [၁၂/ပဘတ(နိုင်) ၀၀၉၇၅၄] အမှတ်(၁၉၄)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းခိုင်သည် ကျွန်ုပ်တို့မိတ်ဆွေ၏ ဇနီးတစ်ဦးအဖြစ်တည်ရှိခဲ့သော်လည်း (၃–၁၂–၂၀၀၄)ရက်စွဲပါကိုယ်တိုင် ကတိပြုဝန်ခံချက်အရ ဇနီးတစ်ဦးထားရှိရမည့် ဝတ္တရားများပျက်ကွက်သည်ကို ဝန်ခံကတိပြုခဲ့ပြီးနောက် နောက်ပိုင်းတွင် ဝန်ခံကတိပြုချက်တွင်ပါရှိသည့်အကြောင်းအရာများကို ထပ်မံဖောက်ဖျက်ပါက ကွာရှင်းပြတ်စဲခြင်းပြုလုပ်ပေးမည်ဖြစ်ကြောင်းအတိအလင်းဖော်ပြခဲ့သည်ကို ဒေါ်သင်းသင်းခိုင်လက်မှတ်ရေးထိုးထားသော ကိုယ်ပိုင်ကတိပြုဝန်ခံချက်စာရွက်စာတမ်း အထောက်အထားကို ကျွန်ုပ်တို့ထံပြသ၍ ညွှန်ကြားလာပါသည်။

ဒေါ်သင်းသင်းခိုင်သည် မိမိကိုယ်တိုင် ကတိပြုဝန်ခံထားသည့် အချက်များကို ဖောက်ဖျက်ကာ ဇနီးမယားတစ်ဦး၏ ဝတ္တရားများနှင့်မညီဘဲ ပစ္စည်း၊ ဥစ္စာ၊ ငွေကြေးများကို အလွဲသုံးစားပြုလုပ်ခဲ့၍ (၁၀–၉–၂၀၁၂)ရက်စွဲပါ အကြောင်းကြားစာပေးပို့၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အကြောင်းကြားခဲ့သော်လည်း ဒေါ်သင်းသင်းခိုင်သည် တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း မရှိသဖြင့် (၂၃–၉–၂၀၁၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှနေ၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ စွန့်လွှတ်ကြောင်း တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်ကို ကျွန်ုပ်တို့ထံစာရွက်စာတမ်းအထောက်အထားများ ပြသညွှန်ကြားလာပါသည်။

ယခုအခါ ကျွန်ုပ်တို့၏ မိတ်ဆွေဦးသောင်းညွန့်(ခ)ဦးသန့်ဇင်သည် မိမိ၏ ဘဝရေရှည်ရပ်တည်နိုင်ရေးအတွက် အိမ်ထောင်သစ်ထူထောင်ခြင်းပြုမည်ဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့မိတ်ဆွေ၏ အိမ်ထောင်ပြုမည့်ကိစ္စကို ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အိမ်ထောင်မရှိ လူလွတ်တစ်ဦးအနေဖြင့် အိမ်ထောင်ပြုမည့်ကိစ္စကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးစိန်မြင့် | ဒေါ်ခင်စန္ဒာဝင်း | ဒေါ်ခြူးနန္ဒီစိုးမိုး |
|---|---|---|
| စဉ်–၁၀၉၁၆ | စဉ်–၄၆၈၄၃ | စဉ်–၅၀၆၉၂ |

**ဦးသောင်းညွန့်(ခ)ဦးသန့်ဇင်၏ ရှေ့နေများ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၃၇၇၄၀၆**

# ကြော်ငြာ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအထောက်အထားတစ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | ဦးခင်မောင်ဝင်း | ၁၄/မအပ(နိုင်)၁၄၁၀၇၅ | ဒဂုံတောင် | ၂၆ | ၄၀၉/က | ဦးသိန်းလှိုင် | ၄၀၉/က၊ တံတားဖြူလမ်း၊ (၂၆) ရပ်ကွက်၊ ဒဂုံတောင် | အမည်ပြောင်း |
| ၂။ | ဦးအောင်မြင့်မြတ် | ၁၂/ဥကတ(နိုင်)၁၆၄၄၄၃ | ဒဂုံအရှေ့ | ၁၂၄ | ၂၇ | ဒေါ်ကြည်ကြည်မြင့် | ၂၇၁၊ အောင်သီရိလမ်း၊ (၁၂၄)ရပ်ကွက်၊ ဒဂုံအရှေ့ | အမည်ပြောင်း |
| ၃။ | ဦးဘုန်းပြည့်အောင်+၃ | ၁၂/ပဇတ(နိုင်)၀၃၂၀၄၄ | ဒဂုံမြောက် | ၄၂ | ၅၃၀ | ဒေါ်ခင်ခင် | ၅၃၀၊ ပီမိုးနင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း | ဂရန်သစ် |
| ၄။ | ဒေါ်ဂျာဂျာ+၁ | ၄/မတန(နိုင်)၀၁၆၆၉၇ | တာမွေ | ၃၄G | ၅၁E/၂-e | ဦးယုံစိန်+၁ | ၅၁E၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက် | မြေပုံကူး(အရောင်း) |
| ၅။ | ဒေါ်မိုးမိုး | ၉/မရမ(နိုင်)၀၂၆၇၅၉ | ဒဂုံဆိပ်ကမ်း | ၁၅၀ | ၁၄၉၈ | ဒေါ်ချိုချို | ၁၄၉၈၊ (၁၅၀)ရပ်ကွက်၊ လော်ကားလမ်း၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၆။ | ဒေါ်ဟွေ့ရင် | ၁၃/ကခန(နိုင်)၀၁၉၀၂၁ | ဒဂုံဆိပ်ကမ်း | ၈၅ | ၃၄၂ | ဒေါ်သန်းသန်းဝင်း | ၃၄၂၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၇။ | ဦးကျော်အုန်း | ၁၄/မမက(နိုင်)၀၀၇၃၅၉ | တောင်ဥက္ကလာ | ၄ | ၉၂၄/ခ | ဒေါ်မြင့်သူအောင်၊ ဒေါ်ဥမ္မာခင်၊ ဒေါ်ခင်သူဇာငြိမ်း | ၉၂၄/ခ၊ သီလ(၁၁)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၈။ | ဦးငင်ရွှန်နာ | ၅/ကလထ(နိုင်)၀၅၃၉၃၁ | မင်္ဂလာဒုံ | ၅၃၂/စီ ခ | ၄/၂၅၇ | ဒေါ်ဟယ်လင် | ၄/၂၅၇၊ ကာယ(၁၂)လမ်း၊ ကာယရပ်ကွက် | အမည်ပြောင်း |
| ၉။ | ဦးသန့်ဇင် | ၁၂/မရက(နိုင်)၀၁၁၄၈၂ | ဒဂုံဆိပ်ကမ်း | ၇၈ | ၄၅ | ဦးသန့်ဇင် | ၄၅၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | မြေပုံကူး(အရောင်း) |
| ၁၀။ | ဦးညွန့်ဝင်း+၁ | ၁၂/ဒဂတ(နိုင်)၀၈၄၈၉၇ | ဒဂုံတောင် | ၁၈ | ၁၈၇၆ | ဒေါ်တင်တင်ဦး | ၁၈၇၆၊ ဇာဒတ်ကြီးကျွန်းလမ်း၊ (၁၈)ရပ်ကွက် | အမည်ပြောင်း |
| ၁၁။ | ဒေါ်ကျင်သိန်း | ၁၂/ဥကမ(နိုင်)၀၅၇၅၀၈ | မြောက်ဥက္ကလာ | ည | ၆၃၁/ဘီ-က | ဦးခင်ဝင်း | ၆၃၁/ဘီ-က၊ ရော(၁၃)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာ | မြေပုံကူး(အရောင်း) |
| ၁၂။ | ဒေါ်ခင်မော်မော်+၁ | ၁၂/ပဘတ(နိုင်)၀၁၇၅၆၄ | လမ်းမတော် | ၂၂ဇက်၂ | V class ၂၅ | ဒေါ်သန်းတင် | ၉၄/၉၆၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက် | အမည်ပြောင်း |
| ၁၃။ | ဒေါ်ခင်မော်မော်+၁ | ၁၂/ပဘတ(နိုင်)၀၁၇၅၆၄ | လမ်းမတော် | ၂၂ဇက်၂ | V class ၂၄ | ဒေါ်သန်းတင် | ၉၄/၉၆၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက် | အမည်ပြောင်း |
| ၁၄။ | ဒေါ်တင်လှ | ၁၂/မဂတ(နိုင်)၀၄၀၄၇၀ | ဒဂုံအရှေ့ | ၅ | ၉၉၅/ခ | ဒေါ်ခင်စုလှိုင်+၁ | ၉၉၅/ခ၊ တော်ဝင်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်ခွဲ |
| ၁၅။ | ဒေါ်ခင်စုလှိုင် | ၁၂/မဂတ(နိုင်)၀၀၂၉၁၁ | ဒဂုံအရှေ့ | ၅ | ၉၉၅/က | ဒေါ်တင်လှ+၁ | ၉၉၅/က၊ တော်ဝင်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်ခွဲ |
| ၁၆။ | ဒေါ်စန်းစန္ဒာလွင် | ၁၂/လသန(နိုင်)၀၁၆၈၃၄ | ဒေါပုံ | ၁၃/ဇေယျာသီရိ | ၁ | ဦးတင်လှ+၁ | ၂၀၀၊ ယမုံနာလမ်း၊ ဇေယျာသီရိရပ်ကွက် | အမည်ပြောင်း |
| ၁၇။ | ဦးမျိုးဟန်ဦး | ၁၂/စခန(နိုင်)၀၀၁၈၆၉ | ရွှေပြည်သာ | ၅၃ | ၃၀၄ | ဒေါ်တင်အိ | ၃၀၄၊ ရွှေကြေးလမ်း၊ ကျောင်းကုန်းကျေးရွာအုပ်စု | ဂရန်သစ် |
| ၁၈။ | လင်ကွီးကျန်(ခ)ဒေါ်စိန်ရင် | ၁၂/လမတ(နိုင်)၀၂၇၅၇၀ | လှိုင်သာယာ | ၄/၆ | ၁၂၃၁+၁၂၃၂ | ဦးအုန်းစိန် | ၁၂၃၁+၁၂၃၂၊ နဝရတ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ | ဂရန်သစ် |
| ၁၉။ | ဦးသိန်းဇော် | ၁၂/သကတ(နိုင်)၀၅၄၅၉၃ | သာကေတ | ၈ | ၃၀၁/က | ဒေါ်တင်တင်ဝင်း+၁ | ၃၀၁၊ မြနန္ဒာလမ်းမ၊ (၈)ရပ်ကွက် | ဂရန်ခွဲ |

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရတနာ

သစ်

တော

ပြည့်

သွေးကြော

သစ်တော

ရတနာ

ထိန်းသိမ်း

ပါ

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ် (၄၂၁)၊ (အလျား ၄၀ပေ × အနံ ၆၀ပေ) အကျယ်ရှိ ဧရိယာ ၀.၀၅၅ ဧကမြေကွက်ပေါ်ရှိ မြေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဘုန်းမြင့် (၁၂/ဗတန(နိုင်) ၀၈၄၀၉၉) အမည်ပေါက်ကြောင်း၊ ဦးဘုန်းမြင့်ထံမှ ရောင်းသူဦးမျိုးသက် (၁၂/သဃက(နိုင်)၀၃၉၂၅၂) သည် "(၁၈-၁၁-၂၀၁၉) ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၂၀၆/၁၉) အရလွှဲယူထားပြီး စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉
အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁-၃၇၃၀၄၆၊ ၀၉ ၅၄၀၆၆၁၁

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဗိုလ်ဗစိုးလမ်း၊ မြေကွက်အမှတ် (၅၃၄)ဟု ခေါ်တွင်သော ဧရိယာ ပေ(၄၀x၆၀) အကျယ်ရှိ ဒေါ်စီစီပေါလ် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်ကြီးမှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၅၃၄/ခ)၊ ဗိုလ်ဗစိုးလမ်း၊ (၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် ပေ(၂၀x၆၀) အကျယ်ရှိမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မူလပိုင်ရှင်များထံမှ အရောင်းအဝယ်အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အုန်းမြင့် [၁၂/ရကန(နိုင်)၀၆၃၉၀၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများ ခိုင်လုံသောအထောက်အထား၊ စာမှတ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာစုထွေး**
**အမှတ်(၄၅၁/ခ)၊ ယုဝတီလမ်း၊ (၁၂) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၇၇၉၇၄၄၁၆၄**

## ၃-၅-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာမှ ဒေါ်ဝါဝါခိုင်[၉/မထလ(နိုင်)၁၄၄၉၄၉] နှင့် ဒေါ်နန္ဒာဝင်း[၉/မထလ(နိုင်)၁၇၀၁၇၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသူရအောင်၏ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ဇာတိမာန်လမ်းသွယ်၊ အမှတ် (၂၆/၁၉/ခ) နေ ဒေါ်စပယ်မြင့်[၁၂/မဂဒ(နိုင်)၀၃၂၇၁၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

အထက်လိပ်စာပါ မြေနှင့်အဆောက်အဦသည် မိသားစုစီမံမှုစာချုပ်အရ ပိုင်ဆိုင်သူများဖြစ်သော ဦးရန်ရှင်းနှင့် ဇနီး ဒေါ်လှဲ့လှဲ့ဝင်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စပယ်မြင့်က ၂၂-၃-၂၀၂၀ရက်စွဲပါ "မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်စာချုပ်"ကို ချုပ်ဆို၍ တန်ဖိုးငွေကျပ် သိန်း (၆၀၀)(ငွေကျပ်သိန်းခြောက်ရာတိတိ)ဖြင့် အပြီးအပိုင် ဝယ်ယူခဲ့ပြီး သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးချုပ်ဆိုကာ လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားနေသည့် မြေနှင့်အဆောက်အဦ ဖြစ်ပါသည်။ ဆိုခဲ့ပါ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ဇာတိမာန်လမ်းသွယ်၊ အမှတ်(၂၆/၁၉/ခ)၊ အကျယ်အဝန်း(အလျားxအနံ)ပေ(၃၀x၄၂)ရှိ မြေကွက်နှင့် အဆောက်အဦကို ဝယ်ယူပြီးချိန်မှစ၍ ကျွန်ုပ်မိတ်ဆွေက အိမ်ရှေ့မျက်နှာစာတွင် ၎င်း၏အမည်၊ ရာထူး/ဂုဏ်နှင့် ဖုန်းနံပါတ်ပါရှိသည့် ဆိုင်းဘုတ်ကို ချိတ်ဆွဲကာ လက်ရောက်ရယူနေထိုင်ပိုင်ဆိုင် အကျိုးခံစား လာခဲ့ပါသည်။ ထို့နောက် လူကြီးမင်း ဒေါ်ဝါဝါခိုင်တို့နှင့် ၎င်း၏ရှေ့နေဖြစ်သူတို့မှ ကျွန်ုပ်မိတ်ဆွေထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး ဆိုခဲ့ပါ မြေ၊ အဆောက်အဦနှင့်ပတ်သက်၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းမှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

လူကြီးမင်းတို့အနေဖြင့် ဆိုခဲ့ပါ မြေနှင့်အဆောက်အဦသည် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိ အကျိုးခံစားနေမှုကိုသိလျက်နှင့် ကြေးမုံသတင်းစာမှ ၃-၅-၂၀၂၀ရက်စွဲပါ အများသိစေရန် ကြေညာကိုထည့်သွင်း ကြေညာခဲ့ပါသည်။ လူကြီးမင်းတို့ကြေညာတွင် ဆိုခဲ့ပါ မြေနှင့် အဆောက်အဦ၏ မည်သည့်အစိတ်အပိုင်းကို တန်ဖိုးမည်မျှဖြင့် ဝယ်ယူထားကြောင်း ပါရှိခြင်းလည်း မရှိပါ။ လူကြီးမင်းတို့ဘက်မှ ထိုကဲ့သို့ ကြေညာခဲ့သဖြင့် အထက်ဆိုခဲ့ပါ မြေ၊ အဆောက်အဦနှင့်ပတ်သက်သည့် ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်ကို ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ အထက်ဆိုခဲ့ပါ မြေ၊ အဆောက်အဦတို့နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင် အကျိုးခံစားခွင့်ကို ထိခိုက်စေနိုင်သည့် မည်သည့်ဆောင်ရွက်မှုကိုမျှ ဆက်လက်လုပ်ဆောင်ခြင်း အလျဉ်းမပြုလုပ်ကြပါရန်နှင့် ဤသတင်းစာ ကြေညာထည့်သွင်းပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်း လူကြီးမင်းတို့ဘက်မှ ထည့်သွင်းကြေညာခဲ့သည့် ကြေးမုံသတင်းစာမှ ၃-၅-၂၀၂၀ရက်စွဲပါ အများသိစေရန် ကြေညာကို ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်း ဒေါ်ဝါဝါခိုင် တို့နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝဏ္ဏစည်သူမိုး(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-794420174,09-43168417**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ဖြူတိန်းရေနံဓာတ်ငွေ့ရည်များကို တင်ဒါခေါ်ယူရောင်းချမည် ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် က၊ ခ၊ ဂ၊ စ လက်ဝယ်ရှိသူများ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ပမာဏ (မက်ထရစ်တန်) | တင်ဒါဖွင့်ရက် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|---|
| | | | နေ့ | နာရီ | နေ့ | နာရီ |
| ၁။ | ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) | ၃၀၀ | ၅-၆-၂၀၂၀ | ၁၄:၀၀ | ၅-၆-၂၀၂၀ | ၁၂:၀၀ |
| ၂။ | ״ | ၃၀၀ | ၂၅-၆-၂၀၂၀ | ၁၄:၀၀ | ၂၅-၆-၂၀၂၀ | ၁၂:၀၀ |
| ၃။ | ״ | ၃၀၀ | ၁၆-၇-၂၀၂၀ | ၁၄:၀၀ | ၁၆-၇-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်း နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ ရွှေပြည်စိုးလမ်းပေါ်ရှိ မြေကွက်အမှတ်-၁၇၄၅/ခ၊ ဧရိယာ(၂၀' x ၆၀')ရှိ ပါမစ်မြေကွက်ကို ၁၉၉၆ ခုနှစ်ကတည်းက အဘဦးထွန်းဝင်း၏သား၊ ဦးစိန်ဝင်း(၁၂/လမန(နိုင်)၀၈၃၃၇၅)ဆိုသူမှ ရရှိထားပြီး မြေချပါမစ်၏ ဆက်ခံသူအမည်နေရာတွင် ဒေါ်ခိုင်မာလာကျော်(ဇနီး)ဟု ဖော်ပြထား ပါသည်။ ထိုမြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဦးစိန်ဝင်းထံမှ ဒေါ်သန်းသန်းဌေး(၁၂/သကတ(နိုင်)၀၈၈၄၃၂)မှလည်းကောင်း၊ တစ်ဖန် ဒေါ်သန်းသန်းဌေးထံမှယခုရောင်းသူ ဦးဘကျော် (၁၂/သဃက (နိုင်)၀၁၆၅၁၆)မှဝယ်ယူ၍လည်းကောင်း ပိုင်ဆိုင်လျှက်ရှိစဉ် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသို့ ထပ်မံလွှဲပြောင်းရောင်းချရန်အတွက် စရန်ငွေ တချို့ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ် စာတမ်း များ ယူဆောင်လျှက် ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့် ကွက် နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားပါမည်အကြောင်း ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ – ဦးအောင်နိုင်
LLB, DBL, DLL
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၂၆)
အမှတ်(၁၀/၁၂)၊ မြေညီ၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉၄၄၃၀၄၈၁၅၈

## တရားမကျင့်ထုံးကိုဥပဒေအမိန့်(၅)၊ နည်းဥပဒေ(၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ ၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆၂

ဦးကျော်စိုး နှင့် ၁။ ဦးငွေစိုး
၂။ ဦးအောင်မြတ်စိုး

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၀)လမ်း၊ အမှတ်(၁၄)၊ ပထမထပ် (ယာ)နေ တရားပြိုင် ဦးငွေစိုးနှင့် ဦးအောင်မြတ်စိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်အပေါ်၌ တရားလို ဦးကျော်စိုးက "**မြေဂရန်စာချုပ်မူရင်း လက်ရောက်ရလိုမှု**"ဖြင့် ဤရုံးတော်၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ် တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်အမိန့်အရရှေ့နေ ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ခုနှစ်၊ မေလ ၂၅ ရက်၊ (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီ တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ခုနှစ်၊ မေလ ၅ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

၅-၅-၂၀၂၀ရက်စွဲပါ ကြေးမုံ သတင်းစာပါ ကြော်ငြာ- စာမျက်နှာ-၃၀တွင်ပါရှိလာ သော ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ကျွန်မ ဒေါ်စိန်မာကြည်[၁၄/ ငပတ (နိုင်) ၁၄၅၁၂၆] ဖုန်း နံပါတ်မှာ- ၀၉-၉၆၂၇၆၀၉၁၁ အစား ၀၉-၉၆၂၇၆၀၇၁၁ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## နှစ်ဦးသဘောတူ ကြိုပွဲိုင့်စနစ်ဖြင့် တိုက်ခန်းရောင်းဝယ်ခြင်းအပေါ် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၅) လမ်း၊ အမှတ်(၂၇၄/က)၊ (၆)ထပ်တိုက်၊ (၄)လွှာတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ (မြေရှင်) ဦးတင်မောင်ဝင်း(၁၂/သကတ(နိုင်)၁၉၄၄၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက နှစ်ဦးသဘောတူ ကြိုပွဲိုင့်စနစ်ဖြင့် (စရန်)ငွေ တစ်ချို့ပေးချေထားပြီးဖြစ်၍ ကျန်ငွေကို ပေးချေတော့မည်ဖြစ်ရာ အဆိုပါအခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မျိုးဝင်း (LL.B,D.B.L)
အထက်တန်းရှေ့နေ (စဉ်-၂၉၆၃၅)
ဖုန်း-၀၉ ၄၂၁၀၀၁၁၉၂

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဦးထွန်းဖဲလမ်း၊ မြေကွက်အမှတ်(၄၅၅)၊ ပါမစ်မြေအမျိုးအစား ပေ(၄၀x၆၀) အကျယ်ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဗိုလ်မှူးဘုန်းမောင်မြင့်[၉/မထလ (နိုင်)၀၁၁၁၇၇]က အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးသိန်းဌေး[၁၂/ဒဂမ (နိုင်)၀၀၂၈၄၀]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိ စာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝ ရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ် တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက် လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူ မဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **LL.B (စဉ်-၁၆၂၀၆)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း-၀၉ ၄၃၀၉၄၆၇၂** | **ဖုန်း-၀၉- ၇၉၉၈၉၀၄၉၂** |

**တိုက် (၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့ နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၁)လမ်း၊ အမှတ်-၄၂၉ ၁/၂ ဟု ခေါ်တွင်သော မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-(ဃ)၊ မြေကွက်အမှတ်-၄၂၉ ၁/၂၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်၊ အကျယ်အဝန်း အလျားပေ ၃၀xအနံပေ ၆၀(ယင်းနှင့်ကပ်လျက် မြေပိုပါ ပါဝင်ပါသည်။) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမြဟန်(E/BU-၀၂၂၂၄၇)၊ [၁၂/ဥကမ (နိုင်)၀၄၃၀၈၀] နှင့် ဒေါ်မေရီမြင့်(ခ)ဒေါ်လန့်ဇဲ(B/RGN-၀၁၄၁၉၁)တို့ထံမှ ဝယ်ယူရန် ကျွန်ုပ် မိတ်ဆွေ ဒေါ်စိန်စိန်မာက စရန်ငွေပေးချထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို သူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၈၂)**
**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

# သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ် ထာဝရ ထိန်းသိမ်းကြ

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါက်တာဌေးကြွယ်**

**(၁၉၇၀-၇၇) ဆေး-၁**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

**(နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ)**

**အသက်(၆၉)နှစ်**

၂-၅-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားသော ဒေါက်တာဌေးကြွယ်၏ စျာပနတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူး ဥပကာရတင်ရှိအပ်ပါသည်။

ဒေါက်တာဌေးကြွယ် နာမကျန်းဖြစ်စဉ်အတွင်း ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို အထူးကျေးဇူးဥပကာရတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာဌေးကြွယ်

**(M.B.B.S–Ygn)**

**(1970–77) ဆေး–၁**

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**

**(နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးအံ့ကြွယ်)–ဒေါ်တင်လှိုင်တို့၏ သားကြီး၊ ဒါးပိန်မြို့နေ (ဦးစိန်မောင်–ဒေါ်အုန်းမြ)တို့၏ သားသမက်၊ (ဒေါ်ခင်အေးသွင်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဌေးအောင် (သဘော်အင်ဂျင်နီယာ)–ဒေါ်ကျင်တီ၊ ဦးကျော်ဇင် (သဘော်အင်ဂျင်နီယာ)–ဒေါက်တာဒေါ်အေးအေးမူ (Sun Clinic)၊ (ဦးတင်ထွန်း)၊ ဦးရဲထွန်း–ဒေါ်နွဲ့တင်၊ ဦးခင်မောင်ကြီး–ဒေါ်မြမြသန်း(လယ်ပြ၊အမက–၂၂၊မြောက်ဒဂုံ)၊ ဗိုလ်မှူးခင်မောင်လေး(ငြိမ်း)–ဒေါ်ခင်ယုမော်၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း)–ဒေါ်ခင်မိမိကြွယ်၊ ဒေါ်ခင်စန်းကြွယ်၊ ဦးရဲမြင့် (ခေတ္တ–U.S.A)တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၂-၅-၂၀၂၀(စနေနေ့) နံနက် ၇:၂၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အာနိစ္စ**

**ရတနာ သစ်တော ပြည့်သွေး ကြော သစ်တော ရတနာ ထိန်းသိမ်းပါ**

## ဒေါ်ညွန့်ရီ

**မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် (D)၊ အခန်း(၂၀၂)နေ (ဦးဘိုးနီ–ဒေါ်အေးနု)တို့၏သမီး၊ (ဦးကျော်–ဒေါ်ခင်)တို့၏သမီးချွေးမ၊ [ဦးအေးသောင်(လူမှုဝန်ထမ်းအရာရှိ–ငြိမ်း)]၏ဇနီး၊ ဦးတင်ထွဋ်ဦး–ဒေါ်ဥမ္မာဟိန်း၊ ဦးဇော်မင်းစိန်–ဒေါ်နွဲ့နွဲ့အေး၊ ဦးတင်လှဝင်း–ဒေါ်ချစ်ဥ၊ ဦးဇော်လှမင်း–ဒေါ်ပို့ပို့၊ ဒေါ်အေးအေးမူ၊ ဒေါ်သက်သက်ဆွေ၊ ဦးမင်းထွဋ်အေး–ဒေါ်လဲ့လဲ့မုံတို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ညွန့်ရီသည် ၅-၅-၂၀၂၀ ရက် နံနက် ၀၀:၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဟာဂျီမိုဟာမက်အလီဂျင်းနား (ခ) ဟာဂျီ ဦးလှမြင့်

**(ရွှေမြို့င်မဆလာစက်)**

**အသက် (၇၈) နှစ်**

[မိုဟာမက်အွတ်စမန်း(ခ)ဦးမောင်စိန်–ရဟီမာဘီ(ခ)ဒေါ်တီ] တို့၏သား၊ (ဦးလတိဖ်–ဒေါ်င်လတ်ဘီဘီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ ရွှေဝါမြိုင်အိမ်ရာ၊ အမှတ်(၀၀၈)နေ ဟာဂျီဆလေမန်–ဟာဂျီမဘာရ်ကစ်ဘီ၊ ဟာတင်ဘိုင်–ဟာဝါဘီ၊ ဟာဂျီဆူလေမန်–ဟာဂျီမ မရ်ရန်ဘီ၊ မွတ်(စ်)သဖွာ–ရဟီမာဘီ၊ နေမျိုးအောင်၊ ညီညီနိုင်၊ အောင်သိန်းဌေး–ဆာဂျေဒါဘီ၊ ဆာရာဘီတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုး၊ [ဟေဒါယက်တွလ်နီရှာဘေဂန်(ခ)ဒေါ်လှလှမြင့်]၏ခင်ပွန်း ဟာဂျီမိုဟာမက်အလီဂျင်းနား(ခ)ဟာဂျီ ဦးလှမြင့်သည် ၅-၅-၂၀၂၀ (အင်္ဂါနေ့)တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်ကဗရ်စတန်တွင် ဒဖါန်ပြီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ထွန်း (ချမ်းသာကြီးပွဲရုံ)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၄)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်နေ (ဦးတင်မြင့်–ဒေါ်ကြည်)တို့၏ သား၊ (ဦးလှတင်)–ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဦးအောင်သန်း–ဒေါ်မြင့်မြင့်အေး၊ ဦးခင်မောင်–ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွန်း–ဒေါ်အုန်းကျင်၊ (ဦးဝမ်စိန်)–ဒေါ်စိန်စိန်၊ ဦးလှအောင်–ဒေါ်ခင်နု၊ ဦးမြင့်သန်း–ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးမြင့်–ဒေါ်ဆွေဆွေခိုင်တို့၏ ညီ/မောင်၊ ဦးကြည်စိုး (ချမ်းသာကြီးပွဲရုံ–ထားဝယ်)၏ အစ်ကို၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ထူးအောင်လွင် (Kevin Chen–ခေတ္တ–ကနေဒါနိုင်ငံနေ)၏ ချစ်လှစွာသောမွေးသဖခင်သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

**သူရဦးထွန်းတင်(နိုင်ငံတော်ဝန်ကြီးချုပ်–ငြိမ်း)**

**အသက် (၁၀၀)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ မြစပယ်လမ်းနေ ဒေါ်မြင့်မြင့်သိန်း၏ခင်ပွန်း သူရဦးထွန်းတင်သည် ၁-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းရပါသည်။

**ဦးဖေသိန်းအောင်–ဒေါ်တင့်တင့်သိန်း မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာညွန့်စိုး**

**ကျောင်းအုပ်ကြီး (မိုးညှင်းဒီဂရီကောလိပ်)**

**အသက် (၅၈) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၁၁)၊ အခန်း(၃၃)နေ ဒေါက်တာဇင်မိုးမိုး (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ တောင်ကုတ်ဒီဂရီကောလိပ်)၏ခင်ပွန်း ဒေါက်တာညွန့်စိုး အသက်(၅၈)နှစ်သည် ၄-၅-၂၀၂၀ ရက် နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသာထွန်းမောင် (ပါမောက္ခချုပ်)နှင့်**
**ကလေးတက္ကသိုလ် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ချစ်ရင် (ခ) ဒေါ်ချစ်**

**အသက် (၈၈) နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး မြတ်သူအောင်၏မိခင် ဒေါ်ချစ်ရင် (ခ) ဒေါ်ချစ် အသက် (၈၈) နှစ်သည် ၁-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။ အန်တီကောင်းရာသုဂတိလားပါစေ။

**OTS (102) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နုနု**

**အသက်(၇၀)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/ကျောင်းသားဟောင်းများအသင်းဝင် ဦးသိန်းထိုက်–ဒေါ်အေးအေးစမ်း(ဆေး–၁)တို့၏ မိခင် ဒေါ်နုနုသည် ၂၈-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/**
**ကျောင်းသားဟောင်းများ၏**
**လူမှုကူညီစောင့်ရှောက်မှုအသင်း**

## ဦးရန်တိန် (ခ) ဦးရွှေဝင်း

**ကျား အမှုန့်ကြိတ်စက်**

**အသက် (၉၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၉၁)၊ ဒုတိယထပ်(ဝဲ)နှင့် သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၄–A)နေ (ဦးကွမ်ရန်မွေ–ဒေါ်ရောင်တင်း)တို့၏သား၊ ဒေါ်သန်းသန်းအေး(ခ) လင်ဆွမ်အိန်း၏ခင်ပွန်း၊ ကိုထွန်းထွန်း၊ မခင်ခင်၊ Dr.ပီတာထွန်းလှိုင်–Dr.စန္ဒာအေး၊ ကိုညီညီထွန်းကျော်–မအိအိဝင်း၊ ကိုအာကာထွန်းကျော်–မရူပါလှကြည်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးရန်တိန် (ခ) ဦးရွှေဝင်းသည် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးစိုးမြင့်

**အသက်(၈၅)နှစ်**

**ရဲဝန်ထမ်း(အငြိမ်းစား) မအူပင်ရဲစခန်း**

ပုသိမ်မြို့နေ (ဦးအေး–ဒေါ်ညွန့်)တို့၏ သားကြီး၊ (ဒေါ်လှကြည်)၏ ခင်ပွန်း၊ ဒေါ်ခင်စိန်၊ ဦးစိုးတင့်တို့၏ အစ်ကိုကြီး၊ ဦးကျော်ဝေ–ဒေါ်သီတာ၊ ဦးဝင်းနိုင်ဌေး–ဒေါ်မာလာတို့၏ ဦးကြီး၊ ဦးထွန်းဝင်း–ဒေါ်မိမိခိုင်၊ ဦးထွန်းလင်းထိုက်–ဒေါ်မေရီဇော်တို့၏ဖခင် ဦးစိုးမြင့်သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) ည ၇:၅၅ နာရီတွင် အမှတ်(၁၂၁)၊ သန္တာနှင်းဆီလမ်း၊ ရွှေပင်လုံရိပ်မွန်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၂၀(အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးဝင်းတင်(B.D.S–YGN, 1973)

**အသက်(၇၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄၆)၊ မဥ္ဇူလမ်းသွယ်(၁)၊ ပါရမီရိပ်သာနေ (ဦးကြည်ထျန်–ဒေါ်သန်းထွေး)တို့၏ သားကြီး၊ ဦးမျိုးမြင့်–ဒေါ်ခင်စောကြည်၊ ဦးမောင်ဒွေး–ဒေါ်မိမိကြည်(USA)တို့၏အစ်ကိုကြီး၊ ဒု–ဗိုလ်မှူးကြီးအာကာမျိုး–မနှင်းမြတ်လေးဆွေ၊ ကိုသီဟလှိုင်ထွန်း–မစုရတနာလှိုင်၊ ဒေါက်တာခင်စန္ဒာပြည့်(USA)၊ မောင်ကျော်ဇေယျာထွန်း(USA)တို့၏ ချစ်လှစွာသောဘကြီး၊ မမေသက်မှူးခင်၊ မောင်လင်းမင်းခန့်၊ မရွှန်းမြတ်သော်တာတို့၏ ချစ်လှစွာသောအဘိုးသည် ၅-၅-၂၀၂၀ ရက် နံနက် ၆:၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## နိုင်မွန်း(ခ)ဘဂိန်း

**မုဒုံမြို့–ဝက်တဲကျေးရွာ**

**အသက်(၁၀၂)နှစ်**

မုဒုံမြို့၊ ဝက်တဲကျေးရွာနေ (နိုင်ဖိုးတုတ်–မိစူး)တို့၏ သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ(၉)လမ်း၊ အမှတ်(၂၈၇–ခ)နေ (မိတရုတ်မ)၏ ခင်ပွန်း၊ (နိုင်ကံကြိုး)–မိကျင်အေး၊ (နိုင်ရင်ဖေ–မိချိုဝင်း)၊ နိုင်စံရီ–မိကျင်သန်း၊ နိုင်ထွန်းသိန်း–မိသန်းရင်၊ နိုင်စံယုံ–မိထွေးတင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၂၁ ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၅-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးလှသိန်း (ဖျာပုံမြို့)

**စိန်နဂါး စိန်ရွှေရတနာဆိုင် (၁+၂)**

**အသက်(၈၉)နှစ်**

ဖျာပုံမြို့၊ အမှတ်(၁၂၃)၊ (၅)လမ်း၊ (၅)ရပ်ကွက်နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြသန်း၏ခင်ပွန်း၊ ဦးသန်းကျော်–ဒေါ်သင်းသင်းသွယ်၊ ဦးမိုးအောင်–ဒေါ်အေးအေးမွန်၊ ဗိုလ်မှူးကြီးအောင်သိုက်ထွန်း–ဒေါ်အေးအေးသွယ်၊ ဦးရင်ထွန်းအောင်–ဒေါ်နှင်းဝေသွယ်(ဆင်ဖြူတော်–စိန်ရွှေရတနာဆိုင်)၊ ဦးကျော်သန်းထိုက်–ဒေါ်မြတ်မြတ်မင်းသွယ်တို့၏ မွေးသဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၅-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် လိပ်ဥကုန်းမြန်မာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ညွန့်ညွန့်တင် (ဟင်္သာတ)**

**ကျန်းမာရေးဆရာမ (ငြိမ်း)**

**အသက် (၈၁) နှစ်**

သူငယ်ချင်း ဗိုလ်ကြီးအောင်ကျော်စိုး (ငြိမ်း)၊ ဒေါ်ခိုင်ဇာဝင်းတို့၏မိခင်ကြီး ဒေါ်ညွန့်ညွန့်တင်သည် ၁-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (97) မှ သူငယ်ချင်းများ**

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဦးညွန့်လွင် (ခ) Ronny Lynn

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စေတနာသုခလမ်းသွယ်၊ အမှတ်(၄၄)နေ (ဦးထွန်းလွင်–ဒေါ်မေ)တို့၏သား၊ ဦးဟန်ဒလေ–ဒေါ်နုနုတို့၏ သားသမက်၊ (ဦးအေးချို)–ဒေါ်ခင်မေဇင်၊ (ဦးမောင်မောင်)–ဒေါ်ခင်မေလွင်တို့၏မောင်၊ ဦးခင်မောင်လွင်–ဒေါ်သက်ဦးခင်၊ ဦးအေးလွင်–ဒေါ်ခင်မာနွယ်တို့၏ညီ၊ ဦးအောင်နန္ဒာဦး–မနန်းယင်းမာအေး၊ ဦးအောင်ဇေယျာ–ဒေါ်စန်းသော်တာ၊ ဦးမျိုးမင်းသန့်–ဒေါ်မေမျိုးဟန်၊ ဦးဗညားဇော်–ဒေါ်ဟေမာလင်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၅-၂၀၂၀ ရက် နံနက် ၉:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ၇-၅-၂၀၂၀ ရက်တွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလုံးကို အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ထွန်း (ချမ်းသာကြီးပွဲရုံ)

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၄)၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်နေ (ဦးတင်မြင့်–ဒေါ်ကြည်)တို့၏ သား၊ (ဦးလှတင်)–ဒေါ်ကျင်ရွှေတို့၏ သားသမက်၊ ဒေါ်နုနုဝင်း၊ ဦးစိန်ဟိန်း–ဒေါ်တင်တင်မိုး၊ ဦးတင်မောင်လတ်–ဒေါ်ခင်မျိုးလွင်၊ ဦးမျိုးအောင်–ဒေါ်ခင်မျိုးမျိုးတို့၏ ညီ/မောင်၊ ဒေါ်ခင်ချိုချိုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးအောင်လွင် (Kevin Chen–ခေတ္တ–ကနေဒါနိုင်ငံနေ)၏ ချစ်လှစွာသောမွေးသဖခင်သည် ၄-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ချင်း (ခ) အောင်အောင်

**B.A (Myanmar)**

**အသက် (၅၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၇၂)၊ A(3) အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး (ခ) ရပ်ကွက်နေ ဦးမျိုးအောင်–ဒေါ်ခင်မေချင်း(ကန်တော်ကြီးဟိုတယ်)တို့၏ သား၊ ကျောက်တန်းမြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ (ဦးတင်ဝင်း–ဒေါ်စိန်လှ)တို့၏သားသမက်၊ ဦးမြင့်ဦး–ဒေါ်မြင့်မြင့်အေး၊ ဦးဇာနည်စိုး–ဒေါ်ဖြိုးမေအောင်တို့၏အစ်ကို၊ ဒေါ်ဇင်မာဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မအိခိုင်ခိုင်ဇင် (ဒီဒီချင်း)၊ ညီပြည့်ဆုန်ချင်း(ဆုန်ချင်း)တို့၏ မွေးသဖခင်၊ မောင်ဇေယျာဝင်း–မဟေဇယ်ဇာနည်၊ အောင်ဘုန်းခန့်တို့၏ဘကြီး ဦးခင်အောင်ချင်းသည် ၅-၅-၂၀၂၀ ရက် နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

# ရက်ပေါင်း ၂၀ အတွင်း လွယ်ဂျယ်နယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူ ၇၀၀၀ ကျော်ရှိ



**လွယ်ဂျယ် မေ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား လွယ်ဂျယ်မြို့ နယ်စပ်ဂိတ်အမှတ်(၂)တွင် ဧပြီ ၁၆ ရက်မှ ယနေ့အထိ ရက်ပေါင်း ၂၀ အတွင်း လွယ်ဂျယ် နယ်စပ်ဂိတ်တစ်ခုတည်းမှ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၇၁၂၀ ရှိပြီး ကျန်းမာရေးစစ်ဆေးမှုများအရ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါလက္ခဏာပြသူတစ်ဦးတစ်ယောက်မျှ မတွေ့ရှိရကြောင်း သိရသည်။

**စနစ်တကျပို့ဆောင်**

ယနေ့တွင် မြစ်ကြီးနားမြို့နယ်မှ သုံးဦး၊ မိုးကောင်းမြို့နယ်မှ ၃၇ ဦး၊ ဖားကန့်မြို့နယ်မှ ငါးဦး၊ မိုးညှင်းမြို့နယ်မှ ၁၅ ဦးနှင့် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်မှ ၆၆ ဦး၊ မိုးမောက်မြို့နယ်မှ ၄၃ ဦး၊ ရွှေကူမြို့နယ်မှ ၂၇ ဦး၊ မန်စီမြို့နယ်မှ လေးဦးတို့အား မော်တော်ယာဉ်ငယ် ၂၃ စီးဖြင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များသို့ နေရပ်ပြန်သူများကို မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့လည်းကောင်း၊ မြစ်ကြီးနားခရိုင်နှင့်မိုးညှင်းခရိုင်သို့ နေရပ်ပြန်သူများကို မြစ်ကြီးနား စီတာပူကုန်ချစခန်းစုရပ်သို့လည်းကောင်း စနစ်တကျပို့ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ နေရပ်ပြန်သူ ၈၀ တို့အား လွယ်ဂျယ်မြို့ ကန့်သတ်စောင့်ကြည့်စခန်းတွင်ထားရှိပြီး လိုအပ်သည့်အစီအမံများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ နေရပ်ပြန်သူ ၁၂၅ ဦးတို့အား မိုးမောက်မြို့နယ် ကျောက်စခန်းစုရပ်သို့ မော်တော်ယာဉ်ငယ် ၁၂ စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ စနစ်တကျပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများအတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများက ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၅**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများက ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအစီအစဉ်ကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ယင်းလှူဒါန်းမှုကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၏ အစီအစဉ်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော အထူးကုန်တင်လေယာဉ်သည် ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ❖




## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၅

| | |
|---|---|
| ချောက် | ၄၂ ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပဲခူး | ၄၁ ဒီဂရီစင်တီဂရိတ် |
| သာယာဝတီ | ၄၁ ဒီဂရီစင်တီဂရိတ် |
| မြဝတီ | ၄၁ ဒီဂရီစင်တီဂရိတ် |
| သိမ်ဖြူ | ၄၁ ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများအား ဖောင်ကြီးသို့ ပို့ဆောင်ရာတွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)က ကူညီမည်

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာများအား လှည်းကူးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာန(ဖောင်ကြီး)သို့ လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ပေးရာတွင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မီဒီယာတွေ့ဆုံပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာကုဌာနအပြင်ဘက်၌ ပြုလုပ်ခဲ့ရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှတာဝန်ခံဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုကယ်ဆယ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးယာဉ်မောင်းများ တက်ရောက်ကြသည်။

**သင်တန်းပို့ချပေးထား**

“ဖောင်ကြီးကို ပိုးတွေ့လူနာပို့ဆောင်ဖို့ နေပြည်တော်ကနေ လူနာတင်ယာဉ်ကား ငါးစီးပို့ထားပါတယ်။ ဒါပေမယ့် မောင်းပို့မယ့်သူမရှိဘူး။ ဒါကြောင့် ရန်ကုန်တိုင်း လူမှုကယ်ဆယ်ရေးအဖွဲ့က ယာဉ်မောင်းတွေကို သင်တန်းပေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပိုးတွေ့လူနာတွေကို ဖောင်ကြီးကိုပို့ရမယ်ဆိုရင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျဝတ်ဆင်ပြီး ပို့ဆောင်ပေးနိုင်ဖို့ သင်တန်းတွေပို့ချပေးထားပြီး ဖြစ်ပါတယ်”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာကုဌာနမှ လက်ထောက်အထူးကုဆရာဝန်ကြီး ဒေါက်တာဖြိုးသီဟက ပြောသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ


မိုးရာသီကာလတွင် အဖြစ်များသော ရောဂါများ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေး စီမံချက်လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရေး အစည်းအဝေးကျင်းပ

စာမျက်နှာ » ၅

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

စင်ကာပူနှင့် ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေး လေယာဉ်များဖြင့် သွားရောက်ခေါ်ယူမည်

စာမျက်နှာ » ၁၈

အောင်လအန်ဆန်နှင့် ဗစ်တာလီဘစ်ဒက်ရှ်တို့ ထိုးသတ်မည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထပ်မံရွှေ့ဆိုင်း

စာမျက်နှာ » ၂၀



ကြေးမုံ အထူးကဏ္ဍ

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
မေ ၆၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# နိုင်ငံနှင့် ပြည်သူအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရွေးချယ်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ခင်ရတနာ၊ ဓာတ်ပုံ – မေဦးမိုး

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ဌာနအဖွဲ့အစည်းပေါင်း (၂၄)ခုရှိပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒ၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ကိစ္စများကို လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)ကို စီမံကိန်းဘဏ် (Project Bank)ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် နှစ်စဉ်စီမံကိန်းမှစ၍ ဆောင်ရွက်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်ဖြစ်ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၏ ဖြေကြားချက်များကို ကောက်နုတ်တင်ပြလိုက်ရပါသည်–



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

**ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)**

**မေး။ ။ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာအတွင်း ပြည်သူ့အကျိုးစီးပွားဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

**ဖြေ။ ။** စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေနဲ့ အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့အတွက် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP center)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိတဲ့အပြင် ပိုမိုထိရောက်အောင်ဆောင်ရွက်ဖို့ ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ GIZ နှင့် ပူးပေါင်းပြီး စီမံကိန်းဘဏ် Project Bank Website ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှာ လွှင့်တင်နိုင်ခဲ့ပါတယ်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံက ပထမအကြိမ် ချေးငွေ ယန်း ၅ ဒသမ ၀၃၃ ဘီလီယံနဲ့ ဒုတိယအကြိမ်ချေးငွေ ယန်း ၁၅ ဘီလီယံ ရယူပြီး မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ် (၁၀)ဘဏ်ကတစ်ဆင့် MSMEs လုပ်ငန်းရှင်တွေကို ချေးငွေတွေ ထုတ်ချေးပေးလျက်ရှိပါတယ်။

ဂျာမနီဖွံ့ဖြိုးရေးဘဏ် KfW မှ ပထမအကြိမ် ထောက်ပံ့ငွေ ယူရို ၄ ဒသမ ၄၅ သန်းနဲ့ ဒုတိယအကြိမ် ထောက်ပံ့ငွေ ယူရို ၁၀ ဒသမ ၈၅ သန်းကို ပုဂ္ဂလိကဘဏ် ၂ ဘဏ်က တစ်ဆင့် MSMEs လုပ်ငန်းရှင်တွေထံကို ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေကို ထုတ်ချေးဖို့အတွက် အများပြည်သူအပ်နှံငွေမှ လျာထားခဲ့တဲ့ ငွေကျပ်ဘီလီယံ ၂၅၀ အနက် လုပ်ငန်းရှင် ၃၀ ကို ချေးငွေကျပ် ၁၀၆၁ သန်း ထုတ်ချေးခဲ့ပါတယ်။

**လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူရန် ချေးငွေရယူ**

JICA Two Step Loan ချေးငွေကျပ်ဘီလီယံ ၂၀၀ ရယူပြီး လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူဖို့နဲ့ လယ်ယာကဏ္ဍကို အခြေခံတဲ့ အဆောက်အဦနဲ့ စက်တွေအတွက် တောင်သူလယ်သမားတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ဆီက ငွေကျပ်ဘီလီယံ ၂၀၀ ချေးယူပြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေကျပ် ၁၄ ဒသမ ၈၅ ဘီလီယံကို တောင်သူလယ်သမား လုပ်ငန်းရှင်တွေကို ထုတ်ချေးပေးလျက်ရှိပါတယ်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း MSMEs တွေကို ချေးငွေပံ့ပိုးပေးနိုင်ရန်နဲ့ ဘဏ်တွေရဲ့ ဆုံးရှုံးနိုင်ခြေကို မျှဝေနိုင်ဖို့ ချေးငွေအာမခံအဖွဲ့အစည်း(Credit Guarantee Corporation–CGC)ကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၆၀ ရယူပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားသုံးငွေအပ်နှံမှုအပေါ်မှာ ကောက်ခံခဲ့တဲ့ ဘဏ်ဝန်ဆောင်စရိတ် (Deposit Fees) သုညဒသမ ၃ ရာခိုင်နှုန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာစတင်ပြီး ကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးခဲ့ပါတယ်။

**မေး။ ။ တောင်သူလယ်သမားတွေ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ဆောင်ရွက်နေမှုတွေကို သိပါရစေ။**

**ဖြေ။ ။** စိုက်ပျိုးစရိတ်ချေးငွေတွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၆၈၄ ဘီလီယံ ထုတ်ချေးခဲ့ရာကနေ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၇၄၇ ဘီလီယံအထိ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ စပါးတစ်ဧက စိုက်ပျိုးချေးငွေကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ် တစ်သိန်းမှ တစ်သိန်းခွဲအထိ၊ အခြားသီးနှံတွေအတွက် တစ်ဧကချေးငွေနှုန်းကို ယခုဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၅၀၀၀၀ မှ တစ်သိန်းအထိ တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။

**မေး။ ။ အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို သိရှိလိုပါတယ်ရှင့်။**

**ဖြေ။ ။** အာမခံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပုဂ္ဂလိက အသက်အာမခံ ကုမ္ပဏီ(၁၁)ခုနဲ့ ပြည်တွင်းပုဂ္ဂလိက အထွေထွေအာမခံကုမ္ပဏီ (၈)ခုတို့က အာမခံဝန်ဆောင်မှုတွေ ပေးအပ်နေရာကနေ ၂၀၁၉ ခုနှစ်အတွင်း ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ(၅) ခု၊ ပြည်တွင်းအာမခံကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် နိုင်ငံခြားဖက်စပ် အသက်အာမခံကုမ္ပဏီ (၃)ခုနဲ့ အထွေထွေအာမခံကုမ္ပဏီ (၃)ခုတို့ကို လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တွေ ထုတ်ပေးခဲ့ပါတယ်။

မြန်မာ့အာမခံလုပ်ငန်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး တောင်သူလယ်သမားတွေ အကျိုးစီးပွားအတွက် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တို့မှာ ရှေ့ပြေးစီမံကိန်း(Pilot Project)ကို ပရောဂျက်ကာလ (၁)နှစ်အဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။

မော်တော်ယာဉ်ပိုင်ရှင် လုပ်သားပြည်သူတွေရဲ့ သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ပေးသွင်းခြင်းလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာမှု မရှိစေဖို့အတွက် online စနစ်နဲ့ ပရီမီယံကြေး ပေးဆောင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** မြန်မာနိုင်ငံမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးတို့ကို အထောက်အကူဖြစ်စေဖို့ အားလုံးပါဝင်နိုင်တဲ့ ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေး လမ်းပြမြေပုံ (Financial Inclusion Roadmap 2014 – 2020) ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး Financial Inclusion Roadmap (2019–2023)ကို ရေးဆွဲခဲ့ပြီး ဝင်ငွေနည်းပါးသူတွေအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေနဲ့ လုပ်ကွက်ကြီးမားတဲ့ လယ်သမားတွေအတွက် ငွေကြေးဝန်ဆောင်မှုပေးခြင်း၊ စုဆောင်းငွေကို လည်ပတ်သုံးစွဲမှု

အထူးကဏ္ဍ [ ခ ] သို့ »»




မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပိုမိုမြင့်မားအောင် ဆောင်ရွက်ခြင်း၊ Digital ငွေကြေးဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရန် ဆောင်ရွက်ခြင်းနဲ့ ငွေကြေးဝန်ဆောင်မှု ရယူသုံးစွဲသူတွေရဲ့ စွမ်းဆောင်မှု မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျေးလက်နေပြည်သူတို့ရဲ့ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေဖို့ အသေးစားငွေရေးကြေးရေး Micro Finance အဖွဲ့အစည်း ၁၉၃ ဖွဲ့ကို လုပ်ငန်းလုပ်ကိုင်ခွင့် ပြုစုထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၂၅၁၉၅ ရွာနဲ့ လူဦးရေ ၄ ဒသမ ၅ သန်းကို ငွေကျပ် ၂၀၁၅ ဒသမ ၉၄ ဘီလီယံ ထုတ်ချေးခဲ့ပြီး သူတို့ရဲ့ စုဆောင်းငွေက ငွေကျပ် ၂၇၇ ဒသမ ၂၀၇ ဘီလီယံအထိ ရှိခဲ့ပါတယ်။

**မေး။ ။ ဝန်ထမ်းနှောင်ရေး ဗဟိုရန်ပုံငွေ ထူထောင်နိုင်ဖို့ ဆောင်ရွက်နေမှုကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** နိုင်ငံတော်ဘတ်ဂျက်မှာ ပင်စင်ရဲ့ ကြီးလေးတဲ့တာဝန်ကို လျှော့ကျစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ပင်စင်စနစ် ဖြစ်ပေါ်လာစေဖို့ ထည့်ဝင်ကြေးစနစ်နဲ့ အကျိုးခံစားခွင့်ပြုတဲ့ ဝန်ထမ်းနှောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund – CPF) ထူထောင်ရေးကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းနှောင်ရေးဗဟိုရန်ပုံငွေ ဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပြီး ဒီဥပဒေပြဋ္ဌာန်းပြီးရင် ခန့်အပ်တဲ့ ဝန်ထမ်းသစ်တွေ၊ အမှုထမ်းသက်(၁၀)နှစ်အောက် ဝန်ထမ်းတွေက ဝန်ထမ်းနှောင်ရေးဗဟိုရန်ပုံငွေ(CPF)တွင် ပါဝင်သွားမှာ ဖြစ်ပါတယ်။ လက်ရှိ ပင်စင်ခံစားနေသူတွေနဲ့ အမှုထမ်းသက် (၁၀)နှစ်ပြည့်ပြီးသူတွေကို လက်ရှိပင်စင်စနစ်အတိုင်း ဆက်လက်ခံစားခွင့် ပြုသွားမှာ ဖြစ်ပါတယ်။


**မေး။ ။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေ အကြောင်းကို ပြောကြားပေးပါဦးရှင့်။**

**ဖြေ။ ။** အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အနေနဲ့ အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်တဲ့စနစ်ကို ကူးပြောင်းရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ ကုမ္ပဏီတွေအပေါ် အခွန်စည်းကြပ်မှု လုပ်ငန်းတွေကို ပိုမိုထိရောက်ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ဖို့ ရည်ရွယ်ပြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၄)နဲ့ (၅)ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

MPU Debit Card အသုံးပြုပြီး Online မှ အခွန်ပေးဆောင်ခြင်းကို ပထမအဆင့်အနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ ဒုတိယအဆင့်အနေနဲ့ CBM-Net နဲ့ချိတ်ဆက်ပြီး နိုင်ငံပိုင်ဘဏ်တွေနဲ့ ပုဂ္ဂလိကဘဏ်တွေမှာပါ အခွန်ပေးသွင်းနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် အရေးကြီးသည့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ Tax Administration Law– TAL ကို ပြဋ္ဌာန်းခဲ့ပါတယ်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးဆက်အောင်



ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း

**ဝင်ငွေခွန်ဥပဒေအသစ်ရေးဆွဲ**

စည်းကြပ်မှုမှ လွတ်ကင်းနေတဲ့ ဝင်ငွေအပေါ် ကျသင့်တဲ့ အခွန်နှုန်းထား ၃၀ ရာခိုင်နှုန်းကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေတွင် ဝင်ငွေအလွှာ ၅ ခု သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေ/ထောက်ပံ့ငွေတွေနဲ့ Integrated Tax Administration System(ITAS) စနစ် အသုံးပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဝင်ငွေခွန်ဥပဒေအသစ်ကို နိုင်ငံတကာ သတ်မှတ်ချက်တွေနဲ့အညီ ရေးဆွဲလျက်ရှိပါတယ်။

အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်တွေကို Manual စနစ်မှ အလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်ဖြစ်တဲ့ MACCS (Myanmar Automated Cargo Clearance System) နဲ့ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်ဧရိယာအတွင်း စတင်ကျင့်သုံးနိုင်ခဲ့ပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်တွင် ၂၀၁၈ ခုနှစ် ဇွန်လက အသုံးပြုခဲ့ပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ၂၀၂၀ ပြည့်နှစ်အတွင်း MACCS စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို အပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်က ကုန်သွယ်မှုအတွက် ဘယ်လောက် အရေးပါသလဲဆိုတာ သိပါရစေ။**

**ဖြေ။ ။** မြန်မာနိုင်ငံအနေနဲ့ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် e-Form D လဲလှယ်ခြင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက စတင်ပြီး ASEAN Single Window Live Operation သို့ ဝင်ရောက်ဆက်သွယ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကဏ္ဍနဲ့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ရာမှာ အများကြီးအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။

**မေး။ ။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ချက်တွေကို သိပါရစေ။**

**ဖြေ။ ။** စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မဟာဗျူဟာတွေ ချမှတ်ခြင်း၊ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေတွေပြဋ္ဌာန်းပြီး ဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းနဲ့ ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အနေနဲ့ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီး စက်မှုဇုန်ဥပဒေနဲ့ အမျိုးသားအဆင့် အထည်အလိပ်မူဝါဒတွေ သတ်မှတ်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်နဲ့ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်း အမျိုးအစား ၅၀ ကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းတွေနဲ့ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ အရည်အသွေးနဲ့ စံချိန်စံညွှန်းတွေ သတ်မှတ်ထုတ်ပြန်နိုင်ရေး အတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

**ဖြေ။ ။** စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးရာမှာ အဓိကမောင်းနှင်အားအဖြစ် ရပ်တည်နေတဲ့ ပုဂ္ဂလိကအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေအတွက် **“နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ အသွင်ကူးပြောင်းရေး ဗဟိုအဖွဲ့” (Central Transformation Unit–CTU)**ကို ဖွဲ့စည်းခဲ့ပြီး လိုအပ်တဲ့ လေ့လာမှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

စက်မှုသင်တန်းကျောင်း (၆)ကျောင်းက ကျွမ်းကျင်လုပ်သားတွေ စနစ်တကျ လေ့ကျင့်မွေးထုတ်ခြင်းနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လိုအပ်ချက်အရ ရွေ့လျားအသက်မွေးပညာသင်တန်းတွေကို ဒေသအရောက် သွားရောက်ဖွင့်လှစ်လျက်ရှိပါတယ်။

ဆေးဝါးစက်ရုံတွေက အခြေခံဆေးဝါးများ(Essential Drugs) အပါအဝင် ဆေးဝါးအမျိုးမျိုးကို အမျိုးသားဆေးဝါးဥပဒေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ရဲ့ ကောင်းမွန်တဲ့ ထုတ်လုပ်မှု ကျင့်စဉ် (WHO GMP Guideline) နဲ့အညီ အကျိုးအာနိသင်ထက်မြက်မှု (Efficacy)၊ ဘေးကင်းလုံခြုံမှု(Safety)၊ အရည်အသွေးပြည့်မီမှု(Quality)နဲ့ သုံးစွဲသူစိတ်ကျေနပ်မှု(Customer Satisfaction) အပေါ် အထူးအလေးထားပြီး ဆေးပြား၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ ထိုးဆေး၊ မြွေဆိပ်ဖြေဆေးနဲ့ ကာကွယ်ဆေး စုစုပေါင်း ၁၉၃ မျိုးကို အဆင့်မြင့်ဆေးဝါး ကုန်ကြမ်းတွေနဲ့ထုတ်လုပ်ပြီး သင့်တင့်တဲ့ဈေးနှုန်းတွေနဲ့ ဖြန့်ဖြူးလျက်ရှိပါတယ်။

စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းကျဆင်းစေရေးတို့ကို ရှေးရှုပြီး အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမှာဖြစ်ပြီး ဝန်ကြီးဌာနရှိ မြေနေရာ၊ အဆောက်အဦနဲ့ စက်ပစ္စည်းတွေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းတွေကို ပွင့်လင်းမြင်သာစွာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး)**

**မေး။ ။ နိုင်ငံတော်ဘဏ်တွေရဲ့ ဆောင်ရွက်ချက်တွေကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** ဝန်ကြီးဌာနမှာ ဌာနအဖွဲ့အစည်းပေါင်း (၂၄)ခုရှိတဲ့အနက် ဘဏ္ဍာရေး အပိုင်းမှာ ဌာနအဖွဲ့အစည်းပေါင်း (၁၃)ခုရှိပါတယ်။ ဌာနအဖွဲ့အစည်းတွေရဲ့ အကြောင်းကို အကျဉ်းချုပ်ပြီး ရှင်းပြလိုပါတယ်။

ဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်ပိုင် ဘဏ်ကြီး (၄)ခု ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံမှရရှိတဲ့ အဆင့် ၂ ဆင့် ချေးငွေ (Two Step Lone)ကို နိုင်ငံအတွင်းက အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် အတိုးနှုန်းသက်သာပြီး ချေးငွေသက်တမ်း ကြာရှည်တဲ့ချေးငွေတွေကို အရှိန်အဟုန် တိုးမြှင့်ပြီး ထုတ်ချေးပေးလျက်ရှိပါတယ်။

**မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ချေး**

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် MSMEs Two Step Lone ချေးငွေတွေကို အတိုးနှုန်း ၈ ရာခိုင်နှုန်းနဲ့ ချေးငွေသက်တမ်း (၃)နှစ်မှ (၅)နှစ် ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၀၀ အထိ ရရှိနိုင်တဲ့ ချေးငွေတွေကို တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ အလားတူ အများပြည်သူအပ်ငွေမှ ငွေကျပ်ဘီလီယံ ၂၀၀ ကို သီးသန့်ခွဲပြီး MSMEs လုပ်ငန်းတွေအတွက် အတိုးနှုန်း ၉ ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း (၃) နှစ်မှ (၅)နှစ်အထိ ချေးငွေပမာဏ ငွေကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေးလျက်ရှိပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စပါးသီးနှံ တစ်ဧကကို ငွေကျပ် ၁ သိန်းခွဲနှုန်း၊ အခြားသီးနှံတွေကို တစ်ဧက ငွေကျပ် ၅၀၀၀၀ နှုန်း တိုးမြှင့်ထုတ်ချေးပေးခဲ့ပါတယ်။ ဒါ့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေဖြစ်တဲ့ ဂျပန်နိုင်ငံမှ ချေးငွေရယူပြီး ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ထွန်စက်၊ စပါးရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ စပါးအခြောက်ခံစက်တွေစတဲ့ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်မယ့် အခြေခံတွေကို ဂျပန်နိုင်ငံက ချေးငွေစနစ်နဲ့ ဝယ်ယူနိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ မြန်မာ့စီးပွားရေးဘဏ်က သီးခြားချေးငွေ



MSMEs ချေးငွေထုတ်ချေးထားသည့် သောက်ရေသန့်လုပ်ငန်းကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ရယူပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေအတွက် အတိုးနှုန်း သက်သာတဲ့ ချေးငွေတွေကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

**မေး။ ။** အာမခံလုပ်ငန်းအတွက် တိုးတက်ဆောင်ရွက်ထားရှိမှုကို သိလိုပါတယ်။

**ဖြေ။ ။** အာမခံလုပ်ငန်းနှင့် ပတ်သက်၍ အာမခံအမျိုးအစားသစ်ဖြစ်တဲ့ တောင်သူလယ်သမား အသက်အာမခံအသစ်တွေ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ အာမခံလုပ်ငန်းကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံခြားအာမခံကုမ္ပဏီတွေကို ပြည်တွင်းမှာ လာရောက်လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံခြားသားရာနှုန်းပြည့်ပိုင် အသက်အာမခံကုမ္ပဏီ (၅) ခုကို ခွင့်ပြုနိုင်ခဲ့ပါတယ်။ ဒါ့ပြင် အာမခံဖက်စပ်ကုမ္ပဏီ (၃)ခုနဲ့ အထွေထွေ အာမခံဖက်စပ်ကုမ္ပဏီ (၃)ခုကို ခွင့်ပြုခဲ့ပါတယ်။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အာမခံလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲသူအဖြစ် တာဝန်ယူပြီး လိုအပ်တဲ့ ဥပဒေပြင်ဆင်ခြင်း၊ စည်းမျဉ်းစည်းကမ်းထုတ်ပြန်ခြင်း၊ ညွှန်ကြားချက် ထုတ်ပြန်တာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။** အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍကနေ ဝန်ဆောင်မှုပေးအပ်နေတဲ့ လုပ်ငန်းတွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။

**ဖြေ။ ။** ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကနေ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေ(Micro Finance)ကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါတယ်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းပေါင်း ၁၈၃ ဖွဲ့အထိ ရှိလာပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့အပြားမှာ လူဦးရေ ၄ သန်းခွဲလောက်ကို အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

**မေး။ ။** နိုင်ငံအတွက်ဘဏ္ဍာရေးမူဝါဒတွေကို ဖော်ဆောင်ပေးနေမှုကို သိပါရစေ။

**ဖြေ။ ။** ဘဏ္ဍာရေးမူဝါဒကို ဖော်ဆောင်ပေးတဲ့ ဌာနကြီးတွေရှိပါတယ်။ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနဲ့ အကောက်ခွန်ဦးစီးဌာနတို့ ဖြစ်ပါတယ်။ ဒီဌာနတွေဟာ နိုင်ငံတော်အတွက် ရငွေတွေကို ရှာဖွေပေးပြီး ဝန်ကြီးဌာန အသီးသီးက အသုံးစရိတ်တွေကို ခွဲဝေပေးရတဲ့ ဌာနတွေဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ ဘဏ္ဍာရေးမူဝါဒနှင့်အညီ နိုင်ငံတော်ရဲ့ အရအသုံးတွေကို စီမံခန့်ခွဲပေးရတဲ့ ဌာနတွေဖြစ်ပါတယ်။

အထူးသဖြင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှာ ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး စတဲ့ အသုံးစရိတ်တွေကို တိုးမြှင့်ပေးလျက်ရှိပြီး နိုင်ငံတော်မှာ လိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်၊ လမ်း၊ တံတား၊ ရေနဲ့ မီး ကဏ္ဍတို့မှာ အသုံးစရိတ်တွေကို တိုးမြှင့်ပြီး သုံးစွဲပေးလျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း PFM Academy ကို ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒီသင်တန်းကျောင်းမှာ ပြည်သူ့ဘဏ္ဍာရေးနဲ့ဆိုင်တဲ့ ဘတ်ဂျက်သင်တန်း၊ စီမံကိန်းသင်တန်းနဲ့ ကြွေးမြီစီမံခန့်ခွဲမှုသင်တန်း စတဲ့ သင်တန်းတို့ကို ပြည်တွင်းပြည်ပ နည်းပြတွေနဲ့ သင်ကြားပို့ချပေးဖို့ စီစဉ်ထားပါတယ်။ အနာဂတ်ကာလမှာ နိုင်ငံတော်ရဲ့ ဝန်ထမ်းတွေ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်တွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။** အခွန်ထမ်းသူကိုယ်တိုင် အခွန်စည်းကြပ်ခံယူတဲ့ စနစ်အဖြစ် ကူးပြောင်းနိုင်ရေး ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်ရှင့်။



မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ JICA, Two Step Loan ဖြင့် ထုတ်ချေးသည့် စက်ကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။

**ဖြေ။ ။** ပြည်တွင်းအခွန်များ ဦးစီးဌာနက လက်ရှိကျင့်သုံးနေတဲ့ အခွန်ရုံးက စည်းကြပ်သည့်စနစ်(Official Assessment System)မှ အခွန်ထမ်းကိုယ်တိုင် အခွန်ကျသင့်မှုကို စည်းကြပ်ခံယူသည့်စနစ်(Self-Assessment System) ကို ကူးပြောင်းရန်အတွက် ရုံးသစ်တွေကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ယခု အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး Last Taxpayer Office (LTO)ရုံး (၁)ရုံးနဲ့ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး Medium Taxpayer Office (MTO)ရုံး (၅)ရုံးအထိ ဖွင့်လှစ်ခဲ့ပြီး ရုံးအမှတ် (၅)ကို မန္တလေးမြို့မှာ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ လာမည့်ကာလတွင် အခွန်ပေးဆောင်သော စနစ်ကို Self-Assessment System အဖြစ် ကူးပြောင်းနိုင်အောင် ICT နည်းပညာနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။** အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်တွေကို သိပါရစေ။

**ဖြေ။ ။** အကောက်ခွန်ဦးစီးဌာနက မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System – MACCS) စနစ်ကို ၂၀၁၆–၂၀၁၇ ခုနှစ် ကတည်းက ရန်ကုန်တွင် တပ်ဆင်ခဲ့ပြီး ဆိပ်ကမ်းတွေနဲ့ လေဆိပ်တို့၌ အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်တွေကို လျင်မြန်သွက်လက်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တွေရဲ့ ထောက်ခံအားပေးမှုတွေ ရရှိခဲ့ပါတယ်။ သူတို့အတွက် အချိန်ကုန်သက်သာစေတဲ့အပြင် စရိတ်ကုန်ကျမှု သက်သာအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီစနစ်ကို ထိုင်း–မြန်မာ နယ်စပ် မြဝတီတွင် သွားရောက်တပ်ဆင်ခဲ့ပြီး ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်းမှာ တရုတ်–မြန်မာနယ်စပ် မူဆယ်တွင် သွားရောက်တပ်ဆင်ရန်ရှိပါတယ်။

**မေး။ ။** အခွန်အယူခံ ကိစ္စရပ်တွေအတွက် ပိုမိုအားဖြည့်ဆောင်ရွက်နေတာကို ရှင်းပြပေးပါဦးရှင့်။

**ဖြေ။ ။** အခွန်အယူခံခုံအဖွဲ့ရုံးအနေနဲ့ ဒီနှစ်အတွင်းမှာ အခွန်အယူခံခုံအဖွဲ့ ဥပဒေအသစ်ကို လွှတ်တော်ကနေ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဥပဒေအသစ်နဲ့အတူ ပေါ်ပေါက်လာမယ့် အခွန်အယူခံခုံအဖွဲ့ရုံးအတွက် တိုးချဲ့ဖွဲ့စည်းထားတဲ့ ရုံးအသစ်ကို နေပြည်တော်မှာ ရုံးမြေနေရာရရှိပြီး တည်ဆောက်လျက်ရှိပါတယ်။ ပြီးစီးပါက အခွန်အယူခံကိစ္စရပ်တွေ ဆောင်ရွက်သွားမှာဖြစ်ပြီး ပြည်သူတွေက တင်ပြလာတဲ့ အခွန်အယူခံမှုတွေကို ကြားနာစီရင်ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။** ကိုဗစ်–၁၉ ကြောင့် စီးပွားရေးအပေါ် ထိခိုက်နိုင်မှုတွေအတွက် တုံ့ပြန်ဆောင်ရွက်နေမှုတွေကို သိပါရစေရှင့်။

**ဖြေ။ ။** လက်ရှိ ဆောင်ရွက်မှုအနေနဲ့ ကိုဗစ်–၁၉ ဂယက်ကြောင့် နိုင်ငံ့စီးပွားရေးအပေါ်မှာ သက်ရောက်မှုတွေ ရှိပါတယ်။ စီးပွားရေးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုတွေ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အနေနဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကနေ ငွေကျပ်ဘီလီယံ ၅၀ နဲ့ လူမှုဖူလုံရေးရန်ပုံငွေ ငွေကျပ်ဘီလီယံ ၅၀ စုစုပေါင်း ငွေကျပ်ဘီလီယံ ၁၀၀ မတည်ပြီး စီးပွားရေးဆိုင်ရာ ထိခိုက်မှုအများဆုံးခံစားရတဲ့ အထည်ချုပ်လုပ်ငန်းတွေ(CMP)၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေနဲ့ MSMEs လုပ်ငန်းတွေကို အတိုးနှုန်းသက်သာစွာနဲ့ တစ်နှစ်ကို (၁) ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း (၁)နှစ် ပေးအပ်မယ့် ကုစားရေးချေးငွေတွေကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး မကြာခင်ထုတ်ပေးရန် စီစဉ်နေပါတယ်။

ပို့ကုန်အတွက် ကြိုတင်ခွန်ကို ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးထားပါတယ်။ အခွန်ပေးဆောင်တဲ့ ကာလကို ၃ လတစ်ကြိမ် ပေးဆောင်ရမယ့်အစား နှစ်ကုန် စက်တင်ဘာလအထိ ရွှေ့ဆိုင်းပေးဆောင်ရန် ခွင့်ပြုပေးထားပါတယ်။ အကောက်ခွန်အနေနဲ့ ဆိပ်ကမ်းတွေ၊ လေဆိပ်တွေ၊ ကျန်းမာရေးနှင့် သက်ဆိုင်တဲ့ ပစ္စည်းတွေ တင်သွင်းရင် အချိန်နဲ့တစ်ပြေးညီ မြန်ဆန်စွာရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံခြားအကူအညီရရှိရန် ကမ္ဘာ့ဘဏ်၊ ADB နဲ့ IMF စတဲ့ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။ ရှေ့အနာဂတ်မှာ ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ စီးပွားရေးဆိုင်ရာ သက်ရောက်မှုတွေကို အကောင်းဆုံး တုံ့ပြန်နိုင်အောင်၊ စီးပွားရေးကဏ္ဍမှာ သက်ရောက်မှု အနည်းဆုံးဖြစ်အောင် ကိုဗစ်–၁၉ အလွန်ကာလမှာ စီးပွားရေးကဏ္ဍ အရှိန်အဟုန်နဲ့ ပြန်လည်ဖွံ့ဖြိုးလာအောင် ဘဏ္ဍာရေးမူဝါဒတွေနဲ့ ပေါင်းစပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်အနေနဲ့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေကနေ ငွေကျပ်ဘီလီယံ ၅၀ နဲ့ လူမှုဖူလုံရေးရန်ပုံငွေ ငွေကျပ်ဘီလီယံ ၅၀ စုစုပေါင်း ငွေကျပ်ဘီလီယံ ၁၀၀ မတည်ပြီး စီးပွားရေးဆိုင်ရာ ထိခိုက်မှုအများဆုံးခံစားရတဲ့ အထည်ချုပ်လုပ်ငန်းတွေ(CMP)၊ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေနဲ့ MSMEs လုပ်ငန်းတွေကို အတိုးနှုန်းသက်သာစွာနဲ့ တစ်နှစ်ကို (၁)ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း (၁)နှစ် ပေးအပ်မယ့် ကုစားရေးချေးငွေတွေကို စီစဉ်ဆောင်ရွက်လျက်ရှိ**

**ဦးဆက်အောင် (ဒုတိယဝန်ကြီး)**

**မေး။ ။** အမျိုးသား စီမံကိန်းဆိုင်ရာ ချိတ်ဆက်မှုအပိုင်းတွေကို သိပါရစေရှင့်။

**ဖြေ။ ။** National Planning က ဌာနပေါင်းများစွာနဲ့ ချိတ်ဆက်ရပါတယ်။ ပထမဆုံးက National Planning ဆောင်ရွက်တဲ့အခါ Budget နဲ့ ချိတ်ဆက်ရသလို Treasury အပိုင်းနဲ့လည်း ချိတ်ဆက်ရပါတယ်။ National Planning မှာ အဓိက Economic Development စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့အတွက် အရေးပါတဲ့ Industrial Development အပိုင်းနဲ့ ချိတ်ဆက်ရပါတယ်။ ဒါ့ပြင် Finance၊ Industry နဲ့ Agriculture Develop-

အထူးကဏ္ဍ [ ဃ ] သို့ »»»



MACCS စနစ်ဖြင့် ထုတ်ကုန်/သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ment အပိုင်းတွေနဲ့ ချိတ်ဆက်ရပါတယ်။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ပြီး အရေးပါသော Infrastructure Development အပိုင်းကို ချိတ်ဆက်ရပါတယ်။ Economic Development ရဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍမှာပါဝင်တဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ (MSMEs)နဲ့သက်ဆိုင်တဲ့ ဌာနတွေကို ချိတ်ဆက်ရပါတယ်။ Economic Development သာမက တည်ငြိမ်မှုကိုလိုအပ်တဲ့ Economic Stability နဲ့ပတ်သက်တဲ့ ကဏ္ဍတွေနဲ့လည်း ချိတ်ဆက်ရပါတယ်။ ဥပမာ– Economic Stability မှာ အရေးပါတဲ့ Fiscal Policy အပိုင်းကို အထူးပြုဆောင်ရွက်နေတဲ့ အခွန်ဌာနနဲ့ ချိတ်ဆက်ရသလို Monetary Policy အပိုင်းအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့လည်း ချိတ်ဆက်ရပါတယ်။

**မေး။ ။ နိုင်ငံတော် ဝင်ငွေတိုးတက်စေဖို့ ဌာနရဲ့ ကြိုးပမ်းမှုတွေဖြစ်တဲ့ အမျိုးသားစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။ ။** National Planning ရဲ့ အဓိက ဆောင်ရွက်တဲ့ကိစ္စက နိုင်ငံတော်ရဲ့ ဝင်ငွေတိုးတက်စေရန် ဘယ်ပုံစံမျိုးနဲ့ တိုးတက်အောင် ဆောင်ရွက်မှာလဲ၊ နိုင်ငံတော်အသုံးစရိတ်တွေ ထိထိရောက်ရောက်ဖြစ်စေဖို့ ဘယ်လိုပုံစံမျိုးနဲ့ ဆောင်ရွက်ရမလဲဆိုတာကို ဖော်ထုတ်ပြီး National Planning မှာ အဓိက ရေးဆွဲရပါတယ်။

Myanmar Sustainable Development Plan ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် National Planning ပိုင်းက ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဥပမာ– စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တစ်ခုတည်း မဟုတ်ဘဲ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနဲ့ ငြိမ်းချမ်းရေးစတဲ့ အားလုံးဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေဖို့ National Strategy ကို အဓိက ရေးဆွဲရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် Planning နဲ့ Budget ချိတ်ဆက်မှုကို အားကောင်းအောင် ဆောင်ရွက်ရပါတယ်။ အဓိက နိုင်ငံတော်ကသွားချင်တဲ့ Planning Direction နဲ့အညီ Government Expenditure တွေသုံးတဲ့အခါမှာ တစ်ခါတလေ Ad-hoc solution တွေကို မသုံးမိဖို့၊ နိုင်ငံတော်ရဲ့ Strategic Direction အတိုင်းကို ဆောင်ရွက်နိုင်ဖို့၊ Budgeting, Government expenditure နဲ့ Strategic Direction ပိုင်းကို ထိမိဖို့ အဓိက ဆောင်ရွက်ရတဲ့ အခြေအနေဖြစ်ပါတယ်။ Myanmar Sustainable Development နဲ့ကိုက်ညီတဲ့ မဟာဗျူဟာမြောက်တဲ့ စီမံကိန်းတွေကို ပိုမို အကောင်အထည်ဖော် ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

**မေး။ ။ Project Data Bank ဆောင်ရွက်နေမှုကို သိပါရစေ။**

**ဖြေ။ ။** လက်ရှိအောင်မြင်မှုတွေမှာ Project Data Bank ဝက်ဘ်ဆိုက်တစ်ခုကို တည်ထောင်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ အဓိကဆောင်ရွက်ဖို့ လျာထားတဲ့ Strategic Project အားလုံးကို One Stop Information Center အဖြစ် Web Portal မှာ တင်ထားပြီးဖြစ်ပါတယ်။ အဓိက စီမံချက်တွေကို အကောင်အထည်ဖော်ရာမှာ ပွင့်လင်းမြင်သာတဲ့ Government Procurement System တွေနဲ့ ဆောင်ရွက်နိုင်ဖို့ အဓိကဖြစ်ပါတယ်။ ဒါကြောင့် National Planning ရဲ့ ဆောင်ရွက်ရတဲ့အချက်က Transparent ဖြစ်ပြီး Predictable ဖြစ်တဲ့ ဝန်းကျင်တွေကို ဖန်တီးပေးရခြင်း ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတော်အတွက် စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါ ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်ဆုံးဖြတ်ပြီး နည်းလမ်းဖွေရှာပေးနေလဲဆိုတာ သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** နိုင်ငံတော်ရဲ့ Policy Direction ဖြစ်တဲ့ MSDP ကို အကောင်အထည်ဖော်တဲ့အခါ အဓိက အရေးကြီးတဲ့အချက် ၂ ချက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ ဗျူဟာမြောက် စီမံကိန်းတွေကို အကောင်အထည်ဖော်ရာမှာ Public Investment (Government Budget)နဲ့ အကောင်အထည်ဖော်မှာလား၊ နိုင်ငံတကာအကူအညီ Development Assistant တွေနဲ့ အကောင်အထည်ဖော်မှာလား၊ Private Sector နဲ့ပူးပေါင်းပြီး Private Public Partnership ပုံစံမျိုးနဲ့ အကောင်အထည်ဖော်မှာလား ဆိုတဲ့ကိစ္စတွေကို အဓိက ဆောင်ရွက်ရပါတယ်။

ဘယ်လိုစီမံကိန်းတွေကို ဘတ်ဂျက်နဲ့ ဆောင်ရွက်သင့်သလဲ၊ ဘယ်လိုစီမံကိန်းကို ဖြတ်သင့်သလဲ စတဲ့ အဓိက Criteria တွေကို National Planning အပိုင်းက ပေးရတာ ဖြစ်ပါတယ်။ National Planning အပိုင်းက ပေးတဲ့ Criteria တွေက National Strategic Direction အပေါ် အခြေခံတဲ့ Criteria တွေ ဖြစ်တဲ့အတွက် ဘယ်လိုစီမံကိန်းမျိုးကို နိုင်ငံတော်အနေနဲ့ Public Investment လုပ်သင့်တယ်၊ ဘယ်လိုစီမံကိန်းမျိုးကို မလုပ်သင့်ဘူး။ ဥပမာ– Commercially Viable ဖြစ်တဲ့ စီမံကိန်းတွေဆိုရင် Private Sector နဲ့သွားသင့်တယ်(သို့မဟုတ်) Commercially Viable မဖြစ်တဲ့ စီမံကိန်းတွေဆိုရင် Development Assistance နဲ့ သွားသင့်တယ်ဆိုတာကို National Planning အပိုင်းက သက်ဆိုင်တဲ့ Analysis တွေ ဆောင်ရွက်ဆုံးဖြတ်ပေးရတာ ဖြစ်ပါတယ်။

Implementation ပိုင်းမှာ ဘယ်ဝန်ကြီးဌာနက ဘယ်လောက်အထိ National Strategic Direction အတိုင်း ဆောင်ရွက်နေသလဲ၊ မဆောင်ရွက်ဘူးလဲဆိုတာ Monitor လုပ်နိုင်ဖို့ကို ဝန်ကြီးဌာနတွေသုံးစွဲတဲ့ Budget Spending နဲ့ချိတ်ပါတယ်။ ဥပမာ – ဝန်ကြီးဌာနတစ်ခုအနေနဲ့ သူ့ရဲ့ Budget Spending က Ad-hoc solution တွေအတွက် များနေမယ်ဆိုရင် National Strategic Project တွေမှာသုံးတဲ့ Budget Spending ရာခိုင်နှုန်း တစ်ခုကို တွက်ချက်ပြီး ဝန်ကြီးဌာနတစ်ခုချင်း ဘယ်လောက်ရာခိုင်နှုန်း Strategic Direction တွေကို အကောင်အထည်ဖော်နေတယ်ဆိုတာ သိနိုင်ပါတယ်။ ဝန်ကြီးဌာန တစ်ခုချင်းစီအတွက် Strategic Project တွေကို အကောင်အထည် မဖော်နိုင်တဲ့ ရာခိုင်နှုန်းတွေကို တွက်ချက်ပြီး မြန်မာနိုင်ငံရဲ့ Strategic Direction တွေကို အကောင်အထည်ဖော်ရာမှာ အားနည်းတဲ့ ဝန်ကြီးဌာနတွေနဲ့ အားကောင်းတဲ့ ဝန်ကြီးဌာနတွေဆိုတာကို ဖော်ထုတ်ပြီး MSDP ကို အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။

ဒ့ါပြင် MSDP မှာပါတဲ့ အဓိက စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါ Monitoring System အရေးကြီးပါတယ်။ ဒါကို ဆောင်ရွက်နိုင်ဖို့ National Indicator Framework တွေကို ဖော်ထုတ်ပြီးဖြစ်ပါတယ်။ MSDP မှာ Action Plan ၂၅၁ ခုရှိပါတယ်။ ဒီ Action Plan တွေ ဆောင်ရွက်မှုကို တိုင်းတာနိုင်ဖို့ Indicator ၂၈၆ ခုဖော်ထုတ်ပြီးဖြစ်ပါတယ်။ Indicators တွေ ကြည့်ပြီး ဘယ်ဌာနတွေက ဘယ်လောက်အထိ National Strategic Direction ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်လဲဆိုတဲ့ Monitoring တွေကို ဆောင်ရွက်ရပါတယ်။

## ဒေါက်တာမင်းရဲပိုင်ဟိန်း (ဒုတိယဝန်ကြီး)

**မေး။ ။ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံတွေကို အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်နေမှုတွေကို သိရှိလိုပါတယ်။**

**ဖြေ။ ။** စက်မှုကဏ္ဍအနေနဲ့ နိုင်ငံပိုင် စက်ရုံနဲ့ အလုပ်ရုံတွေကို ဈေးကွက်စီးပွားရေးအရ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံများ အသွင်ကူးပြောင်းရေးဗဟိုအဖွဲ့ (Central Transformation Unit-CTU)ကို ဖွဲ့စည်းထားပါတယ်။ CTU က မူဝါဒတွေ ရေးဆွဲပြုစုတာ၊ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အလေ့အကျင့် ကောင်းတွေနဲ့အညီ နိုင်ငံပိုင်စက်ရုံတွေကို အသွင်ကူးပြောင်းနိုင်ရေးအတွက် လိုအပ်တဲ့ လေ့လာဆန်းစစ်မှုတွေကို စနစ်တကျ ဆောင်ရွက်နေပါတယ်။

ပုဂ္ဂလိကကဏ္ဍ တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)ကို EOI ခေါ်ယူထားပြီး ဦးစားပေးရွေးချယ်ထားတဲ့ နိုင်ငံပိုင်စက်ရုံနဲ့ အလုပ်ရုံတွေကို ပုဂ္ဂလိကနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ စက်မှုကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ မဟာဗျူဟာတွေ ဘယ်လိုရေးဆွဲ အကောင်အထည်ဖော်နေတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** မူဝါဒအနေနဲ့ UNIDO ရဲ့ အထောက်အပံ့နဲ့ ၂၀၁၇ ခုနှစ်မှာ ရေးဆွဲထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာကို Myanmar Sustainable Development Plan (MSDP) နဲ့ Myanmar Investment Promotion Plan (MIPP)စတဲ့ မဟာဗျူဟာမြောက် အစီအစဉ်တွေနဲ့ ချိတ်ဆက်ပြီး လက်ရှိ စီးပွားရေး၊ လူမှုရေးနဲ့ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွေကို ထင်ဟပ်စေနိုင်ရန် ပြန်လည်ပြင်ဆင် ရေးသားလျက်ရှိပါတယ်။

### ဆန်းသစ်တီထွင်မှုကိုအားပေး

တီထွင်စွန့်စားမှုကို အခြေခံတဲ့ စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် Myanmar Sustainable Development Plan(MSDP) ရဲ့ ခေတ်မီတိုးတက်တဲ့ နိုင်ငံဖြစ်လာရေးကို အထောက်အပံ့ဖြစ်စေမယ့် ဖန်တီးမှုနဲ့ ဆန်းသစ်တီထွင်မှုကို ပိုမိုတွန်းအားပေးရေးဆိုတဲ့ မဟာဗျူဟာနဲ့အညီ National Innovation Policy ကို ရေးဆွဲလျက်ရှိပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်တဲ့နေရာမှာ MSMEs Master Plan ကို မကြာမီမှာ ထုတ်ပြန်နိုင်ဖို့ စီစဉ်ထားပြီး မဟာဗျူဟာ ရေးဆွဲရေးနဲ့ လုပ်ငန်းစဉ်တွေချမှတ်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအလိုက် ကျင်းပပြီး လုပ်ငန်းစဉ်တွေ ရေးဆွဲလျက်ရှိပါတယ်။

မော်တော်ယာဉ် စက်မှုကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့ ၂၀၁၉ ခုနှစ် မေလမှာ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကို သတ်မှတ်ထုတ်ပြန်နိုင်ခဲ့ပါတယ်။ စက်မှုလုပ်ငန်းတွေ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ စက်မှုဇုန်တွေ အောင်မြင်စွာ အကောင်အထည်ဖော်ဖို့အတွက် စက်မှုဇုန်ဥပဒေကို လွှတ်တော်ကို တင်ပြခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

မော်တော်ယာဉ်သုံးပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းတွေ ထုတ်ပြန်သတ်မှတ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပြည်သူတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းဖို့၊ စံချိန်စံညွှန်း ပြည့်ဝတဲ့ လျှပ်စစ်နဲ့ အီလက်ထရွန်နစ်ထုတ်ကုန်ပစ္စည်းတွေကို အသုံးပြုနိုင်စေဖို့ စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာဥပဒေအရ မြန်မာစံချိန်စံညွှန်း အခု ၅၀ ကို အတည်ပြုပြဋ္ဌာန်းထားပြီး ၆၈ ခုကို ထပ်မံပြဋ္ဌာန်းနိုင်ဖို့အတွက် ပြုစုနေပြီဖြစ်ပါတယ်။

သံနဲ့ သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းတွေအတွက် မြန်မာနိုင်ငံ အမျိုးသားအဆင့် သံနဲ့ သံမဏိဆိုင်ရာ အရည်အသွေးနဲ့ စံချိန်စံညွှန်းများ သတ်မှတ်ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စွမ်းအင်အကျိုးရှိအောင် သုံးစွဲနိုင်ဖို့အတွက် စွမ်းအင်အကျိုးရှိ ထိရောက်စွာ သုံးစွဲရေးနှင့် ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)နဲ့ Energy Conservation Guideline တွေ ပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲလျက်ရှိပါတယ်။ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေရဲ့ Minimum Energy Performance Standard (MEPS)နဲ့ Labeling စနစ် အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်နေပါတယ်။

**မေး။ ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ စက်မှုနည်းပညာ တိုးတက်လာစေဖို့ ဆောင်ရွက်မှုတွေကို သိပါရစေ။**

**ဖြေ။ ။** စက်မှုသင်တန်းကျောင်း ၆ ကျောင်းကို နိုင်ငံတကာ အထောက်အပံ့တွေနဲ့ ဖွင့်လှစ်ထားသလို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရစေဖို့ သထုံမြို့နဲ့ မုံရွာမြို့တွေမှာ ထပ်မံဖွင့်လှစ်သွားဖို့ ရှိပါတယ်။ စက်မှုသင်တန်းကျောင်းတွေကနေ စက်မှုကျွမ်းကျင်လုပ်သား ၁၀၀၀ ခန့်ကို နှစ်စဉ်မွေးထုတ်ပေးနေပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် Mobile Vocational သင်တန်းအကြိမ် ၂၀ အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၉၂၂ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။

Industrial Revolution 4.0 ကို သွားနိုင်ဖို့အတွက် လိုအပ်တဲ့ Artificial Intelligence (AI)and Machine Learning ဆိုင်ရာ နည်းပညာတွေ ဖွံ့ဖြိုးလာဖို့ သင်တန်းတွေ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ စက်မှုကဏ္ဍ အသွင်ကူးပြောင်းဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအတွက် ဆောင်ရွက်ပေးနေမှုတွေကို ပြောပြပေးပါဦးရှင့်။**

**ဖြေ။ ။** MSMEs လုပ်ငန်းရှင်တွေကို SME Member Card Online Registration နဲ့ e-Payment System တွေကို အွန်လိုင်းကနေ ဝင်ရောက်လျှောက်ထားနိုင်ဖို့ စီစဉ်ထားသလို MSMEs တွေ ဖွံ့ဖြိုးတိုးတက်ဖို့ကို အထောက်အကူပြုနိုင်အောင် ချေးငွေရရှိဖို့ကိုလည်း ကူညီပေးလျက်ရှိပါတယ်။

စက်မှုကဏ္ဍကို ပုဂ္ဂလိက အသွင်ကူးပြောင်းဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်တာတွေကို ပွင့်လင်းမြင်သာစွာနဲ့ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို ဝန်ကြီးဌာနက မူဝါဒ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ကြပ်မတ်ထိန်းကျောင်းပေးတဲ့ Regulatory တာဝန်ကို ထိထိရောက်ရောက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်ခင်ဗျာ။



Tramadol Injection/Capsule


Salbutamol Inhalation Solution



Iron Folate


Methadone Syrup


Doxycycline Capasule



Piracetam Injection



Amoclox Amoxicillin (250 mg) & Flucoxacillin (250 mg) Injection

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သည့် ဆေးဝါးအမယ်သစ်များကို တွေ့ရစဉ်။



မြွေဟောက်အဆိပ်ဖြေဆေးအေးခဲခြောက်



မြွေပွေးအဆိပ်ဖြေဆေးအေးခဲခြောက်